# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဝမ်းမြောက်ရစ်၏**

ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။
တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။
ပစ္စုပ္ပန်တမလွန်ဘဝ နှစ်တန်၌လည်း ဝမ်းမြောက်ရ၏။
ထိုကောင်းမှုပြုသူသည် မိမိ၏စင်ကြယ်သောကံကို
သိမြင်ရ၍ ဝမ်းမြောက်ရ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၁၆)


၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၆ ရက် ကြာသပတေးနေ့ | 12, Thursday May 2016 | (၈၅၅၉)




## ပြန်လည်ထွက်ခွာမည့် ရုရှားသံအမတ်ကြီးအား
# နိုင်ငံတော်သမ္မတ ဦးထင်ကျော် တွေ့ဆုံ

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရုရှားသံအမတ်ကြီး မစ္စတာ ဗာစီလီ ဘီ ပေါ့စ်ပီလော့ဗ်နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ အဆင့်မြင့်ကိုယ်စားလှယ်များ ချစ်ကြည်ရေးခရီး အပြန်အလှန်သွားရောက်မှုနှင့် ပညာတော်သင်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရုရှားသံအမတ်ကြီး မစ္စတာ ဗာစီလီ ဘီ ပေါ့စ်ပီလော့ဗ်အား နိုင်ငံတော်သမ္မတအိမ်တော်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

# နည်းပညာပြောင်းလဲမှုများအသုံးပြု၍ ငါးသားဖောက်ကောင်ရေ တစ်သိန်းထုတ်လုပ်မည်

သတင်းနှင့်ဓာတ်ပုံ - ဇော်ကြီး(ပဏီတ)

**ရန်ကုန် မေ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လေးထောင့်ကန်ငါးလုပ်ငန်းစခန်း၌ နည်းပညာပြောင်းလဲမှုများကို အသုံးပြု၍ ရက် ၁၀၀ စီမံချက်တွင် ငါးသားဖောက်ကောင်ရေ တစ်သိန်း ထုတ်လုပ်မည်ဖြစ်ကြောင်း အဆိုပါ ငါးလုပ်ငန်းစခန်း တာဝန်ခံ( ဦးစီးအရာရှိ) ဦးရဲထွန်းနိုင် က ပြောသည်။

“ရက် ၁၀၀ စီမံကိန်းအတွက်ဆိုရင် အထွက်နှုန်းကောင်းမွန်အောင် ငါးမျိုးစိုက်ထည့်ဖို့ နဲ့ မျိုးရောင်းချပေးနိုင်အောင် အဓိကအခြေလုပ်ငန်းဖြစ်တဲ့ ငါးဆေးထိုးသားဖောက်ခြင်းလုပ်ငန်းရယ်၊ ငါးမှုန် ငါးသန်ပြုစုခြင်းလုပ်ငန်းတွေကိုဆောင်ရွက်နေပြီဖြစ်ပါတယ်။ အထွက်နှုန်းကောင်းအောင် မျိုးငါးဆိုရင် သုံးလကြိုတင်ပြုစုထားရှိရပါတယ်။ ရရှိလာတဲ့ငါးမှုန်တွေကို ပြုစုကန်ထဲမှာထားပြီး ရေသွင်းရေထုတ်နဲ့ အစာကျွေးတာတွေကို အရင်နဲ့မတူတဲ့နည်းပညာပြောင်းလဲမှုတွေပြုလုပ်ပြီး အချိန်တိုအတွင်းမှာ အထွက်နှုန်းကောင်းလာအောင် ဆောင်ရွက်နေပါတယ်။ အရင်တုန်းကဆိုရင် ငါးမြစ်ချင်းတစ်ခါပြုစုရင် ၄၅ ရက်ကြာပါတယ်။အခုဆိုရင် ၁၈ ရက်လောက်အကြာမှာ ငါးသန်အဆင့်ရောင်းလို့ရအောင်နည်းပညာတွေပြောင်းလဲပြီးထုတ်လုပ်နေပါပြီ“ ဟု ၎င်းက ပြောသည်။

အဆိုပါ ငါးလုပ်ငန်းစခန်းတွင် ငါးမွေးမြူရေး တောင်သူများ၏ လိုအပ်သော ငါးအမျိုးအစားအပေါ်မူတည်၍ ရာသီချိန်အလိုက် ငါးအမျိုးအစားကိုးမျိုးကို အဓိကထား ဖောက်လုပ်မွေးမြူရောင်းချပေးလျက်ရှိရာ ယခုရက် ၁၀၀ စီမံချက်အတွင်း ငါးသားဖောက် ထုတ်လုပ်မှုအနေဖြင့် ငါးသားဖောက်အကောင်ရေ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**



လေးထောင့်ကန် ငါးလုပ်ငန်းစခန်းတွင် မေ ၁၁ ရက် နံနက်ပိုင်းက ငါးသားဖောက်ရန် ငါးများကိုပိုက်ဆွဲနေသည်ကိုတွေ့ရစဉ်။




ကြေးမုံ

# အာဟာရပြည့်ဝ အရင်းအမြစ်လှ

တစ်ချိန်သော စစ်အတွင်းကာလက "ဂျပန်ငပု" ဟူသော အရပ်စကား ရှိခဲ့ဖူးသည်။ ထိုအချိန်က မြန်မာများက ဂျပန်များထက် အရပ်မြင့် ထွားကြိုင်းသောကြောင့် ဆိုခဲ့ဟန်တူသည်။ ယခုမူထိုသို့မဟုတ်တော့ ပြောင်းပြန်ကောက်ယူရမလိုဖြစ်သည်။ ဂျပန်တို့သာမဟုတ်၊ အခြား နိုင်ငံသားများထက် မြန်မာတို့က သေးညှပ်နေပြီး "မြန်မာငပု၊ မြန်မာ ငပိန်"ဟုပင် ခေါ်ရမလောက်ပင်။

လေ့လာသုံးသပ်မှုမှတ်တမ်းများအရ မြန်မာနိုင်ငံရှိ ငါးနှစ်အောက် ကလေးသုံးဦးလျှင် တစ်ဦးမှာ အရပ်ပုနေပြီး ကလေးငယ်အားလုံး၏ ၇ ဒသမ ၉ ရာခိုင်နှုန်းမှာ ပိန်လှီနေသည်ဟု ဆိုထားသည်။ ထို့အပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ငါးနှစ်အောက် ကလေးသူငယ် ရာခိုင်နှုန်း ၇၀ ခန့်မှာ သွေးအားနည်းရောဂါခံစားနေရသည်ဟုလည်း ပြောထားသည်။

ဤသည်မှာ ငါးနှစ်အောက်ကလေးသူငယ်များ၏ လက်ရှိအခြေ အနေဖြစ်သည်။ ငါးနှစ်အထက်မှ အရွယ်ရောက်ပြီးသူ လူငယ်များကို ကြည့်ပြန်လျှင်လည်း ငါးပေခြောက်လက်မအထက် အရပ်အမောင်း နှင့် ကိုယ်ခန္ဓာနှင့် အလေးချိန်အချိုးအစားမျှတသော လူငယ်ဦးရေ ရာခိုင်နှုန်း နည်းပါးနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုအခြေ အနေမှာ မိမိနိုင်ငံအတွင်း၌မူ အခက်အခဲမရှိသော်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်မည်ဆိုလျှင် မျက်နှာငယ်စရာဖြစ်သည်။

ထိုသို့ဖြစ်ရသည်ကို ပြန်လည်ဆန်းစစ်ကြည့်လျှင် ဆင်းရဲမွဲတေမှုနှင့် လူနေမှုအဆင့်အတန်းနိမ့်ကျခြင်း၏ နောက်ဆက်တွဲဖြစ်သည့် အာဟာရ မပြည့်ဝခြင်းအကျိုးရလဒ်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကလေး ငယ်ဦးရေ တစ်ထောင်လျှင် ၅၂ ရာခိုင်နှုန်းမှာ အာဟာရချို့တဲ့လျက်ရှိပြီး ငါးနှစ်အောက်ကလေး လေးပုံတစ်ပုံမှာ ရေရှည်အာဟာရချို့တဲ့မှုဖြစ်ပေါ် နေကြောင်း စစ်တမ်းများက ပြောထားသည်။ ကလေးငယ်များသာမဟုတ်၊ အရွယ်ရောက်ပြီးသူများလည်း ဆင်းရဲချို့တဲ့မှုနှင့် ဝင်ငွေမလုံလောက်မှုတို့ ကြောင့် လူတစ်ဦးစားသုံးသည့် အစားအစာအာဟာရ လုံလောက်ခြင်းမရှိ သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံရှိလူအများစုအနေဖြင့် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် နေ့စဉ်ရုန်းကန်လှုပ်ရှားနေကြရပြီး ရသည့်ဝင်ငွေမှာ မိသားစုတစ်စု စားလောက်ရန်ဝေးစွ၊ မိမိတစ်ကိုယ်ရေ လောက်ငအောင်ပင် မလွယ်ကူ သော အခြေအနေဖြစ်သည်။ ထို့ကြောင့် လူတစ်ဦး နေ့စဉ်ဘဝရပ်တည်နိုင် ရန်အတွက် ရသည့်ဝင်ငွေဖြင့် အာဟာရပြည့်ဝခြင်းကို မစဉ်းစားနိုင်ဘဲ ဆာလောင်မှုပြေပျောက်ရုံသာ တွက်ချက်စားသုံးနေရသည်။

လူတစ်ဦးရှာဖွေနိုင်မှုဖြင့် မိသားစုတစ်စုစားလောက်သည့် အတိတ်က အကြောင်းအရာများမှာ မျက်မှောက်ကာလတွင် ပုံပြင်ဆန်ဆန်သာ ဖြစ်နေသည်။ ယနေ့လူတိုင်းကိုယ်စီ ရုန်းကန်လုပ်ကိုင်ဝင်ငွေရှာဖွေနေ ရသည့်အကြောင်းအရင်းမှာ ကုန်ဈေးနှုန်းမြင့်မားခြင်း၊ ငွေတန်ဖိုးမရှိခြင်း၏ အကျိုးဆက်အဖြစ် ဝင်ငွေနည်းပါးသော ဆင်းရဲနွမ်းပါးသည့် လူတန်းစား များပြားလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံဆင်းရဲမှုအဆင့်မှာ ၂၆ ရာခိုင်နှုန်းရှိပြီး ကျေးလက်ဒေသ တွင် ဆင်းရဲမွဲတေမှု ရာခိုင်နှုန်းများနေသည်။ လူတစ်ဦးချင်း၏ ခန့်မှန်း ဝင်ငွေမှာ ၇၄၉ ဒေါ်လာမျှသာရှိသောကြောင့် အာရှတွင် မြန်မာနိုင်ငံမှာ ဝင်ငွေအနိမ့်ဆုံးအဆင့် ရောက်နေသည်။ ထို့ကြောင့် ဆင်းရဲမွဲတေမှု လျှော့ချရေးကို အစိုးရအဆက်ဆက် ကြွေးကြော်လုပ်ဆောင်လာခဲ့ သော်လည်း ထူးခြားမှုမရှိသေးသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

ဆင်းရဲမွဲတေမှုနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုမှာ တိုက်ရိုက်သက်ဆိုင်နေသဖြင့် ကလေးငယ်များ၏ အာဟာရချို့တဲ့မှုပြဿနာကို ချက်ချင်းလက်ငင်းဖြေရှင်း ပေးရမည်ဖြစ်သလို ရေရှည်တာဝန်ယူရမည့် လုပ်ငန်းစဉ်လည်း ဖြစ်လာ သည်။ အာဟာရချို့တဲ့မှုပြဿနာကို ချက်ချင်းဖြေရှင်းရာ၌ သက်ဆိုင်ရာ တို့က နွားနို့မကြာမကြာတိုက်ရုံဖြင့် အလုပ်ဖြစ်လိမ့်မည် မဟုတ်ချေ။

ခန္ဓာကိုယ်ဖွံ့ဖြိုးရေးအတွက် လိုအပ်သောအာဟာရဓာတ်ပြည့်ဝစွာ ဖြင့် နေ့စဉ်စားသုံးနိုင်ရန်မှာမူ ဆင်းရဲနွမ်းပါးမှု၏အဓိကလက်သည်ဖြစ်သည့် ကုန်ဈေးနှုန်းမြင့်မားခြင်း၊ ငွေကြေးတန်ဖိုးနည်းပြီး တည်ငြိမ်မှုမရှိခြင်း၊ လူတစ်ဦးချင်းဝင်ငွေ နည်းပါးနေခြင်းတို့ကို ဦးစားပေးဖြေရှင်းရမည် ဖြစ်ပါကြောင်း။ ။

# မြန်မာလူငယ်ပရဟိတအဖွဲ့အစည်း ဖိုရမ်ကျင်းပ



**ရန်ကုန် မေ ၁၁**

မြန်မာလူငယ် ပရဟိတအဖွဲ့အစည်း ဖိုရမ်ကို ယမန်နေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ Sky Star Hotel ၌ ကျင်းပရာ လူငယ်ပရဟိတ အဖွဲ့ အစည်း ၃၂ ဖွဲ့ တက်ရောက်ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ လူငယ်ပရဟိတ အဖွဲ့များ စုစုဝေးဝေးဖြင့် တစ်နေရာ တည်း တွေ့ရှိနိုင်ရန်နှင့် ပရဟိတအဖွဲ့ အချင်းချင်း တစ်ဖွဲ့နှင့် တစ်ဖွဲ့ ဆက်သွယ်မှုများရရှိပြီး ပရဟိတ လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြုလုပ် ရခြင်းဖြစ်ကြောင်း အမျိုးသားစာပေ ဆုရှင် ဆရာကြီး မင်းယုဝေက ပြောကြားခဲ့ခြင်းဖြစ်သည်။

ပရဟိတလုပ်ငန်းများတွင် လူငယ် များ စိတ်ရောကိုယ်ပါ ပါဝင်လာခြင်း သည် တိုင်းပြည်တိုးတက်ရန်အတွက် လမ်းစဖြစ်ကြောင်း၊ ပရဟိတလုပ်ငန်း သည် မေတ္တာ၊ ကရုဏာကို အခြေခံ သော လုပ်ငန်းဖြစ်ကြောင်း၊ လူငယ် များ ပရဟိတလုပ်ငန်းများတွင် ပါဝင်ပြီး လူတန်းစားမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး ကူညီထောက်ပံ့ အားဖြည့်ခြင်းသည် တိုင်းပြည်နှင့် ပြည်သူများအတွက် အထူးအကျိုး ရှိကြောင်း ၎င်းက ပြောသည်။

Youth Donar Community မှ ကိုသိန်းဇော်ဦးက "ပရဟိတအဖွဲ့ အချင်းချင်း နာမည်တော့ကြားဖူး တယ်။ ဘာတွေလုပ်နေတယ် မသိ ဘူး။ အခုလို တစ်စုတစ်ဝေးတည်း လုပ်လိုက်တော့ ပိုပြီးရင်းနှီးမှုရလာ မယ်။ ပညာရေးလုပ်တဲ့အဖွဲ့ဆိုလည်း စုစည်းမိသွားပြီး ပရဟိတအလုပ်ကို ပိုမိုလုပ်ဆောင်လာနိုင်မယ်။ ဒီပွဲက နိုင်ငံရေးပွဲ မဟုတ်ဘူး။ ပရဟိတ အဖွဲ့အစည်းနဲ့ အတွေ့အကြုံတွေ ရှင်းလင်းတဲ့ပွဲပါ"ဟု ပြောသည်။

အခမ်းအနားသို့ တက်ရောက်လာ သည့် ယောလူငယ်အဖွဲ့မှ မောင်တာ ရာကိုကိုမင်းက"ကျွန်တော်တို့ အဖွဲ့ ဖွဲ့တာ တစ်နှစ်လောက်ပဲရှိပါသေး တယ်။ လှုပ်ရှားမှုအနေနဲ့ကတော့ အခု ၂၀ ကျော်လောက်ရှိပါပြီ။ မကွေး တိုင်းဒေသကြီး ချင်းပြည်နယ်အစပ်မှာ ရှိတဲ့ ယောဒေသအတွက်ပဲ အဓိက လုပ်တာပါ။ ယောဒေသတိုးတက်ဖို့ အတွက်ဆို ဘယ်သူနဲ့မဆို လက်တွဲ လုပ်ပါမယ်။ ယောဒေသမှာ လိုအပ် ချက်တွေ အများကြီးရှိပါတယ်။ လိုအပ်တာတွေ ဆောင်ရွက်ဖို့ ပူးပေါင်းချင်ပါတယ်။ အခုလို ပရဟိတ အဖွဲ့တွေ စုံစုံညီညီတွေ့ရတော့ အားရ ကျေနပ်မိပါတယ်"ဟု ပြောသည်။

Youth Donar Community အဖွဲ့သည် အသက် (၂၇) နှစ်အောက် လူငယ်များဖြင့် ဖွဲ့စည်းထားကြောင်း၊ မြို့နှင့် အလှမ်းကွာဝေးသည့် ကျေးရွာ များမှ ကလေးငယ်များ စာတတ် မြောက်ရေးကို အဓိကထားလုပ်ဆောင် နေသော ပရဟိတအဖွဲ့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Youth Donar Community အဖွဲ့မှ နွေရာသီအခမဲ့ အင်္ဂလိပ်စာ သင်တန်းများ ပို့ချပေးပြီး ဘုန်းတော် ကြီးသင် စာသင်ကျောင်းများနှင့် ကျေးရွာရှိ စာသင်ကျောင်းများတွင် စာကြည့်တိုက်များကို တည်ထောင်ဖွင့် လှစ်ပေးလျက်ရှိကြောင်း သိရ သည်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ- ဇော်မင်းလတ်**

# ဓမ္မပါလဖောင်ဒေးရှင်းမှ မျက်စိဝေဒနာရှင်များအား မခွဲစိတ်မီဘုရားဖူးပို့ဆောင်ပြီး ခွဲစိတ်ကုသ

**ပင်လည်ဘူး မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်ရှိ မြို့ပေါ်ကျေးရွာ များမှ မျက်စိဝေဒနာ၊ ဆီးချို၊ သွေးချို နှင့် HIV ဝေဒနာရှင်များအား ကျန်းမာရေး အထောက်အကူပြုရန် အတွက် ဓမ္မပါလဖောင်ဒေးရှင်း ဆေးကုသရေးအဖွဲ့သည် ခရိုင် အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း စစ်ဆေး ကုသမှုပေးခဲ့ရာ ခွဲစိတ်ကုသ ရန်လိုအပ်သော မျက်စိဝေဒနာရှင် များအတွက် ပင်လည်ဘူးမြို့နယ် ပရဟိတလူမှုရေးအသင်း၏ အကူ အညီဖြင့် ရန်ကုန်တိုင်းဒေသကြီး နတ်စင်လမ်း သာခုကျောင်းတိုက် သို့ မေ ၉ ရက်က ရောက်ရှိခဲ့ သည်။

ခွဲစိတ်ကုသမည့် မျက်စိဝေဒနာရှင် များမှာ ပင်လည်ဘူးမြို့နယ်မှ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ကိုးဦးဖြစ်ပြီး အခြားဒေသများမှ လည်း ပါဝင်ရာ စုစုပေါင်း ၂၇ ဦး ဖြစ်သည်။

ခွဲစိတ်ကုသမည့် မျက်စိဝေဒနာရှင် များတွင် အသက် (၅၀) ကျော်မှ အသက် (၈၀)ကျော် အဘိုး၊ အဘွား များပါဝင်ပြီး ဝေဒနာရှင်များ၏ နေရေး၊ စားရေးအား ကြည့်မြင်တိုင် မြို့နယ် နတ်စင်လမ်း သာခုကျောင်း တိုက် ဓမ္မပါလဖောင်ဒေးရှင်းက တာဝန်ယူဖြည့်ဆည်း ဆောင်ရွက် လျက်ရှိကာ မျက်စိမခွဲစိတ်မီ ရွှေတိဂုံ ဘုရားနှင့် အခြားတန်ခိုးကြီးဘုရား များသို့ ဘုရားဖူးပို့ဆောင်ပေးခဲ့ သည်။

အဆိုပါ မျက်စိရောဂါဝေဒနာရှင် ၂၇ ဦးအား မေ ၁၁ ရက်တွင် ဓမ္မပါလ ဖောင်ဒေးရှင်း ဦးဆောင်နာယက အရှင်ပါကဋ္ဌာလင်္ကာရ ဆရာတော် ဦးဆောင်သည့် ကျန်းမာရေး အထောက်အကူပြု ဆရာဝန်ကြီး များက မေ ၁၁ ရက်တွင် ရန်ကုန်မြို့၌ ခွဲစိတ်ကုသမှုပေးခဲ့ကြောင်း သိရ သည်။

**ကိုကြီးစိုး (ဆိပ်ကမ်း)**

# လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

**ညောင်တုန်း မေ ၁၁**

ညောင်တုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ရုံးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်ပွဲကို မေ ၁၀ ရက် နံနက်ပိုင်းက အဆိုပါရုံးခန်းမ၌ ကျင်းပရာ မအူပင်ခရိုင် လယ်ယာစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် ဦးစီးအရာရှိ ဦးကျော်လွင်က သင်တန်းဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက် များ၊ သင်တန်းတွင် သင်ကြားမည့်ဘာသာရပ်များနှင့် စာတွေ့လက်တွေ့ သင်ကြားမှုအပိုင်းများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် စီမံရေးရာဘာသာရပ်၊ စာရင်းအင်းဘာသာရပ်၊ မြေတိုင်း တာခြင်း၊ မြေပုံထုတ်ခြင်း၊ မြေပုံရေးဆွဲခြင်းဆိုင်ရာ ဘာသာရပ်များ၊ မြေယာစီမံ ခန့်ခွဲရေးဆိုင်ရာ ဘာသာရပ်များ၊ ကြေးတိုင်နှင့် စီမံကိန်းဘာသာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ရှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းသို့ သင်တန်းသား ၃၈ ဦး တက်ရောက်ကြောင်း သိရသည်။ **ဝင်းမြင့်ကျော်(ညောင်တုန်း)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

# အကျဉ်းထောင်ထဲက စာကြည့်တိုက်

**မြင့်ဆွေဦး**

၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ကျွန်တော်တို့ ဖမ်းဆီးထိန်းသိမ်းခံရပြီး အင်းစိန်အကျဉ်းထောင်သို့ ပို့ခံခဲ့ရသည်။ ကျွန်တော်အပါအဝင် လူငယ်များ (သုံးရောင်ခြည်အဖွဲ့)အားလုံးတို့ကို အင်းစိန်ထောင် အဆောင်(၅)ရှိ အခန်းတစ်ခုတွင် ထားရှိခဲ့ပါသည်။ တစ်လကျော်ကြာသည့်အခါ ကျွန်တော်တို့လူငယ်အားလုံးကို တိုက်(၃)ရှိ အခန်းတစ်ခန်းစီသို့ ပြောင်းရွှေ့လိုက်ပါသည်။ တိုက်(၃) ရှိ အခန်းတစ်ခန်းလျှင် လူလေးယောက်၊ ငါးယောက်တွဲနေ ရပါသည်။ ထိုတိုက်(၃)တွင် ဗိုလ်မှူးဘသော်(ဆရာမောင်သော်က)၊ အန်ကယ် ဦးထွန်းတင်နှင့် အခြားအဖွဲ့အစည်းများမှ ဦးရဲထွန်း၊ ဆရာမင်းသိခ်တို့လည်း ထားရှိပါသည်။ သူတို့ကို တစ်ယောက်တစ်ခန်း ထားလေသည်။ တိုက်(၃)သို့ရောက်ရှိပြီး တစ်လကျော်လောက်တွင် ကျွန်တော်တို့ထဲမှ အချို့လူငယ်များဆီသို့ ပါဆယ်များ ပေးပို့ခွင့်ရခဲ့ပါသည်။ ပို့လာသောပါဆယ်များတွင် အဝတ်အထည်များ၊ အစားအသောက်များနှင့် ဘာသာရေးစာအုပ် (အထူးသဖြင့် ပရိတ်ကြီး၊ ပဋ္ဌာန်း) တို့ဖြစ်သည်။ ထိုအထဲတွင် ချမ်းမြေ့ဆရာတော် ရေးသားဟောပြောသည့် တရားစာအုပ် တစ်အုပ်လည်း ပါလာသည်။ ထိုစာအုပ်များကို လူငယ်များအနေဖြင့် လှည့်၍ဖတ်ကြသည်။ တချို့က ပရိတ်ကြီး ၁၁ သုတ်မှ ပရိတ်များကို အလွတ်ကျက်ကြသည်။

တစ်နေ့တွင် ကျွန်တော်တို့အားလုံးအတွက် ဗာဟီရကိစ္စများ၊ အထူးသဖြင့် ရေချိုးတောင်းခိုင်းခြင်း၊ ဆေးလိပ်သောက်ရန် မီးခြစ်တောင်းခြင်း၊ လက်သည်းခြေသည်းညှပ်ရန် လက်သည်းညှပ်တောင်းခြင်း၊ ထမင်းကျွေးသည့်အခါ ထမင်းဟင်းလာပို့ခြင်းတို့ကို ဆောင်ရွက်ပေးရန် ထောင်ကျအကျဉ်းသားထဲက အချို့ကို တာဝန်ပေးထားလေသည်။ ထိုထောင်ကျအကျဉ်းသားများက ကျွန်တော်တို့ဆီ နေ့စဉ်လို ရောက်လာကြပြီး အားလပ်ချိန်တွင် စကားလာပြောပါသည်။ ဆေးလိပ်၊ မုန့် လာတောင်းကြပါသည်။ ထိုအထဲမှ ထောင်ကျအကျဉ်းသားတစ်ယောက်က တစ်နေ့တွင် ကျွန်တော့်အား လာပြောသည်။

"အင်္ဂလိပ်စာအုပ် ဖတ်ချင်သလား"

"ဖတ်ချင်တာပေါ့ကွ၊ ဘယ်က ရမှာလဲ"

"ကျွန်တော် ယူလာပေးမယ်"

ထို့သို့ပြောပြီး နောက်တစ်နေ့တွင် ကျွန်တော့်ထံသို့ Reader's Digest စာအုပ်ဟောင်းတစ်အုပ် ယူလာပေးပါသည်။ ထိုစာအုပ်ကို ရသဖြင့် ကျွန်တော့်အနေဖြင့် အတိုင်းမသိဝမ်းသာသွားပါသည်။ သို့သော် တလာစီပြီး ပစ္စည်းများ မကြာခဏရှာတတ်သဖြင့် စာအုပ်တစ်အုပ်လုံး ဝှက်ထားရန် မလွယ်ကူပါ။ ထို့ကြောင့် ထိုစာအုပ်ထဲမှ ကောင်းနိုးရာရာဖတ်ချင်စရာဆောင်းပါးအချို့ကို ဖြုတ်ယူပြီး တစ်ပုဒ်ချင်းကို ဝှက်ထားသိမ်းဆည်းရလေသည်။ ထိုဆောင်းပါးများကို တိုက် (၃) အတွင်းရှိ အချို့ပုဂ္ဂိုလ်များ၊ လူငယ်များက ဖတ်ချင်ကြသဖြင့် ကျွန်တော်က ပို့ပေးရလေသည်။

ကျွန်တော်တို့ထံတွင်ရှိနေသော ဘာသာရေးစာအုပ်များကို သက်ဆိုင်ရာ ထောင်အာဏာပိုင်များ လာရောက်သိမ်းဆည်းသွားသည်။ ဖတ်စရာဆို၍ ဘာမျှမရှိတော့ပါ။ ထိုအခါ ဖတ်စရာတစ်ခုခုရအောင် ကျွန်တော်တို့ ကြံစည်ကြပါသည်။ ထောင်အတွင်းသို့ ပါဆယ်ပို့သည့်အခါ ဆေးပေါ့လိပ်များလည်း ပါလာလေသည်။ ထိုဆေးပေါ့လိပ်အစီခံကို သတင်းစာစက္ကူကပ်ထားပါသည်။ ဆေးပေါ့လိပ်တစ်လိပ်၏အစီခံမှ သတင်းစာစက္ကူကို ခွာလိုက်သည့်အခါ အနံ တစ်လက်မနှင့် အလျား သုံးလက်မလောက်ရှိသည့် သတင်းစာစက္ကူလေးရပါသည်။ ထိုသတင်းစာစက္ကူများမှ နေ့စဉ်သတင်းစာများကို အသုံးပြုထားသဖြင့် တစ်ခါတစ်ရံ ထိုသတင်းစာစက္ကူအပိုင်းအစလေးမှ သတင်းအချို့ကို ဖတ်ရပါသည်။ ဤနည်းဖြင့် တစ်ယောက်နှင့်တစ်ယောက် သတင်းချင်းဖလှယ်ကြပါသည်။ ဤသို့ဖြင့် ၁၉၈၉ ခုနှစ်ကစပြီး ထောင်တွင်း၌ စာဖတ်ခြင်းကို ပိတ်ပင်ထားခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် အမှုထမ်းခဲ့ဖူးသဖြင့် ယူနက်စကိုမှ ထုတ်ဝေသည့် စာကြည့်တိုက် စာစောင်များကို ဖတ်ရပါသည်။ ထိုစာစောင်များတွင် တချို့သောနိုင်ငံများမှ အကျဉ်းထောင်စာကြည့်တိုက်များအကြောင်းပါသဖြင့် ထောင်တွင်းစာကြည့်တိုက်များ ရှိပုံကို သိရှိခဲ့ရပါသည်။ သို့သော် မြန်မာနိုင်ငံရှိ ထောင်များတွင် စာကြည့်တိုက် မပြောနှင့် ဘာသာရေးစာအုပ်များပင် ဖတ်ခွင့်မရှိပါ။

နိုင်ငံတကာတွင် အကျဉ်းထောင်များ၌ စာကြည့်တိုက်များရှိပြီး အကျဉ်းသားများ စာဖတ်ခွင့်ရလေသည်။ ထို့ကြောင့် အကျဉ်းထောင်တွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားသည့် အချို့ပုဂ္ဂိုလ်များ၊ စာရေးဆရာများ အကျဉ်းထောင်တွင်း၌ပင် စာအုပ်၊ စာတမ်းများ ရေးသားပြုစုခဲ့ပါသည်။ ထိုစာအုပ်၊ စာတမ်းများတွင် ထင်ရှားသော ကမ္ဘာကျော်စာအုပ်များ ပါဝင်ပါသည်။ ထိုစာအုပ်အချို့မှာ The Travels of Marco Polo, Letters from Birmingham Jail by Martin Luther King Jr., Civil Disobedience by Herry David Thoreau , Mein Kamph by Adolf Hitler တို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်က အကျဉ်းထောင်ထဲ ရောက်သွားကြသော နိုင်ငံရေးသမား ကျောင်းသားခေါင်းဆောင်များသည် အကျဉ်းချခံနေရစဉ် စာအုပ်၊ စာတမ်းများ ရေးသားပြုစုခဲ့ကြပါသည်။

သခင်စိုး၏ နာမည်ကျော် 'အင်းစိန်စစ်တမ်း'မှာ ထောင်တွင်း၌ ရေးသားခဲ့ခြင်းဖြစ်သည်။ အလားတူပင် ကိုဘဟိန်းကလည်း 'ခေနရှင်လောက'ကို ထောင်တွင်း၌ ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ထောင်အတွင်းတွင် နိုင်ငံရေးသင်တန်းများကို သခင်စိုးနှင့် သခင်သန်းထွန်းတို့က ဦးဆောင်၍ သင်ကြားပို့ချခဲ့သည်။ ထိုအကြောင်းကို သခင်တင်မြရေးသားသည့် 'ဘုံဘဝမှာဖြင့်'တွင် အောက်ပါအတိုင်း မှတ်တမ်းတင်ထားသည်။

သခင်သန်းထွန်းက 'စတာလင်ရေး ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဗောလ်ရှီဗစ်)၏ သမိုင်းစာအုပ်ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ပြန်၍ သင်ကြားပို့ချသည်။ ပစ္စက္ခဗမာပြည်၏ သမိုင်းနှင့်နှိုင်းယှဉ်၍ နားလည်အောင် ရှင်းလင်းသင်ကြားလေ့ရှိသည်။ သခင်စိုး ကိုင်စွဲပို့ချပေးသော စာအုပ်မှာ လီနင်ရေးသည့် 'ဆိုရှယ်လစ်ဒီမိုကရေစီ၏ နည်းပရိယာယ်နှစ်သွယ်' ဟူသော စာအုပ်ဖြစ်သည်။

ကျွန်တော်တို့သင်တန်းသားများသင်ကြားချက်များကို နားထောင်၍ မှတ်စုများကို အမြန်လိုက်ရေးကြရသည်။ စနေနေ့တွင် အထွေထွေနိုင်ငံရေး ဗဟုသုတဟောပြောပွဲကို သခင်လေးမောင်နှင့် သခင်နုတို့က တာဝန်ယူကာ တစ်လှည့်စီဟောပြောသည်။ ဗမာပြည်နိုင်ငံရေးသမိုင်း၊ အလုပ်သမားသမိုင်း စသည်တို့ကို ဟောပြောသည်။ တစ်ခါတစ်ရံ သခင်နုက လိင်ပညာနှင့် လိင်ကျန်းမာရေးဘာသာရပ်ကို ဟောပြောသည်။ သခင်နု၏ လိင်ပညာနှင့် လိင်ကျန်းမာရေးဟောပြောချက်သင်တန်းမှာ လူအစည်ကားဆုံးပင်ဖြစ်သည်။ ကျွန်တော်တို့သာမက နိုင်ငံရေးသင်တန်းဆရာများဖြစ်ကြသော သခင်စိုး၊ သခင်သန်းထွန်း၊ သခင်လေးမောင်တို့ပင် ကျွန်တော်တို့နှင့်အတူ မပျက်မကွက် တက်ရောက်ကြသည်။

သခင်တင်မြက ထိုစဉ်က ထောင်တွင်း၌ စာကြည့်တိုက်ရှိကြောင်းကို ဖော်ပြခဲ့သည်။ အမှန်မှာ အကျဉ်းထောင်များ၌ စာကြည့်တိုက်များ ထားရှိရန်၊ ဖွင့်လှစ်ရန် အကျဉ်းထောင် လက်စွဲ (Burma Jail Manual) တွင် အတိအလင်း ဖော်ပြထားသည်။ အကျဉ်းထောင်လက်စွဲ ပုဒ်မ ၆၇၀၊ ပုဒ်ခွဲ ၆ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

အကျဉ်းသားများသည် ထောင်စာကြည့်တိုက်ရှိ စာအုပ်များကို ငှားရမ်းဖတ်ရှုခွင့်ပေးရမည်။ ထို့အပြင် ထောင်အပြင်အပ၌ ထုတ်ဝေနေသော စာအုပ်၊ စာတမ်းများနှင့် မဂ္ဂဇင်းများကိုလည်း အကျဉ်းသားများ ကိုယ်ပိုင်စရိတ်ဖြင့် ဝယ်ယူဖတ်ရှုခွင့်ပေးရမည်။

သတင်းစာများကိုလည်း အစိုးရထုတ် "ရွှေပြည်တော်" သတင်းစာကို အကျဉ်းထောင်တွင်း၌ ဖြန့်ဝေပေးထားရမည်။ အခြားသတင်းစာများကို စိစစ်၍ ဖတ်ရှုခွင့်ပေးရမည် ဖြစ်သည်။

ထောင်စာကြည့်တိုက်နှင့်ပတ်သက်၍ ထောင်လက်စွဲ (Jail Manual) တွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

အကျဉ်းထောင်တိုင်း၌ စာကြည့်တိုက်များ ထားရှိရမည်ဖြစ်ပြီး စာအုပ်များမှာလည်း အင်္ဂလိပ်စာအုပ်၊ တိုင်းရင်းသားဘာသာဖြင့် ရေးထားသော စာအုပ်များ ထားရှိပေးရမည်။ ထိုစာအုပ်များကို ဝယ်ယူ၍သော်လည်းကောင်း၊ အလှူခံ၍သော်လည်းကောင်း စုဆောင်းထားရှိရမည်။

ထိုစာအုပ်၊ စာတမ်းများကို မှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်းရမည်။ စာအုပ်အမည်၊ ဝယ်ယူသည့်နေ့၊ သို့တည်းမဟုတ် မည်သူ့ထံမှ အလှူခံရသည်တို့ကို ထိုစာရင်းစာအုပ်တွင် ဖော်ပြရမည်။ စာအုပ်၏ တန်ဖိုးကိုလည်း စာရင်းစာအုပ်တွင် ဖော်ပြရမည်။ စာအုပ်စာတမ်း၊ မဂ္ဂဇင်းများကို အမှတ်စဉ် နံပါတ်တပ်၍ စာရင်းရေးသွင်းရမည်။

နေ့ဘက်တွင် အလုပ်တာဝန်ကျသည့် အကျဉ်းသားများကို စာအုပ်ဖတ်ခွင့်ပေးရမည်ဖြစ်ပြီး ညနေစာ စားအပြီးတွင် စာကြည့်တိုက်မှ စာအုပ်များကို ည ၉ နာရီအထိ လာရောက်ဖတ်ရှုခွင့်ပေးရမည်။ တနင်္ဂနွေနှင့် အခြားအလုပ်ပိတ်ရက်များတွင် နံနက် ၈ နာရီမှ ည ၉ နာရီအထိ စာကြည့်တိုက်တွင် စာဖတ်ခွင့်ပေးရမည်။ ငှားရမ်းထားသော စာအုပ်များကို အကျဉ်းထောင်အရာရှိက ဦးဆောင်၍ လိုက်လံသိမ်းဆည်းရမည်။ ထိုစာအုပ်များကို ညဘက်တာဝန်ကျ ထောင်အမှုထမ်းများထံပေးအပ်ပြီး နောက်တစ်နေ့နံနက်တွင် ထောင်စာကြည့်တိုက် တာဝန်ခံထံပေးအပ်ရမည်။

စာမဖတ်တတ်သည့် အကျဉ်းသားများအတွက် စာဖတ်တတ်သူ အကျဉ်းသားတစ်ဦးဦးကို ရွေးချယ်ပြီး စာအုပ်ကို ဖတ်ပြစေရမည်။

အကျဉ်းထောင်စာကြည့်တိုက်သို့ လာရောက်လေ့လာသော ပြင်ပပုဂ္ဂိုလ်များထံမှ စာကြည့်တိုက်အတွက် သင့်တော်သော စာအုပ်၊ စာတမ်းများကို အလှူခံနိုင်သည်။

ဤသည်မှာ ကိုလိုနီခေတ်က မြန်မာနိုင်ငံရှိ အကျဉ်းထောင်များ၏ စာကြည့်တိုက်များ မည်သို့မည်ပုံ ထားရှိရမည်ကို အကျဉ်းထောင်လက်စွဲ၌ ဖော်ပြထားခြင်းဖြစ်သည်။

အခု အကျဉ်းထောင်များတွင် အကျဉ်းသားများသည် မိမိတို့ ကိုယ်ပိုင်ငွေဖြင့် ပြင်ပမှ ထုတ်ဝေနေသော စာအုပ်များ ဝယ်ယူဖတ်ရှုခွင့်ရနေသည်ဟု သိရသည်။ သို့သော် အကျဉ်းထောင်များ၌ စာကြည့်တိုက်ဟူ၍ မရှိသေးပါ။ ထို့ကြောင့် မြန်မာနိုင်ငံ အကျဉ်းထောင်လက်စွဲပါ အကျဉ်းထောင်များ၌ စာကြည့်တိုက်များ ပြန်လည်ဖွင့်ခွင့်ပြုသင့်သည်ဟု ယူဆမိပါသည်။ အလိမ္မာ စာမှာရှိဟု ဆိုထားသည့်အတိုင်း ရာဇဝတ်အကျဉ်းသားများလည်း စာဖတ်ရှုခြင်းဖြင့် အသိတရား၊ နောင်တတရားရရှိနိုင်ရန်ဖြစ်ပြီး ရာဇဝတ်မှုများ လျော့နည်းလာနိုင်မည်ဖြစ်သည်။

ပညာတတ် အကျဉ်းသားများအတွက်လည်း ထောင်တွင်းရှိစဉ် မိမိတို့ လေ့လာလိုသော ဘာသာရပ်၊ ပညာရပ်ကို လေ့လာခွင့်၊ ဆည်းပူးခွင့် ရနိုင်ပြီး အသိဉာဏ်ပညာ တိုးလာနိုင်ပါသည်။ ထို့ကြောင့် အကျဉ်းထောင်များတွင် စာကြည့်တိုက်များထားရှိ ဖွင့်လှစ်ရန် အချိန်ကျနေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**နိုင်ငံတကာတွင် အကျဉ်းထောင်များ၌ စာကြည့်တိုက်များရှိပြီး အကျဉ်းသားများ စာဖတ်ခွင့်ရလေသည်။ ထို့ကြောင့် အကျဉ်းထောင်တွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားသည့် အချို့ပုဂ္ဂိုလ်များ၊ စာရေးဆရာများ အကျဉ်းထောင်တွင်း၌ပင် စာအုပ်၊ စာတမ်းများ ရေးသားပြုစုခဲ့ပါသည်။**

---

**○ ရွှေဖုံးမှ**

သိန်း ၁၀၀ လျာထားပြီး ငါးမြစ်ချင်း၊ မြက်စားငါးကြင်းနှင့် ငွေရောင်ငါးကြင်းတို့မှာ အရောင်းလိုက်နိုင်သည့်အတွက် ကြိုတင်သားဖောက်မွေးမြူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အထွက်နှုန်းကောင်းပြီး ငါးသားဖောက်တွေ ရောင်းချနိုင်ဖို့အတွက် ငါးသားဖောက်တွေ ကျန်းမာရမယ်။ ဈေးနှုန်းချိုသာရမယ်။ ရက်ချိန်းမှန်ပြီး အရွယ်အစားတိကျဖို့ လိုပါတယ်။ ဝယ်သူတွေကိုလည်း စိတ်ချမ်းသာအောင် လုပ်ပေးတဲ့အတွက် မနှစ်ကထက် အထွက်နှုန်းတိုးပြီး ရောင်းအားကောင်းမယ်လို့ ယုံကြည်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ငါးလုပ်ငန်းစခန်းတွင် ယခင်နှစ်က ငါးသားဖောက် အကောင်ရေ ၃၈၅ သိန်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီး ငါးမြစ်ချင်းအမျိုးအစားမှာ အများဆုံးရောင်းချခဲ့ရသည့်အပြင် ငါးသားဖောက်ထုတ်လုပ်မှုအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။ ထို့အတူ ယခုနှစ်တွင် အယ်နီညိုရာသီဥတုရှိသော်လည်း သိန်း ၄၀၀ ကျော်အထိ ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လေးထောင့်ကန်ငါးလုပ်ငန်းစခန်းသည် ထုတ်လုပ်မှုနှုန်း တစ်နှစ်ထက်တစ်နှစ် မြင့်မားလာပြီး ယခုနှစ်တွင် ယခင်နှစ်ထက် ၁၀ ရာခိုင်နှုန်း ပိုမိုထုတ်လုပ်ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အခုအချိန်သည် အယ်နီညိုရာသီဥတုဖြစ်သောကြောင့် မနက်စောစော တစ်ကြိမ်နှင့် ညမိုးချုပ်ပိုင်း တစ်ကြိမ် ငါးစာကျွေးကြောင်း၊ အပူရှိန်ကြောင့် ကျဆင်းသွားသည့် ငါးကန်ရေမျက်နှာပြင်ကို တစ်ပတ် ခြောက်လက်မလောက်ခန့် ရေပြန်လည်ဖြည့်ပေးနေရကြောင်း သိရသည်။

အဆိုပါ ငါးလုပ်ငန်းစခန်းသည် ဧက ၆၀ ကျယ်ဝန်းကာ ငါးမွေးမြူရေးကန် ၄၉ ကန်ရှိပြီး ဝန်ထမ်း ၁၇ ဦးဖြင့် ငါးသားပေါက်လုပ်ငန်များကို ဆောင်ရွက်လျက်ရှိသည်။ လာရောက်ဝယ်ယူသူအများစုမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းတို့မှ ငါးလုပ်ငန်းလုပ်ကိုင်သူများဖြစ်ပြီး စစ်ကိုင်း၊ တနင်္သာရီ စသည့်တိုင်းဒေသကြီးတို့နှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့လည်း ပို့ဆောင်ပေးနေရကြောင်း သိရသည်။ ■

---

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ သောက်သုံးရေများ သွားရောက်လှူဒါန်း

**နေပြည်တော် မေ ၁၁**

ယခုနှစ် နွေရာသီကာလတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအချို့၌ ရေရှားပါးမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သောက်သုံးရေများကို အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် ဘီးလင်းမြို့နယ်နှင့် ပေါင်မြို့နယ်တို့တွင် မြို့မ/နယ်မြေရဲစခန်းမှူးများဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မေ ၉ ရက်က သောက်သုံးရေ ဂါလန် ၇၃၀၀ ကို မိမိတို့မြို့နယ်အတွင်းရှိ ရေရှားပါးသည့် နေရာဒေသများသို့ သွားရောက်လှူဒါန်းခဲ့ကြရာ ဧပြီ ၂၄ ရက်မှ မေ ၉ ရက်အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုစုပေါင်းသောက်သုံးရေ ၂၈၀၅၅၆ ဂါလန် သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(ရဲပြန်ကြား)**



# အိုဘားမား၏ ဟီရိုရှီးမားခရီးစဉ်ကို ဟီရိုရှီးမားနှင့် နာဂါစကီမြို့တော်ဝန်တို့ ကြိုဆို

**ဟီရိုရှီးမား မေ ၁၁**

ဟီရိုရှီးမားမြို့တော်ဝန် ကာဇူမီ မတ်ဆူက အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ ဟီရိုရှီးမားမြို့သို့ လာရောက်မည့် ခရီးစဉ်နှင့်ပတ်သက်သော ဆုံးဖြတ်ချက်ကို ထောက်ခံကြိုဆိုခဲ့ပြီး ယင်းခရီးစဉ်သည် ကျိုးကြောင်းဆီလျော်သည့် မှန်ကန်သော အသိစိတ်ဓာတ်ပေါ်အခြေခံခြင်းဖြစ်သည်ဟု ပြောကြားသည်။

ယင်းခရီးစဉ်သည် အိုဘားမား၏ နျူကလီးယားကင်းစင်သည့်ကမ္ဘာမြေကြီး ဖန်တီးရေးအတွက် ကတိပြုပြောဆိုမှုများကို ပိုမိုခိုင်မာစေမည်ဖြစ်သကဲ့သို့ အခြားသောကမ္ဘာ့ခေါင်းဆောင်များအတွက်လည်း နျူကလီးယားကင်းစင်ရေးဖော်ဆောင်မှုလမ်းကြောင်းကို ပြသနိုင်မည်ဟု မျှော်လင့်ကြောင်း မတ်ဆူက မေ ၁၀ ရက်တွင် ပြောကြားသည်။

ထို့ပြင် အိုဘားမား၏ ဟီရိုရှီးမားခရီးစဉ်သည် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် နျူကလီးယားလက်နက်များဖျက်သိမ်းရေး စတင်လုပ်ဆောင်သည့် သမိုင်းဝင်အမှတ် လက္ခဏာဖြစ်လာမည်ဟုလည်း မတ်ဆူက လိုလားလျက်ရှိသည်။

အလားတူ နာဂါစကီမြို့တော်ဝန် တိုမီဟီဆာတူးကလည်း အိုဘားမား၏ ယခုလနှောင်းပိုင်းတွင် ဟီရိုရှီးမားမြို့သို့ လာရောက်မည့်ခရီးစဉ်ကို ကြိုဆိုထောက်ခံကြောင်း မေ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။ အခက်အခဲအမျိုးမျိုးကြားမှ ယင်းခရီးလာရောက်နိုင်ရေးစီစဉ်ခဲ့သည့် အိုဘားမား၏ ဆုံးဖြတ်ချက်ကို လေးစားကြောင်းနှင့် အဏုမြူဗုံးဒဏ်ခံခဲ့ရသည့် နာဂါစကီမြို့ကလည်း အိုဘားမား၏ ဟီရိုရှီးမားမြို့ခရီးစဉ်ကို ကြိုဆိုပါသည်ဟု ပြောကြားသည်။



ဟီရိုရှီးမားမြို့သို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်ကြသည်ကို တွေ့ရစဉ်။

ဂျပန်နိုင်ငံရှိ ဟီရိုရှီးမားမြို့နှင့် နာဂါစကီမြို့များသည် ၁၉၄၅ ခုနှစ်တွင် အမေရိကန်နိုင်ငံက ကြဲချခဲ့သည့် အဏုမြူဗုံးများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ **အင်န်အိတ်ချ်ကေ။**

# အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ရန် ကြိုးပမ်းသူ ငါးဦးအား သြစတြေးလျအာဏာပိုင်များ ဖမ်းဆီး

**ကင်ဘာရာ မေ ၁၁**

အိုင်အက်စ်စစ်သွေးကြွအဖွဲ့သို့ ဝင်ရောက်ရန် ဆီးရီးယားနိုင်ငံသို့ ရေကြောင်းမှ သွားရောက်ရန်ကြိုးစားခဲ့သူ ငါးဦးအား သြစတြေးလျရဲအရာရှိများက ဖမ်းဆီးခဲ့ကြောင်း သတင်းများအရ သိရသည်။

အသက် (၂၁) နှစ်မှ (၃၃) နှစ်အရွယ်ကြားရှိ အမျိုးသားငါးဦးသည် မဲလ်ဘုန်းမြို့မှ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှတစ်ဆင့် ဆီးရီးယားနိုင်ငံသို့ ၎င်းတို့၏ ကိုယ်ပိုင်စက်လှေဖြင့် ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည်။

၎င်းတို့သည် ကနဦးတွင် ဆီးရီးယားနိုင်ငံသို့ လေကြောင်းဖြင့် ထွက်ခွာရန် စီစဉ်ခဲ့သော်လည်း အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်မည်ကို အာဏာပိုင်များက ရိပ်စားမိသဖြင့် ယင်းတို့၏ နိုင်ငံကူးလက်မှတ်များကို ပယ်ချခဲ့သည်။

မေ ၁၀ ရက်တွင် ၎င်းတို့က စက်လှေကို မဲလ်ဘုန်းမြို့မှ ကားဖြင့်သယ်ဆောင်နေစဉ် ရဲအရာရှိများက ၎င်းတို့အား ဖမ်းဆီးခဲ့သည်။

အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ရန် သြစတြေးလျနိုင်ငံမှ ဆီးရီးယားနိုင်ငံသို့ ထွက်ခွာသူဦးရေ ၁၀၀ ကျော်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**




# ရွေးကောက်ပွဲအောင်ပွဲခံသူ ဖိလစ်ပိုင်ခေါင်းဆောင်နှင့် ပူးပေါင်းဆောင်ရွက်ရန် အမေရိကန်လိုလားဟုဆို

**ဝါရှင်တန် မေ ၁၁**

မေ ၉ ရက်က ကျင်းပသော ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲ၌ အောင်ပွဲရသူအဖြစ် သတ်မှတ်ခံထားရသူ ရိုဒရစ်ဂို ဒူတတ်တေးနှင့် ပူးပေါင်းလုပ်ဆောင်သွားရန် အမေရိကန်အစိုးရကဆန္ဒရှိကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက မေ ၁၁ ရက်တွင် ပြောကြားသည်။

ရွေးချယ်တင်မြှောက်ခံရသူ နိုင်ငံရေးသမားများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အမည်မဖော်သူ အမေရိကန်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဒီမိုကရေစီနည်းလမ်းနှင့်အညီ ရွေးကောက်ပွဲများကျင်းပနိုင်ခြင်းအတွက် အမေရိကန်အစိုးရက ချီးကျူးဂုဏ်ပြုကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနပြောခွင့်ရသူ အယ်လစ်ဇဘက် ထရူးဒေါက မေ ၉ ရက်တွင် ပြောကြားခဲ့သည်။

ရွေးကောက်ပွဲ၌ ဒူတတ်တေးအောင်ပွဲခံမှုကို တရားဝင်ကြေညာခြင်းမရှိသေးသော်လည်း ပြိုင်ဘက်သမ္မတလောင်းနှစ်ဦးထက် ထောက်ခံမဲများစွာ အသာရရှိထားကြောင်း၊ ဒူတတ်တေး၏ ပြိုင်ဘက်နှစ်ဦးကလည်း ရွေးကောက်ပွဲ၌ ၎င်းတို့ရှုံးနိမ့်သည်ဟု ထုတ်ဖော်ဝန်ခံခဲ့ကြကြောင်း ရွေးကောက်ပွဲကော်မရှင်အသိအမှတ်ပြုလေ့လာစောင့်ကြည့်ရေးအဖွဲ့ တစ်ဖွဲ့က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း တရားဥပဒေစိုးမိုးမှုရှိကာ တည်ငြိမ်အေးချမ်းမှုရှိစေရမည်ဟု ဒူတတ်တေးက မဲဆန္ဒရှင်များအား ကတိပြုခဲ့ပြီး ပါလီမန်ပုံစံနှင့် ဖက်ဒရယ်ပုံစံအစိုးရအဖွဲ့သစ်ပေါ်ထွန်းလာရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သွားရန် ၎င်းက မျှော်မှန်းကြောင်း ပြောကြားခဲ့သည်။

**ရိုက်တာ။**

# အဘူဆေယက်ဖ်အဖွဲ့က ဖမ်းဆီးထားခဲ့သော အင်ဒိုနီးရှားသင်္ဘောသားလေးဦး ပြန်လည်လွတ်မြောက်

**ဂျကာတာ မေ ၁၁**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အဘူဆေယက်ဖ်သူပုန်အဖွဲ့က ဖမ်းဆီးထားခဲ့သော အင်ဒိုနီးရှားနိုင်ငံသား သင်္ဘောသားလေးဦးတို့ ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက မေ ၁၁ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရနှင့် ဖိလစ်ပိုင်အစိုးရတို့ ပူးပေါင်းဆောင်ရွက်မှုအရ အင်ဒိုနီးရှားသင်္ဘောသားများ ပြန်လည်လွတ်မြောက်လာခြင်းဖြစ်ကြောင်း ဂျကာတာမြို့လယ်ရှိ သမ္မတနန်းတော်၌ သမ္မတ ဝီဒိုဒိုက သတင်းထောက်များအား ပြောကြားသည်။ ပြန်လည်လွတ်မြောက်လာသည့် သင်္ဘောသားလေးဦးမှာ ကျန်းမာရေးကောင်းမွန်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖိလစ်ပိုင်နှင့် မလေးရှား နှစ်နိုင်ငံအကြားရှိ ရေလမ်းကြောင်းတွင် ရေယာဉ်များ ခုတ်မောင်းသွားလာစဉ် လက်နက်ကိုင်များက ပြန်ပေးဆွဲခဲ့ပြီး ဧပြီ ၁၅ရက်မှစ၍ ဓားစာခံများအဖြစ် ထိန်းသိမ်းခံထားခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံအလံ လွှင့်ထူထားသည့် ခရစ္စတီနှင့် တီဘီဟင်နရီအမည်ရှိ ရေယာဉ်နှစ်စင်းသည် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့မှ မလေးရှားနိုင်ငံမြောက်ကာလီမန်တန်ကျွန်း တာရာကန်သို့ ခုတ်မောင်းနေချိန်တွင် ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။

အဘူဆေယက်ဖ်သူပုန်အဖွဲ့နှင့် ဆက်စပ်မှုရှိသည်ဟု သံသယမကင်းရသော လက်နက်ကိုင်အုပ်စုက ပြန်ပေးဆွဲခဲ့သော အခြားအင်ဒိုနီးရှားဓားစာခံ ၁၀ ဦးမှာ မေ ၁ ရက်တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။

ကြောက်မက်ဖွယ်ကောင်းသော ရက်စက်ရိုင်းစိုင်းသည့် စစ်သွေးကြွများအဖြစ် လူသိများသော အဘူဆေယက်ဖ်အဖွဲ့သည် ဓားစာခံဖမ်းဆီးခြင်းဖြင့် ပြန်ပေးရွေးငွေ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ရရှိခဲ့သည်။ ၎င်းတို့လက်ထဲတွင် ဓားစာခံများအဖြစ် မလေးရှားသင်္ဘောသားလေးဦးနှင့် ဂျပန်၊ နယ်သာလန်၊ ကနေဒါ၊ နော်ဝေနှင့် ဖိလစ်ပိုင်နိုင်ငံသားများ ကျန်နေသေးကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

# တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်စနစ်များ၏ စွမ်းပကားမြှင့်ရန် ရုရှားကြိုးပမ်းနေဟုဆို

**မော်စကို မေ ၁၁**

ရုရှားနိုင်ငံသည် ဥရောပ၌ ဖြန့်ကြက်ထားသော အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်များကို တန်ပြန်နိုင်စေမည့် တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်သစ်များကို သုတေသနပြုတီထွင်ထုတ်လုပ်လျက်ရှိကြောင်း ရုရှားမဟာဗျူဟာမြောက်ဒုံးကျည်တပ်ဖွဲ့၏ တပ်မှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး ဆာဂေးကာရာကာယက်က မေ ၁၁ ရက်တွင် ပြောကြားလိုက်သည်။

ရုရှားမဟာဗျူဟာမြောက် ဒုံးကျည်တပ်ဖွဲ့၏ ဒုံးကျည်စနစ်သစ်များအား ပျံသန်းမည့်လမ်းကြောင်းကို ခန့်မှန်းရခက်သော ဒုံးကျည်ထိပ်ဖူးများ တပ်ဆင်ထားကြောင်း၊ အမေရိကန်ဒုံးကျည်လက်နက် ကာကွယ်ရေးစနစ်ထက် စွမ်းပကား ပိုမိုမြင့်မားအောင် မိမိတို့၏ ဒုံးကျည်စနစ်များကို အဆင့်မြှင့်တင်လျက်ရှိကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ကာရာကာယက်က ပြောကြားသည်။

ရုရှားနိုင်ငံ၏ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များ (အိုင်စီဘီအမ်)၏ စွမ်းပကားသည် ၂၀၂၀ ခုနှစ်ထက် နောက်မကျဘဲ လက်ရှိဒုံးကျည်စနစ်များထက် လေးဆပိုမိုမြင့်မားလာမည်ဆို၏။

ရုရှားအိုင်စီဘီအမ်ဒုံးကျည်များသည် အနာဂတ်ကာလတွင် မတူကွဲပြားသော ဦးတည်ရာလမ်းကြောင်းများအတိုင်း ပစ်ခတ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရုရှား၏ အိမ်နီးချင်းနိုင်ငံများ၌ မြောက်အတ္တလန္တိတ စာချုပ်အဖွဲ့(နေတိုး)က စစ်ရေးတည်ဆောက်မှုများ ပြုလုပ်နေခြင်းအတွက် စိုးရိမ်ပူပန်မိသည်ဟု ရုရှားအစိုးရက ကြိမ်ဖန်များစွာ ထုတ်ဖော်ပြောကြားခဲ့သည်။ **ဆင်ဟွာ။**



# လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတာ (ကွမ်းသီးတစ်ပင်တာ) ပြုပြင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေပြီဖြစ်

**နေပြည်တော် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတာ (ကွမ်းသီးတစ်ပင်တာ) ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း မူလခွင့်ပြုရန်ပုံငွေတွင် ခွဲဝေရရှိပြီးဖြစ်၍ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းဝင်းက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဖြေကြားခဲ့သည်။



ဒုတိယဝန်ကြီး
ဒေါက်တာ ထွန်းဝင်း

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းသည့် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) လက်ပံတန်းမြို့နယ်အတွင်းရှိ ကြံ့ခိုင်မှုအားနည်းနေသော ဧရာဝတီရေကာတာနှင့် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ရေကြီးရေလျှံမှုများကြောင့် ကျိုးပေါက်သွားခဲ့သော မြစ်မခ ရေကာတာတို့အား ၂၀၁၆ ခုနှစ် မိုးမကျမီ ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းချက်အပေါ် ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့အတူ မြစ်မခမြစ် အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်း ရေဘေး ကာကွယ်ရေးတာများဖြစ်သော ခမုံ-ညောင်ပင်သာတာ၊ ခမုံ-ဆင်လမ်းတာ၊ ကျီးပင်ဆိပ်-အိုးဘိုတန်းတာ၊ မြင်ကဝကျောက်အိုင်တာနှင့် ဖိုးကတိုးတာပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မူလခွင့်ပြုရန်ပုံငွေတွင် ခွဲဝေရရှိပြီးဖြစ်၍ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီးက ၂၀၁၅ ခုနှစ် ဇူလိုင်လလယ်ခန့်မှစ၍ မိုးရေချိန်စံချိန်သစ် ရွာသွန်းခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း(ကိုမန်)၏ အရှိန်ကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် မိုးညိုမြို့နယ်ရှိ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာသည် စိုးရိမ်ရေမှတ်အထက် (၅)ပေခန့်ကျော်လွန်မြင့်တက်ခဲ့ပြီး တာတမံတွင် ထူးပေါက်များပေါက်ခြင်း၊ တာအိတာလျှောခြင်း၊ တာပေါ်ရေကျော်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့အတူ ဧရာဝတီမြစ်၏ မြစ်ခွဲတစ်ခုဖြစ်သော မြစ်မခမြစ်၏ အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်းမှ ရေဘေးကာကွယ်ရေးတာများတွင်လည်း မြစ်ရေမှတ်များမှာ စိုးရိမ်ရေမှတ်များထက် ပိုမိုကျော်လွန်မြင့်တက်ခဲ့သဖြင့် အရေးပေါ် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း။

ရေဘေးကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်သော်လည်း မြစ်မခ အနောက်ဘက်ကမ်းတာ ဖြစ်သော အသရော်အိပ်လဟာတာမှာ တာထိပ်ပေါ်ရေကျော်ပြီး ကျိုးပေါက်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ ကျိုးပေါက်ခဲ့သည့် အသရော်အိပ်လဟာတာအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေဖြင့် အခိုင်အမာ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းဖြင့် ထည့်သွင်းဖြေကြားခဲ့သည်။



လက်ပံတန်းမဲဆန္ဒနယ်မှ
ဦးကျော်မင်း

ဆက်လက်၍လည်း ဒုတိယဝန်ကြီးက ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းသည့် မြောင်းချောင်းဆည်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းချက်နှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် မြောင်းချောင်းရေလွှဲဆည်နှင့် ရေပေးမြောင်းသည် ကလေးမြို့နယ် တောင်ဘက်ရှိ ရွာစည်ရွာသာ၊ မြောက်စည်း၊ တောင်စည်း၊ ကျော်ရွာ၊ ခုံတိုးမြို့သာ ကျေးရွာအုပ်စုတို့မှ လယ်ဧက ၄၀၀၀ ကျော်အား မိုးစပါးစိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း။

၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် ရေလွှဲဆည်နှင့် ရေပေးမြောင်းထိပ် ရေတံခါးပျက်စီးသွားပြီး ရေပေးမြောင်းအတွင်း သဲနုန်းများပို့ချခဲ့သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြောင်းချောင်းရေပေးမြောင်းအတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ရေပေးအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရေလွှဲဆည်နှင့် ရေပေးမြောင်းထိပ် ရေတံခါးမှာ ပြုပြင်အသုံးပြုရန် မသင့်လျော်တော့သဖြင့် ယခင်ရေပေးမြောင်းထိပ်ဝမှ အထက်ပေ ၄၀၀ ခန့်တွင် ပြောင်းရွှေ့တည်ဆောက်ပြီး ရေပေးဝေနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရေလွှဲဆည်နှင့် မြောင်းထိပ်ရေတံခါး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် လျာထားခဲ့ပြီးဖြစ်ပါ၍ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများအား လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

အဆိုပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် ဥပဒေကြမ်း ၃ ခုအား ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်ကို အသိပေးကြေညာခဲ့သည်။

**(သတင်းစဉ်)**

# အတိုင်းအဆမဲ့ ကျောက်စိမ်းတူးဖော်မှု မြေစာပုံပြိုကျပြီး မြေစာပြိုသည့်ဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေရန်အတွက် အလေးထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၁**

လုံးခင်း၊ဖားကန့် ရတနာနယ်မြေရှိ ကျောက်စိမ်းရိုင်း သယံဇာတများကို သားစဉ်မြေးဆက် အသုံးပြုနိုင်ရေး၊ အတိုင်းအဆမဲ့ ကျောက်စိမ်းတူးဖော်မှု မရှိစေရေး၊ မြေစာပုံ ပြိုကျပြီး မြေစာပိသည့်ဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ အစီအမံများရေးဆွဲ၍ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းက မေ ၁၁ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့တွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခင်မောင်မြင့်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လုံးခင်း၊ ဖားကန့်ရတနာနယ်မြေတွင် သတ်မှတ်လုပ်ကွက်(အသစ်)၊ ဖော်ထုတ်လုပ်ကွက်(အသစ်)၊ အကျိုးတူလုပ်ကွက်(အသစ်)များကို ကျောက်မျက်ကုမ္ပဏီ အဟောင်း၊ အသစ်များသို့ ထပ်မံလုပ်ကိုင်ခွင့်ချပေးခြင်းမပြုဘဲ ကျောက်စိမ်းရိုင်း သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကို ကန့်သတ်သွားမည်ဖြစ်ကြောင်း၊ လုံးခင်း၊ ဖားကန့် ရတနာနယ်မြေတွင် လုပ်ကိုင်ခွင့်ရ လုပ်ကွက်ဧရိယာအကျယ်အဝန်းအလိုက် အသုံးပြုရမည့် စက်ယန္တရား၊ မြေသယ်ယာဉ်အရေအတွက်နှင့် ဝန်ဆောင်မှုကို သတ်မှတ်ခဲ့ပြီး ယာဉ်၊ စက်ယန္တရားများ အလွန်အကျွံသုံးစွဲမှု မရှိရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၂၃ ရက်အထိ စစ်ဆေးခဲ့ရာ ယာဉ်၊ ယန္တရား ၁၀၂၈၂ စီး အနက် ၆၁၀၉ စီးကို အဆင့်မြင့်နည်းပညာများဖြင့် ပြုလုပ်ထားသော ယာဉ်အသုံးပြုခွင့်လက်မှတ်များ ထုတ်ပေး၍ ယာဉ်၏ မြင်သာသောနေရာတွင် တပ်ဆင်အသုံးပြုခြင်းကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစတင်ဆောင်ရွက်ခဲ့ကြောင်း၊ ပိုလျှံယာဉ်၊ ယန္တရား ၄၁၇၃ စီးကို လုပ်ငန်းခွင်တွင် အသုံးမပြုရေး တားမြစ်ဆောင်ရွက်ခဲ့ကြောင်း။

မြေစာပုံနေရာများ သတ်မှတ်၍ စနစ်တကျ မြေစာစုပုံခြင်းနှင့် စွန့်ပစ်ပြီးသော မြေစာပုံများ စနစ်တကျထိန်းချုပ်ခြင်းကို လုံးခင်း၊ ဖားကန့် ရတနာနယ်မြေတွင် မြေစာများစနစ်တကျ စွန့်ပစ်စုပုံရန်အတွက် မြေစာပုံနေရာ ၁၂ နေရာ သတ်မှတ်ထားရှိပြီး ဖြစ်ကြောင်း၊ သတ်မှတ်မြေစာပုံများတွင် ကုမ္ပဏီများမှ စနစ်တကျ စွန့်ပစ်မှု ရှိ၊ မရှိ၊ မြေစာပုံများအနီး တရားမဝင် ပုံကျတဲများ ဆောက်လုပ်နေထိုင်ခြင်း ရှိ၊ မရှိ၊ မြေစာပုံများ ပြိုကျမှု အန္တရာယ် ဖြစ်ပွားနိုင်ခြင်း ရှိ၊ မရှိ စသည့်အခြေအနေများကို မြို့နယ်မြေစာစွန့်ပစ်မှု ကြီးကြပ်စစ်ဆေးရေးအဖွဲ့နှင့် ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ဥရုချောင်း၏ မြစ်ကြောင်းထိန်းသိမ်းကာကွယ်ရေးအတွက် ချောင်း၏ ဝဲယာလုံလောက်သော အကွာအဝေးကို တိုင်းတာသတ်မှတ်ရန်၊ ဒေသ၏ သဘာဝနှင့် လူမှုပတ်ဝန်းကျင် ခံနိုင်ရည်ရှိမှုတို့ကို ဆန်းစစ်သုံးသပ်ရန်နှင့် ကျောက်စိမ်းတူးဖော်မှုများကြောင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများအား စိစစ်ရန်တို့အတွက် ကျွမ်းကျင်ပညာရှင်များပါဝင်သည့် တတိယအဖွဲ့အစည်းတစ်ခုကို တာဝန်ပေးအပ်စစ်ဆေး၍ စစ်ဆေးတွေ့ရှိချက်အရ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များ ဆက်လက်ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ရေးဆွဲထားရှိပြီးဖြစ်သည့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ
ဦးခင်မောင်မြင့်



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း

ကချင်ပြည်နယ် လုံးခင်း၊ ဖားကန့်ရတနာနယ်မြေ၌ ကျောက်စိမ်းတူးဖော်မှု ကန့်သတ်ခြင်း၊ မြေစာစွန့်ပစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို သက်ဆိုင်ရာကုမ္ပဏီများက စနစ်တကျဆောင်ရွက်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ အစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်းနှင့် အစီအမံများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်များအတွင်း ဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံသား မရှိဆင်းရဲသားပြည်သူများအပေါ် ကျူးကျော်သူများဟု စွပ်စွဲကာ တရားရုံးအမိန့်ဒီဂရီမပါရှိဘဲ နေအိမ်များကို အကြမ်းဖက်အင်အားသုံးပြီး ဖျက်ဆီးဖယ်ရှားခဲ့သည့်အတွက် ပြည်သူများ အစုလိုက်အပြုံလိုက် အခြေပျက်၊ အနေပျက် ဘဝများပျက်စေသည့် လုပ်ရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်သူ့ရဲတပ်ရင်းတပ်ဖွဲ့များမှ အဘယ်ကြောင့် တားဆီးအရေးယူခြင်း မပြုခဲ့သည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အစိုးရပိုင်မြေများမှ ကျူးကျော်သူများ ဖယ်ရှားရှင်းလင်းမှုနှင့် ပတ်သက်ပြီး ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေ (၂၁/၁)တွင် တစ်စုံတစ်ယောက်သောသူကို ဤဥပဒေအရ အစိုးရမြေမှနှင်ထုတ်ရာတွင် အခွန်တော်အရာရှိသည် ထိုသူနှင့် ထိုမြေတွင် လက်ရှိနေထိုင်သော အခြားသူတစ်စုံတစ်ယောက်ရှိခဲ့လျှင် ထိုသူအား ထိုမြေမှ ထွက်ခွာသွားစေရန်နှင့် သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း၌ အစိုးရပိုင်ပစ္စည်း မဟုတ်သော ထိုမြေပေါ်ရှိ အခြားပစ္စည်းများ ဖယ်ရှားရန် အမိန့်တစ်ရပ်ကို ထုတ်ပြန်နိုင်ကြောင်း၊ ယင်းအမိန့် မိတ္တူတစ်စောင်ကို ထိုမြေပေါ်တွင် မြင်သာသည့်နေရာ သို့မဟုတ် ထိုမြေပေါ်ရှိ အဆောက်အအုံတစ်ခုတွင် ကပ်ထားရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် ၎င်းဥပဒေ၏ (၂၂/၂)တွင် အမိန့်တွင် ဖော်ပြထားသော သတ်မှတ်ထားသည့်အချိန် ကုန်လွန်သွားသည့်နောက် ထိုမြေကို လက်ရှိရယူထားသူ သို့မဟုတ် ထိုမြေပေါ်တွင် ဆက်လက်နေထိုင်သူ မည်သူကိုမဆို အခွန်တော်အရာရှိက ၎င်း၏အမိန့်အား တားဆီးခြင်း သို့မဟုတ် ခုခံခြင်းမပြုနိုင်ရန် ရည်ရွယ်၍ ၎င်း၏ဖမ်းဝရမ်းဖြင့် ဖမ်းဆီးခြင်းခံရမည့်အပြင် အခွန်တော်အရာရှိက သင့်မြတ်သည်ဟု ထင်မြင်သည့်အတိုင်း တရားမထောင်တွင် ကျခံရမည်ဖြစ်ကြောင်း။

ထိုအမိန့်တွင် သတ်မှတ်ထားသည့် အချိန်ကုန်လွန်ပြီးနောက် အစိုးရပိုင်ပစ္စည်းများမှအပ အခြားပစ္စည်းတစ်ခုသည် ထိုမြေပေါ်တွင် ကျန်ရှိနေလျှင် အရာရှိက ပစ္စည်းကို ဖယ်ရှားနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်၊ လမ်းညွှန်ချက်များအရ သက်ဆိုင်ရာ အခွန်တော်အရာရှိများက ဥပဒေနှင့်အညီ အမိန့်ထုတ်ပြန်ခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖယ်ရှားရှင်းလင်းခြင်းတို့ဖြစ်ပါကြောင်း၊ ၎င်းကိစ္စရပ်အတွက် တရားရုံး ဒီဂရီအမိန့် ရယူဆောင်ရွက်ရန် မလိုဘဲ လုပ်ငန်းစဉ်တစ်ခုလုံးကို သက်ဆိုင်ရာအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်များအရ တိုင်းဒေသကြီးနယ်မြေအတွင်းရှိ အစိုးရပိုင်မြေများအပေါ်မှ ကျူးကျော်တဲများ ဖယ်ရှားရှင်းလင်းမှုကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဖယ်ရှားရှင်းလင်းဆောင်ရွက်မှုအပေါ် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပတ်သက်ဆက်စပ်ဆောင်ရွက်ခွင့်နှင့် တားဆီးအရေးယူရန် မရှိသည့်အတွက် ကျူးကျော်နေထိုင်သူများနှင့် တာဝန်အရဆောင်ရွက်သူများအကြား တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုမရှိစေရန် လုံခြုံရေးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့ကောင်စီဥပဒေ(ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် နိုင်ငံတော်ကောင်စီဥပဒေ(ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းတို့အား အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို မေ ၁၂ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# လူထုပညာ နယ်လှည့်စာအုပ်အငှားယာဉ်

**စိန်မြင့်**

ဖဆပလအဖွဲ့ချုပ်က အာဏာရပါတီအနေနဲ့ အစိုးရဖွဲ့ပြီး ပါလီမန်ဒီမိုကရေစီသက်တမ်း ငါးနှစ်အရောက် ၁၉၅၃ ခုနှစ်မှာ နိုင်ငံကိုတိုးတက်အောင် စီမံကိန်းကြီးတစ်ခု လုပ်တယ်။ ပြည်တော်သာစီမံကိန်းပါပဲ။ လူတစ်ကိုယ် တိုက်တစ်လုံး ကားတစ်စီးနဲ့ မြန်မာနိုင်ငံက လူနေမှု အဆင့်အတန်းမြင့်မားစေမယ်။ ပြည်တွင်းစစ်မီးကလည်း ငြိမ်းရခက်တဲ့အချိန်တော့ ကျော်လွန်သွားပြီးပြီ။ ဒါပေမယ့် ငြိမ်းချမ်းရေးတော့ ပေါ်မလာသေးဘူး။ ကမ္ဘာကြီးမှာလည်း စစ်ကြီးပြီးလို့ ပြန်လည်ထူထောင်ရေးတွေနဲ့ လုံးပမ်းနေကြရတဲ့ အချိန်။

အဲဒီလို အခြေအနေမျိုးနဲ့ အချိန်အခါကာလမှာတော့ မြန်မာနိုင်ငံအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေလည်းနိမ့်ကျဆုတ်ယုတ်နေခဲ့တာပါ။ စီးပွားရေးတိုးတက်ဖို့၊ လူမှုရေးအဆင့်အတန်းမြှင့်တင်ဖို့နဲ့ ပညာရေးအဆင့် ကောင်းကောင်းမြှင့်တင်ဖို့ကို လုပ်ကြရပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်ဦးကာလ မြန်မာတို့ရဲ့ အခြေအနေက အဆင့်နိမ့်ကျနေပြီး အင်အားကြီးနိုင်ငံတွေကိုတော့မမီပေမယ့် အိမ်နီးချင်းနိုင်ငံတွေထက်တော့ သာနိုင်ရမယ်ဆိုတဲ့သဘောကို ဖဆပလအစိုးရအဖွဲ့အနေနဲ့ လုပ်ဆောင်ခဲ့တာကို သိသလောက် တင်ပြပါ့မယ်။

၁၉၄၈ ခုနှစ် အောက်တိုဘာလထဲ ပါလီမန်လွှတ်တော်မှာ လူထုပညာသင်ကြားရေးဥပဒေကြမ်းကို တင်သွင်းဆုံးဖြတ်ခဲ့ကြတယ်။ နိမ့်ကျနေတဲ့ လူထုအသိပညာတိုးမြှင့်လာနိုင်ဖို့ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းဖေကနေ "အခြေခံပညာရေးတပ်မတော်စီမံကိန်း" ကိုရေးဆွဲပြီး အစိုးရအဖွဲ့ကို တင်ပြပါတယ်။ အစိုးရအဖွဲ့အနေနဲ့ ၁၉၄၉ ခုနှစ် မတ်လ ၂၀ ရက်မှာ လူထုပညာသင်ကြားရေးအက်ဥပဒေအရ လူထုပညာရေးကောင်စီကို ဖွဲ့စည်းကြပါတယ်။ အဲဒီလူထုပညာရေးကောင်စီ ဖွဲ့စည်းပြီးတာနဲ့ ဝန်ကြီးဦးထွန်းဖေ တင်သွင်းလာတဲ့ "အခြေခံပညာရေးတပ်မတော်စီမံကိန်း" ကို ဆောင်ရွက်နိုင်ဖို့ ပညာရေးကောင်စီကနေ ဆောင်ရွက်ပါလို့ တာဝန်လွှဲအပ်လိုက်တဲ့အခါမှာတော့ အမျိုးသားမြို့မကျောင်းသားဟောင်းတို့ စုစည်းတင်သွင်းထားတဲ့ "ပြည်သူ့ပညာပြန့်ပွားရေးစီမံကိန်း"နဲ့ ပေါင်းစပ်ပြီး "လူထုပညာရေးစီမံကိန်း"ကို ဖော်ဆောင်လိုက်ကြတယ်။

၁၉၄၉ခုနှစ်မှာ "လူထုပညာရေးကောင်စီ"ကို ဝန်ကြီးဦးထွန်းဖေက ဦးဆောင်ပြီး ပညာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်လှအေး၊ နိုင်ငံတော်ရှေ့နေချုပ် ဦးချန်ထွန်း၊ ပြန်ကြားရေးဌာနအတွင်းဝန် ဦးသန့်၊ ပညာရေးဌာန ညွှန်ကြားရေးဝန် ဦးချို၊ မီးသတ်ဌာနညွှန်ကြားရေးဝန် ဦးလှကျော်၊ မြို့မကျောင်း ကျောင်းအုပ် ဦးဘလွင်၊ တက္ကသိုလ်စာကြည့်တိုက်မှူး ဦးသိန်းဟန်(ဆရာဇော်ဂျီ)၊ ဘားမင်း သတင်းစာဆရာ ဦးတင့်ဆွေ၊ လွှတ်တော်ရှေ့နေကြီး ဦးအေးမောင်၊ ဆရာအတတ်သင်သိပ္ပံကထိက ဦးဘဖေ၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းမှ စာတည်းမှူး ဦးစံထွား၊ ဖြန့်ချိရေးမှူး ဦးဟိန်၊ လက်ထောက်စာတည်း ဒေါ်ရီကြိန်နဲ့ ကြည့်မြင်တိုင် အမျိုးသမီးကျောင်း ကျောင်းအုပ်ဆရာမ ဒေါ်နှစ်တို့နဲ့ ဖွဲ့စည်းလိုက်ကြတယ်။

တာဝန်ကတော့ စာဖတ်သူအရေအတွက် တိုးလာဖို့နဲ့ မြန်မာလူထုပညာရေးအခြေအနေ မြင့်လာစေဖို့ ဦးဆောင်လုပ်ကိုင်ခဲ့ကြရတာပါ။ ၁၉၅၄ ခုနှစ်ရောက်တော့ အရင်ဖွဲ့စည်းထားတဲ့ လူထုပညာရေးကောင်စီကို အသင်းသားအသစ်တွေနဲ့ ထပ်ပြီးဖွဲ့စည်းကြပြန်တယ်။ ဥက္ကဋ္ဌအနေနဲ့ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် လူမှုဝန်ထမ်းဝန်ကြီး ဦးဘစောက ဆောင်ရွက်ပြီး အဖွဲ့ဝင်တွေကတော့ စက်မှုလက်မှုဝန်ကြီး ဦးကျော်ငြိမ်း၊ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် လူမှုဝန်ထမ်းဌာနအတွင်းဝန်၊ ပညာရေးဌာန ညွှန်ကြားရေးဝန်၊ မီးသတ်ဌာနညွှန်ကြားရေးဝန် ဦးလှကျော်၊ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်တဲ့သူကတော့ လူမှုဝန်ထမ်းဌာန ညွှန်ကြားရေးဝန်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းအုပ်ချုပ်ရေးမှူး ဦးစံထွား၊ ဖြန့်ချိရေးမှူး ဦးဟိန်၊ ရန်ကုန်တက္ကသိုလ် မဟာပညာဌာနဌာနမှူး ဦးကွန်း၊ ကြည့်မြင်တိုင် အမျိုးသမီးကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နှစ်၊ ချင်းရေးရာဝန်ကြီး ဦးရှိန်ထန်း၊ ကချင်ပြည်နယ် ပညာရေးဝန်ကြီး ဗိုလ်လှကြိုင်၊ ကရင်ပြည်နယ် သာသနာရေးဝန်ကြီး မန်းမြစိန်၊ ကယားပြည်နယ် ပါလီမန်အတွင်းဝန် ဦးစိန်၊ ရှမ်းပြည်နယ် ပါလီမန်အတွင်းဝန် စပ်ခွန်စမ်းတို့က တောင်တန်းဒေသနယ်တွေအတွက် လုပ်ဆောင်နိုင်ဖို့ တိုးမြှင့်ဖွဲ့စည်းပါတယ်။

လူထုပညာရေးကောင်စီလို့ဆိုတော့ လူထုပညာရေးအတွက် လူထုဌာနအဆောက်အအုံကို ပညာရေးမှူးတွေနဲ့ ကျေးရွာလူထုတို့စုပေါင်းတည်ဆောက်ကြပြီး အဲဒီအဆောက်အအုံမှာ ရပ်ရွာအရေးအတွက် အစည်းအဝေးခန်းမအဖြစ်သုံးသလို စာဖတ်ခန်းလည်းဖြစ်၊ စာသင်ခန်းလည်းဖြစ်ပါတယ်။ ကျေးရွာတွေဆီကို အရောက်သွားနိုင်မှ လူထုပညာရေးစီမံကိန်းဟာ အသက်ဝင်တဲ့ လှုပ်ရှားဆောင်ရွက်တဲ့ ဖော်ဆောင်စီမံကိန်းတစ်ရပ်ဖြစ်လာမှာပါ။ ဒါကြောင့် လူထုလုပ်ငန်းပညာရေးကို ဆောင်ရွက်ကြတဲ့အခါ စာဖတ်ခန်းတွေ၊ သင်တန်းခန်းတွေနဲ့အတူ အရေးပါဆုံးဖြစ်တဲ့ လူထုနဲ့ပညာရေးမှူးတို့ ပူးပေါင်းမှုဟာ စီမံကိန်းကို အခက်အခဲတွေ အများအပြားနဲ့ တွေ့ကြုံရမှာပါ။ ပညာရေးမှူးတွေက ဟောပြောစည်းရုံးမှုတွေ လုပ်တယ်။ သက်ကြီးသင်တန်းလို့ခေါ်တဲ့ အရေး၊ အဖတ်အတွက် "အ"သုံးလုံးတွေ လုပ်ပြန်တယ်။ သက်ကြီးစာပေအခြေခံ၊ သက်ကြီးစာပေ၊ သက်ကြီးရွယ်လွန်ဖတ်စာအမှတ်စဉ်အလိုက် ထုတ်ဝေတယ်။ ပြည်သူလူထုတွေဖတ်ဖို့ လူထုပညာစာစောင်ကို တစ်လတစ်ကြိမ် ထုတ်ဝေပြန်တယ်။ လူထုပညာအတ္ထုပ္ပတ္တိဆိုတဲ့ အသိဉာဏ်ဆိုင်ရာ ဖွံ့ဖြိုးစေမယ့် စာစောင်တွေကို ထုတ်ဝေပြန်ပါတယ်။ အဲဒီအချိန်ကာလမှာ လူထုတွေ စာဖတ်အောင်လုပ်နိုင်ဖို့ဆိုတာ အတော်ကိုပင်ပန်းခက်ခဲတဲ့ အလုပ်တစ်ခုပါ။

လူတစ်ယောက်ဟာ သာမန်အနေနဲ့ဆိုရင် အတန်းကျောင်းမှာ စာသင်ပြီးစာဖတ်နိုင်ပြီဆိုတော့ စာတတ်သူဖြစ်ပြီလို့ သတ်မှတ်နိုင်ပေမယ့် တကယ်လည်း စာတတ်သူတစ်ယောက်ဖြစ်ပေမယ့် စာဖတ်သူတစ်ယောက်တော့ ဖြစ်မလာတတ်ပြန်ဘူး။ စာဖတ်သူတစ်ယောက်ဖြစ်လာဖို့ကို အနည်းဆုံးတော့ အချိန်၊ ပတ်ဝန်းကျင်၊ လက်လှမ်းမီတဲ့ စာအုပ်၊ ဖြန့်ဝေရေးကလည်း လိုအပ်ပြန်တယ်။ ပတ်ဝန်းကျင်ဆိုတဲ့ နေရာမှာလည်း စာဖတ်နိုင်အောင်ဖန်တီးပေးထားတဲ့ အဝန်းအဝိုင်းမျိုး လိုပြန်တယ်။ နောက်ပြီး မိသားစုဝင်ငွေလည်း ပါသေးတယ်။ မြန်မာနိုင်ငံရဲ့ လူထုဟာ လက်လုပ်လက်စားတွေ ဖြစ်ကြတယ်။ စိုက်ပျိုးရေးနဲ့ အသက်မွေးတဲ့ နိုင်ငံကလူထုမို့ လယ်သမားတွေဖြစ်ကြတယ်။ လယ်နားမှ အချိန်အားရတယ်။ အချိန်အားမှ အားတဲ့အချိန်လေးမှာ စိတ်ထဲမှန်းရည်ထားတဲ့အလုပ်တွေကို လုပ်တတ်ကြတယ်။ လက်လုပ်လက်စား အလုပ်သမားတို့လည်း အလုပ်အားချိန်ရမှ ကိုယ်လုပ်ချင်တဲ့ကိစ္စရပ်တွေကို လုပ်နိုင်ကြတယ်။

အဲဒီလို လူထုအချိန်အားကိုစောင့်ပြီး လူထုပညာစီမံကိန်းရုပ်လုံးဖော်သူတွေက လူထုပညာစာစောင်ကို တစ်လတစ်ကြိမ် ထုတ်ဝေခဲ့ရာက စာစောင်ရေအနေနဲ့ ၁၉၅၀ ခုနှစ်မှာ စောင်ရေ ၁၀၀၀ သာရှိပြီး ၁၉၅၄ ခုနှစ် မေလရောက်တော့ စောင်ရေတစ်သောင်းအထိ တိုးလို့ ထုတ်ဝေခဲ့ကြတယ်လို့ သိရပါတယ်။ စောင်ရေတိုးထုတ်ပြီး ဖြန့်ဝေဖို့ကိုတော့ အတော်လေးအားစိုက်ကြရပါတယ်။ ဒီထုတ်ဝေတဲ့ စာစောင်တွေ၊ အဲဒီခေတ်ပြိုင်စာအုပ်တွေကို လူထုလက်ထဲအရောက်ပို့ရတာကလည်း အလွယ်တကူနဲ့တော့ ဖြစ်တာမဟုတ်ပါဘူး။ ဒီကနေ့ခေတ်လို အင်တာနက်ဝက်ဘ်ဆိုဒ်ကို ဖွင့်လိုက်လို့ စာတွေကျလာတာ မဟုတ်တော့ အတော်လေးကို အားတင်းမဲတင်းပြီး လုပ်ကြရမှာဆိုတာ အသေအချာပါ။ စာဖတ်မယ့်သူတွေနဲ့ ဖြန့်ဝေသူတွေရဲ့ အကြား ပေါင်းကူးတစ်ခုလိုအပ်တာကို လူထုပညာရေးကောင်စီကနေပြီး အစီအစဉ်တစ်ရပ် ဆွဲကြပြန်တယ်။

ဒါကတော့ နယ်လှည့်စာကြည့်တိုက်တည်ထောင်တဲ့ လုပ်ငန်းတစ်ရပ်ကို လုပ်ခဲ့တာပါပဲ။ ကျေးရွာတွေ အထိဆင်းပြီး စာကြည့်တိုက်ကို ဘယ်လိုများတည်ထောင်သလဲလို့ လေ့လာကြည့်ရင် ဒီကနေ့ခေတ်အသုံးအနှုန်းဝေါဟာရတစ်ရပ်ဖြစ်တဲ့ ရွေ့လျားဆောင်ရွက်တာမျိုး (Mobile Active) နဲ့ ရွေ့လျားဆောင်ရွက်သူတို့အဖွဲ့ (Mobile Team) ကျေးရွာတွေအထိ နယ်လှည့်စာကြည့်တိုက်ကို ထူထောင်ပါတယ်။ အလွယ်ပြောရရင် မော်တော်ကားအကြီးထဲကို စာအုပ်တွေထည့်၊ ဒေသအစုံကို မောင်းနှင်ပြီး လစဉ်အလိုက် ခရီးစဉ်ဇယားတွေရေးဆွဲ၊ ဒေသတွေကို ဖြတ်သန်းလို့ စာအုပ်သေတ္တာတွေကို ကျေးရွာ၊ လူထု၊ ဌာနအဆောက်အအုံတွေအထိ ပို့ပေးပြီး စာအုပ်အငှား ဖွင့်ပေးပြန်တယ်။ အလှည့်ကျစနစ်နဲ့ စာအုပ်သေတ္တာတွေကို ကျေးရွာတွေမှာ ထားပေးပို့ပေးပြီးနောက် တစ်ခါပြန်အရောက် စာအုပ်အသစ်တွေနဲ့ လဲဖတ်စေပြန်တယ်။ ကားပေါ်မှာပါလာတဲ့ စာအုပ်ကိုလည်း အငှားဖွင့်ပေးတယ်။ ဒီကနေ့အခေါ်ကတော့ ရွေ့လျားစာကြည့်တိုက် (Mobile e-Library) ပါပဲ။

ပါလီမန်ဒီမိုကရေစီခေတ်မှာ လူထုပညာရေးစီမံကိန်းဝင်မော်တော်ယာဉ်ဖြစ်တာမို့ လူထုပညာရေးကောင်စီကနေ အမည်တပ်လိုက်တာက "လူထုပညာယာဉ်" ဆိုပြီး အဲဒီကာလရဲ့ ခေတ်စကားတစ်လုံးအသုံးပြုလိုက်ပါတယ်။ နယ်လှည့်စာကြည့်တိုက် မော်တော်ယာဉ်ကြီးကနေ အငှားပေးတဲ့စာအုပ် သေတ္တာကတော့ နယ်လှည့်စာအုပ်သေတ္တာရယ်လို့ ဆိုခဲ့၊ ပြောခဲ့ကြပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ဖဆပလအစိုးရခေတ်အစဦးမှာ အဲဒီအဖြစ်ကို ကြုံတွေ့လိုက်ရတဲ့ အဖြစ်ကို ပြန်ပြောရမယ်ဆိုရင် ကောင်းသာကောင်း၏၊ မဖြစ်လိုက်ရဘူးဆိုသလို စီမံကိန်းဟာ အကြောင်းအမျိုးမျိုးနဲ့ တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ပါတယ်။ ယနေ့ လူထုစာဖတ်ရှိန်မြှင့်တင်နိုင်ဖို့ကိုတော့ စာပေမြှင့်တင်ပေးနိုင်သူတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ သက်ဆိုင်တဲ့ ပြန်ကြားရေးဌာနဝန်ထမ်းတွေ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရပါဦးမယ်။ ။

လူတစ်ယောက်ဟာ သာမန်အနေနဲ့ဆိုရင် အတန်းကျောင်းမှာ စာသင်ပြီး စာဖတ်နိုင်ပြီဆိုတော့ စာတတ်သူဖြစ်ပြီလို့ သတ်မှတ်နိုင်ပေမယ့် တကယ်လည်း စာတတ်သူတစ်ယောက်ဖြစ်ပေမယ့် စာဖတ်သူတစ်ယောက်တော့ ဖြစ်မလာတတ်ပြန်ဘူး။ စာဖတ်သူတစ်ယောက်ဖြစ်လာဖို့ကို အနည်းဆုံးတော့ အချိန်၊ ပတ်ဝန်းကျင်၊ လက်လှမ်းမီတဲ့စာအုပ်၊ ဖြန့်ဝေရေးကလည်း လိုအပ်ပြန်တယ်။ ပတ်ဝန်းကျင်ဆိုတဲ့ နေရာမှာလည်း စာဖတ်နိုင်အောင်ဖန်တီးပေးထားတဲ့ အဝန်းအဝိုင်းမျိုး လိုပြန်တယ်။ နောက်ပြီး····

## သူငယ်တန်း (KG)ဆရာ ဆရာမများ ဆင့်ပွားသင်တန်းဆင်း

ရန်ကုန် မေ ၁၁

ပညာရေးဝန်ကြီးဌာန သူငယ်တန်း (KG)ဆရာ ဆရာမများလေ့ကျင့်သင်တန်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဆင်းပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထက(၁)ရောဝတီ ခန်းမ၌ မေ ၁၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြောက်ပိုင်းခရိုင် ပညာရေးလက်ထောက်ညွှန်ကြားရေးမှူး ဆရာကြီး ဦးသိန်းဝင်းက အဖွင့်အမှာစကား ပြောကြားခြင်း၊ မြို့နယ်ပညာရေးမှူး ဒေါက်တာအေးအေးစမ်းက ကျေးဇူးတင်စကား ပြောကြားခြင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ထူးက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်ပညာရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းသူ ဆရာမများက (KG)သင်ရိုးကဗျာများကို သက်ဝင်လှုပ်ရှားမှုများနှင့် အတူ ကပြဖျော်ဖြေခဲ့ကြသည်။ အဆိုပါသင်တန်းသည် သူငယ်တန်းကလေးငယ်များအတွက် ပညာရေးဝန်ကြီးဌာန၏ အသစ်သင်ခန်းစာ သူငယ်တန်း (KG)ဟု သိရပြီး သင်တန်းသားဦးရေ ၁၃၅ ဦး၊ သင်တန်းနည်းပြ ၁၆ ဦး၊ ကြီးကြပ်သုံးဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**




ရန်ကုန်မြို့ လှိုင်မြို့နယ် ခပေါင်းလမ်း အမှတ်(၁၀/ဒီ)နေ ဒေါက်တာ ဦးသန်းထွန်းဦး(အေးမြနိုးဖောင်ဒေးရှင်း) က ဗိုဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ မျက်စိအတွင်းတိမ် ခွဲစိတ်ကိရိယာပစ္စည်းများလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးဝင်းလွင်၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးအောင်ကြည်နှင့် အတွင်းရေးမှူး ဦးအေးမောင်သန်းတို့ လက်ခံယူစဉ်။ **(ကြေးမုံ)**

ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မြန်မာ့ကျွန်းသစ် မူရင်းဒေသ ပဲခူးရိုးမ

**စိန်မျိုးမြင့်**

မြန်မာနိုင်ငံ သစ်တောသမိုင်း၌ သစ်တောပြုန်းတီးမှုပြဿနာ နှစ်ကြိမ်ဖြစ်ခဲ့သည်။ ပထမတစ်ကြိမ်မှာ ပြည်ပနယ်ချဲ့တို့ကြောင့်ဖြစ်၏။ ဖြစ်ခဲ့သောဧရိယာမှာ မြန်မာနိုင်ငံ အောက်ပိုင်းတစ်ကြောသာဖြစ်၏။ ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ၁၈၂၆ ခုနှစ်မှ နှစ် ၃၀ ခန့်အတွင်း နယ်ချဲ့ ဝိသမလောဘသားများက စည်းကမ်းမဲ့ သစ်ခုတ်ယူခဲ့ကြ၍ အတ္ထရံ၊ မော်လမြိုင်၊ တနင်္သာရီ သံလွင်တစ်ကြောမှ သစ်တောများပြုန်းသွားခဲ့သည်။ ၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ပြည်၊ အောင်လံ တစ်ပိုင်းအထိ ကိုလိုနီလက်အောက် ကျရောက်ခဲ့၏။ ၁၈၅၆ ခုနှစ်တွင် ကံကောင်းထောက်မစွာ ကိုလိုနီသစ်တောအရာရှိတစ်ဦးဖြစ်သည့် ဂျာမန်လူမျိုး ဒေါက်တာဒိုင်းထရစ်ချ်ဘရန်းဒစ် (Dr. Dietrich Barandis) မြန်မာနိုင်ငံ၌ တာဝန်ကျခဲ့ရာ သစ်တောကျွမ်းကျင်သူဖြစ်ပြီး စနစ်ကျသော သစ်တောဌာနကိုဖွဲ့စည်းကာ သစ်ရွေးချယ်ခုတ်လှဲစနစ်ရေးဆွဲ ထိန်းသိမ်းခဲ့၍ သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ခဲ့သည်။ ဘရန်းဒစ် စတင်ကိုင်တွယ်ခဲ့သောနေရာမှာ ပဲခူးရိုးမ မြန်မာ့ကျွန်းသစ်တော မူရင်းဒေသဖြစ်ပေသည်။

မြန်မာ့သစ်တောသမိုင်း ဒုတိယအကြိမ် သစ်တောပြုန်းတီးမှုကား ၁၉၉၀ ခုနှစ်မတိုင်မီခန့်မှ နောက်ပိုင်း နှစ်သုံးဆယ်ခန့်အတွင်း သစ်တောတန်ဖိုးကို အလေးမထားသော အစိုးရများ၊ ဝိသမလောဘ သစ်ကုန်သည်များ၊ ပြည်ပသစ်မှောင်ခိုသမားများနှင့် ခရိုနီတစ်စုတို့ကြောင့် စည်းကမ်းမဲ့ သစ်ခုတ်၊ သစ်ခိုးထုတ်မှုများ ကြီးမားစွာကြုံရသည်။ မြန်မာနိုင်ငံတစ်ဝန်း၌ သစ်တောများ လျော့ပါးပြုန်းတီးခဲ့ရသည်။ ၁၉၉၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ သစ်တောဖုံးလွှမ်းမှု ဧရိယာ ၅၇ ဒသမ ၉၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်ဝန်းကျင်တွင် ၄၉ ဒသမ ၉၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ (၁၇-၁၁-၂၀၁၁ နေ့ထုတ် ကြေးမုံသတင်းစာ၊ မောင်သစ်တော၏ သစ်တောကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်းပါးမှ)

ဤအတောအတွင်း မြန်မာ့သစ်တောများ ပြန်လည်ထိန်းသိမ်းရေးအတွက် ကျန်ရှိသော သစ်တောများကို သစ်တောဦးစီးဌာနမှ ထိန်းသိမ်းခြင်း၊ တစ်ဖက်မှလည်း ပျက်ယွင်းသွားသော တောများနေရာတွင် စိုက်ကွင်းကြီးဝိုင်းများ ပြန်လည်ပျိုးထောင်ခြင်း၊ ပုဂ္ဂလိကကျွန်းစိုက်ခင်းများ ပြန်လည်ပျိုးထောင်ရန် သစ်တောမြေနေရာများ ချထားပေးခဲ့သည်။ ပုဂ္ဂလိကစိုက်ခင်းများ မြန်မာနိုင်ငံအနှံ့၌ ပေါ်ထွက်လာခဲ့၏။

စာရေးသူအနေဖြင့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ တောများ၊ တောင်များအနှံ့ ခရီးသွားဖြစ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး ဧရိယာအများအပြားသို့ ရောက်ရှိခဲ့သည်။ နေရာအများအပြား၌ ပုဂ္ဂလိက ကျွန်းစိုက်ခင်းဆိုင်းဘုတ်များ အများအပြား တွေ့ခဲ့ပါသည်။ ထိုနေရာများ၌ မြေနေရာများ ယူခဲ့သော ပုဂ္ဂလိကကုမ္ပဏီများသည် စည်းကမ်းတကျ အားထည့်၍ လုပ်ဆောင်ကြသူများရှိသလို စနစ်တကျ အားထည့်၍ မလုပ်ဆောင်ကြသော ကုမ္ပဏီများလည်း မြင်တွေ့ခဲ့ရ၏။ လူမြင်ကွင်းအသွားအလာများသော လမ်းဘေးဝဲ၊ ယာ လောက်သာစိုက်ပြီး ကျန်နေရာများ၌ ပစ်စလက်ခတ်ထားသော မြင်ကွင်းမျိုးကို နေရာအများအပြား၌ တွေ့ခဲ့ရပါသည်။ ကုမ္ပဏီအများအပြားမှာ မြေနေရာဦးသောသဘောဖြင့် နေရာယူထားပြီး မြေနေရာရရှိချိန်၌ မူလတောများကို အပြောင်ရှင်း၍ ရသမျှသစ်များထုတ်ယူပြီး ပြန်လည်စိုက်ပျိုးသောအခါ၌ အားထည့်မလုပ်ဆောင်သော စိုက်ခင်းများ အများအပြား တွေ့ရပါသည်။

တကယ်တော့ မြန်မာ့သစ်တောများ ပြန်လည်ပြည့်ဖြိုးရေးအတွက် ရည်ရွယ်၍ ပုဂ္ဂလိကစိုက်ကွင်းများ ထူထောင်စေခဲ့ခြင်းဖြစ်ရာ တကယ့်မူလစီမံချက်များ ပြည့်မီအောင် လုပ်ဆောင်ခြင်းရှိ၊ မရှိကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနနှင့် သစ်တောဌာနတို့က ပြန်လည်စစ်ဆေး ကြပ်မတ်သင့်ကြပေသည်။ စီမံချက်ပြည့်မီအောင် မဆောင်ရွက်သော မြေရယူထားသူများ တွေ့ရှိပါက မြေများပြန်လည်သိမ်းယူခြင်း၊ ပြစ်ဒဏ်များ ချမှတ်ခြင်း၊ တကယ်လုပ်ကိုင်မည့်သူကို ပြန်လည်ချပေးခြင်း စသည်ဖြင့် အရေးယူဆောင်ရွက်သင့်နေပြီဟု ဆိုချင်ပါသည်။

စာရေးသူသည် ငှက်များရှာဖွေဓာတ်ပုံရိုက်ရန်၊ သစ်ခွပင်များ ဓာတ်ပုံရိုက်ရန် တောများ၊ စိုက်ခင်းများ၊ မြစ်ရိုး၊ ချောင်းရိုးများသို့ သွားရောက်ခြင်းများပြုလုပ်လေ့ရှိရာ များမကြာမီက ရှားပါးလာပြီဖြစ်သော မြန်မာ့ဥဒေါင်းနှင့် အခြားမြန်မာ့ဌာနေငှက်များရှိသည်ဟု သိရသည့် ပဲခူးရိုးမသို့ ရောက်ခဲ့ပါသည်။ ပဲခူးရိုးမဖြတ်လမ်းဖြစ်သော ပြည်၊ ပေါက်ခေါင်းမှ အုတ်တွင်း၊ တောင်ငူလမ်းပိုင်း ၁၂၃ မိုင်ခန့်ခရီးကို ပြည်ဘက်မှ ဝင်ရောက်ခဲ့ပါသည်။ ပေါက်ခေါင်းအလွန် ညောင်ဝန်းရွာ (၃၈ မိုင်)မှ အုတ်တွင်းဘက်အထွက် တောက်တဲ့ရွာ (၁၁၃ မိုင်ခန့်)အတွင်း မိုင် ၇၀ ကျော် လမ်းတစ်လျှောက် ကျေးရွာငယ်များ၊ တောကျန်များ၊ ကျွန်းခင်းများ တွေ့ရသည်။ ထိုဒေသကား မြန်မာ့ကျွန်းသစ် မူရင်းဒေသ ပဲခူးရိုးမ (Home of Teak) ဟု အမည်တွင်သော ဒေသဖြစ်သည်။

ထိုလမ်း၏ ၅၉ မိုင်အထိမှာ ပေါက်ခေါင်းမြို့နယ် ဧရိယာဖြစ်ပြီး ထိုနေရာမှကျော်လွန်သော် အုတ်တွင်းမြို့နယ်ဧရိယာဖြစ်သည်။ လမ်းတစ်လျှောက်တွေ့ရသော ကျွန်းကြီးဝိုင်းအများစုမှာ သစ်တောဦးစီးဌာနမှ ထိန်းသိမ်းထားသော နေရာများဖြစ်၍ ပုဂ္ဂလိကကျွန်းစိုက်ခင်းများလည်း ရှိသည်။ တောင်နဝင်း၊ အလယ်နဝင်း၊ ပေါက်တော၊ ဘုန်းတောင်၊ ခပေါင်းစသည့် ကြိုးဝိုင်းဧရိယာများ၊ ခပေါင်းကြိုးပြင်ကာကွယ်တော၊ စိန်ရေဘိနယ် ကာကွယ်တောများ ဧရိယာ ဖြစ်ပါသည်။ ပုဂ္ဂလိကကျွန်းစိုက်ခင်း ဆိုင်းဘုတ် အများအပြား တွေ့ရ၏။ ပေါက်ခေါင်းဘက်ခြမ်း ကျွန်းခင်းများမှာ ပိုမိုစည်ပင်သည်ကိုတွေ့ရပြီး အုတ်တွင်းဘက်ခြမ်း စိုက်ခင်းကျွန်းတောများမှာ ပါးလျားသည်ဟု မြင်ခဲ့ပါသည်။ ထိုလမ်းတစ်လျှောက် ပုဂ္ဂလိကကျွန်းစိုက်ခင်းများမှာ ၂၀၀၅ ခုနှစ် နောက်ပိုင်း ခုနှစ်ထိုးထားသော စိုက်ခင်းများ ချင်းအတူတူ ပေါက်ခေါင်းဘက်မှ ပိုမိုဖြစ်ထွန်းပြီး စိုက်ခင်းအကျယ်အဝန်းများလည်း ပိုမိုသည်ဟု မြင်ခဲ့မိသည်။ ငှက်များလိုက်လံရှာဖွေ၍ ဓာတ်ပုံရိုက်ရန်နေရာ အတော်အနှံ့ရောက်ခဲ့ပြီး မှတ်တမ်းပြုဖွယ်များ တွေ့ခဲ့ရပေသည်။

ကျွန်းမျိုးစေ့၊ သစ်စေ့များမှ မတ်လ၊ ဧပြီလတွင် ကြွေကျလေရာ ကောက်ယူ၍ ကျွန်းစိုက်သူများ မျိုးပွားရပေသည်။ ထိုကြိုးဝိုင်းကို သစ်တောဌာနက ထိန်းသိမ်းထားပေသည်။ ထိန်းသိမ်းထားသည် ဆိုသော်လည်း အစောင့်အနေ အစဉ်အမြဲရှိနေသော နေရာမဟုတ်ရာ ထိုကျွန်းပင်ကြီးများ၏ လုံခြုံရေး၊ ခိုးအခုတ်မခံရရေးအတွက် စီမံဆောင်ရွက်သင့်....

ပေါက်ခေါင်းဘက်ခြမ်း မိုင် ၄၀ ခန့်မှ မိုင်(၆၀)ကျော်အတွင်း တောင်နဝင်း၊ အလယ်နဝင်း၊ ခပေါင်ကြိုးဝိုင်းများ လမ်း၏ဝဲ၊ ယာ၌တည်ရှိရာ တောင်နဝင်းကြိုးဝိုင်းတစ်ခုတည်းမှာပင် သစ်တောဌာနနှင့် ပုဂ္ဂလိကကြိုးဝိုင်း ဧရိယာမှာ အကျယ်အဝန်း ၃၅၀၄၃ ဧကဟု မှတ်သားခဲ့ရသည်။ ထိုနဝင်းနှင့် ခပေါင်းကြိုဝိုင်းတစ်ကြော၌ ပုဂ္ဂလိက ကျွန်းစိုက်ခင်းဧက ၄၄၂၀ ကိုလည်း တွေ့ရသည်။ ဧကလေးထောင်ကျော်စိုက်ခင်းကို ကုမ္ပဏီခုနစ်ခုက စိုက်ပျိုးကြသည်။ ကျွန်းစိုက်ဧရိယာအများဆုံးကုမ္ပဏီမှာ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက် ဧရိယာဖြစ်ပြီး ဧက ၂၅၂၀ စိုက်ထားသည်။ ၂၀၀၇ ခုနှစ်တွင် စတင်စိုက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရရှိထားသော စိုက်ဧကမြေအပြည့် စိုက်ပျိုးပြီးဖြစ်သည်။ ပုဂ္ဂလိက ကျွန်းစိုက်ခင်းအများအပြားမှာ မျောအဆင့် ပင်ညပ်များပင် ထုတ်လုပ်ရရှိနေပြီဖြစ်ပေသည်။ သစ်တောဦးစီးဌာနမှ စိုက်ခင်းများမှာ ၁၉၆၇ ခုနှစ် အစောဆုံးဖြစ်ပြီး ၂၀၁၂ ခုနှစ် စိုက်ခင်းမှာ နောက်ဆုံးဖြစ်သည်။ ကျွန်းခင်းအများဆုံးဖြစ်၍ သစ်တောဌာနစိုက်ခင်းတွင် ပျဉ်းကတိုးစိုက်ခင်း ဧက ၇၀၀ ပါဝင်သည်။ မှတ်သားဖွယ်ရာတစ်ခုတွေ့ခဲ့သည်မှာ ထိုဧရိယာအတွင်း၌ သစ်တောဌာနထိန်းသိမ်းထားသော အစေ့ထုတ်ဧရိယာ ကျွန်းကြိုးဝိုင်းများ SPA(Seed Production Area) ခုနစ်ခု၊ ဧကပေါင်း ၂၈၀ ပါဝင်နေခြင်း ဖြစ်သည်။

အစေ့ထုတ်ဧရိယာ ကျွန်းကြိုးဝိုင်းများမှာ အရေးပါသောနေရာများ ဖြစ်ကြသည်။ ဓမ္မတာမျိုးပွားဧရိယာ မဟုတ်သော စိုက်ပျိုးသည့်ကျွန်းခင်းများအတွက် မျိုးစေ့ရရှိရန်မှာ ထိုအစေ့ထုတ်ဧရိယာများမှသာ ရရှိသည်ဖြစ်၏။ မြန်မာ့ကျွန်းမူရင်းဒေသ ပဲခူးရိုးမ မျိုးကောင်းမျိုးသန့် ကျွန်းပင်ကြီးများမှရသောမျိုးစေ့မှာ တန်ဖိုးရှိအရေးပါလှသည်။

အစေ့ထုတ်ကျွန်းကြိုးဝိုင်းများထဲ၌ ၁၉၁၉ ခုနှစ်က ကျွန်းခင်းမှာ သက်တမ်းအရင့်ဆုံးဖြစ်ပြီး ထိုကျွန်းခင်းမှ အပင်များမှာ လှပခံ့ညားလှပါသည်။ ၁၉၆၇ ခုနှစ် ဧက ၄၀၊ ၁၉၇၃ ခုနှစ် ဧက ၃၀၊ ၁၉၇၈ ခုနှစ် ဧက၂၀နှင့် ၁၉၇၉ ခုနှစ် ဧက ၁၀၀ ကြိုးဝိုင်းတစ်ခုစီ၊ ၁၉၇၇ ခုနှစ် ဧက ၅၀ နှင့် ဧက၂၀ ကြိုးဝိုင်း(၂)ခုတို့ဖြစ်ကြသည်။

သက်တမ်းရင့် ကျွန်းသစ်စေ့ထုတ်ကြိုးဝိုင်းများထဲမှ ဒုတိယသက်တမ်းအရင့်ဆုံးကြိုးဝိုင်းမှာ တောင်နဝင်းကြိုးဝိုင်း ဧရိယာအစ (၄၁)မိုင် ဝန်းကျင်၌ ရှိသည်။ ရှောက်ပင်ကြိုးဝိုင်းဟုလည်းခေါ်ပြီး ရိုးမဖြတ်လမ်းဘေးမှာပင်ရှိ၍ ဧက ၄၀ ကျယ်သည်။ သက်တမ်းအရင့်ဆုံး ကြိုးဝိုင်းမှာ ကိုလိုနီခေတ်က ကြိုးဝိုင်းဖြစ်၍ ရိုးမဖြတ်လမ်း (၄၆) မိုင်ရှိ ပေါ်လံကြီးရွာအဝင်လမ်း၏ တောင်ဘက် (ယာဘက်)ရှိ ချောင်းများ၊ ကြိမ်ချောင်းရွာများဘက်သွားသည့် မြေလမ်းမှ ဝင်ရသည်။ ပေါ်လံကြီးမှ နှစ်မိုင်ကျော် သုံးမိုင်ခန့်ခံ့ညားသော လိပ်ဝအမည်ရှိကြိုးဝိုင်းကို တွေ့လိုက်ရသည်။ တောင်နဝင်းကြိုးဝိုင်း အကွက်အမှတ် (၂၀) ဟုလည်းခေါ်တွင်သည်။ ထိုကြိုးဝိုင်း၌ လုံးပတ် ခြောက်ပေမှ ခုနစ်ပေကြား ကြီးမားသော ကျွန်းပင်ကြီးများ အများအပြား၌ အမိပင် (Mother Tree)ခေါ် မျိုးကောင်းမျိုးသန့် အားကောင်းမောင်းသန် အောင်မြင်သော အသီးအစေ့များ နှစ်စဉ်သီး၍ ခြွေချပေးနေသော အပင်ကြီးများ ရှိပေသည်။

ကျွန်းမျိုးစေ့၊ သစ်စေ့များမှ မတ်လ၊ ဧပြီလတွင် ကြွေကျလေရာ ကောက်ယူ၍ ကျွန်းစိုက်သူများမျိုးပွားရပေသည်။ ထိုကြိုးဝိုင်းကို သစ်တောဌာနက ထိန်းသိမ်းထားပေသည်။ ထိန်းသိမ်းထားသည်ဆိုသော်လည်း အစောင့်အနေ အစဉ်အမြဲရှိနေသော နေရာမဟုတ်ရာ ထိုကျွန်းပင်ကြီးများ၏ လုံခြုံရေး၊ ခိုးအခုတ်မခံရရေးအတွက် စီမံဆောင်ရွက်သင့်သည်ဟု ထင်မိပါသည်။

ထိုဒေသရှိ ပုဂ္ဂလိကကျွန်းစိုက်ခင်းများတွင် စိုက်ခင်းတစ်ခုနှင့်တစ်ခုကြား မီတာ၊ ဧရိယာ၊ တောကျန်ဝန်းကျင်၌ တောင်ယာမြေဖော်ထုတ်ကာ တောင်ယာလည်းစိုက်၊ ကျွန်းခင်းအစောင့်ဝန်ထမ်း လစာလည်းပေးထားကာ အစောင့်အနေအထားပေးသည်မျိုး သစ်စေ့ထုတ်ကြိုးဝိုင်းကို စောင့်ရှောက်သင့်ပါသည်။ ကြိုးဝိုင်းကိုလည်း အလွယ်တကူ ဝင်ရောက်ဖြတ်သန်း၍ မရနိုင်အောင် စည်းရိုးကာရံ စောင့်ရှောက်လျှင် ပိုမိုသင့်လျော်ပါမည်။

တကယ်တော့ လိပ်ဝသစ်စေ့ထုတ်ကြိုးဝိုင်းမှာ သက်တမ်းနှစ် (၁၀၀)ပြည့်ရန် သုံးနှစ်သာလိုပါတော့သည်။ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အခမ်းအနားတစ်ခု လုပ်သင့်သည်ဟု ထင်ပါသည်။ ဂုဏ်ပြုသင့်ပါသည်။

ပဲခူးရိုးမဖြတ်လမ်း ဝဲ၊ ယာမှ "မြန်မာ့ကျွန်းသစ်မူရင်းဒေသ"သို့ ရောက်ရှိခဲ့ရာမှ မြင်တွေ့ခဲ့ရသော မှတ်တမ်းပြုဖွယ်များ ဖြစ်ပါသည်။



**✻ နိုင်ငံတကာမှ**
ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပစဉ် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြည်သူများ၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံအား ဖွံ့ဖြိုးတိုးတက်လာစေရန် ရေတိုစီမံချက်များနှင့် ရေရှည်ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ရေး၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီရေး စသည့် ကိစ္စရပ်များတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မည့် အလားအလာများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ သီးခြားစီ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၁၁**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ အလန် မာရှယ်သည် ယနေ့ နံနက် ၁၁ နာရီတွင်လည်းကောင်း၊ သြစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုလပ်စ် ကာပယ်သည် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ်သည် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ မီဒီယာကဏ္ဍ လက်ရှိအခြေအနေများ၊ ပူးပေါင်းဆောင်ရွက်နေသည့်ကိစ္စများ၊ မြန်မာနိုင်ငံ၏ ပြန်ကြားရေးကဏ္ဍ ပြောင်းလဲမှုအခြေအနေများ၊ စိန်ခေါ်မှုများနှင့် နိုင်ငံတကာကိစ္စရပ်များ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး ဆွေးနွေး

**နေပြည်တော် မေ ၁၁**
မြန်မာနိုင်ငံနှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ် အတွေ့အကြုံများနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးတို့နှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ ကရူ ဂျယဆူရိယတို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြသည်။

**(သတင်းစဉ်)**



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ကရူ ဂျယဆူရိယတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# တပ်မတော်စစ်ကြောင်းများက ဖားကန့်ဒေသတွင် နယ်မြေရှင်းလင်းရေးဆောင်ရွက်

**နေပြည်တော် မေ ၁၁**
KIA လက်နက်ကိုင်အဖွဲ့မှ အဖွဲ့ဝင်တချို့သည် ဧပြီ ၂၉ ရက် ည ၈ နာရီခန့်က ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ နန့်ယားကျေးရွာအုပ်စု စဘော့မော်ကျေးရွာသို့ မော်တော်ယာဉ်နှစ်စီးဖြင့် အရပ်သားအသွင်ဝင်ရောက်၍ ကျေးရွာသို့ အလည်အပတ်ရောက်ရှိနေသူ ငါးဦးနှင့် အိမ်ရှင်ဖြစ်သူ နှစ်ဦး စုစုပေါင်း ခုနစ်ဦးကို အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ထိုသို့ အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားသည့် ရွာသူ ရွာသားများအား ကယ်တင်ရန်နှင့် မြို့/ရွာအနီးရှိ KIA စခန်းပုန်းအား ရှင်းလင်းရန် တပ်မတော်စစ်ကြောင်းများက ပြည်သူ့စစ်ဌာနေအဖွဲ့များနှင့် ပူးပေါင်း၍ နယ်မြေရှင်းလင်း ဆောင်ရွက်ခဲ့ရာ မေ ၁ ရက်မှ ၁၀ ရက်အထိ KIA လက်နက်ကိုင်အဖွဲ့နှင့် ထိတွေ့တိုက်ပွဲ ၁၃ ကြိမ် ဖြစ်ပွားခဲ့ပြီး KIA လက်နက်ကိုင်အဖွဲ့၏ သင်တန်းကျောင်း တစ်ခုနှင့် စခန်းပုန်း ငါးခုကို ရှင်းလင်းနိုင်ခဲ့ကာ အလောင်း တစ်လောင်း၊ လက်နက်မျိုးစုံ လေးလက်၊ ကျည်မျိုးစုံ ၁၈၁ တောင့်၊ ကျည်အိမ်မျိုးစုံ ငါးခု၊ အာရ်ပီဂျီ ဗုံးသီး ငါးလုံး၊ ဒေသန္တရမိုင်း ၁၃ လုံး၊ ကျည်ကာအင်္ကျီ တစ်ထည်နှင့် မော်တော်ယာဉ် တစ်စီး၊ မော်တော်ဆိုင်ကယ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ကာ တပ်မတော်မှ စစ်သည်တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများ၏ နယ်မြေရှင်းလင်းမှုအား အာရုံလွှဲပြောင်းရန်အတွက် KIA လက်နက်ကိုင်အဖွဲ့သည် ဖားကန့်မြို့နယ်အတွင်း လူသွားလမ်းနှင့် ကားလမ်းမကြီးများ၊ လူနေရပ်ကွက်များတွင် မိုင်းထောင်ဖောက်ခွဲခြင်း၊ တပ်စခန်းများ၊ မြို့မရဲစခန်းနှင့် ရဲကင်းများကို လက်နက်ကြီးများ၊ လက်ပစ်ဗုံးများဖြင့် ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ခြင်း စုစုပေါင်း ၁၆ ကြိမ် ပြုလုပ်၍ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်နှင့် တပ်မတော်စစ်ကြောင်းများ၏ နယ်မြေရှင်းလင်းရေး အစီအမံအား နှောင့်နှေးရပ်တန့်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူ အမျိုးသမီး တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး သက်ဆိုင်ရာ နယ်မြေအတွင်းထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

KIA လက်နက်ကိုင်အဖွဲ့မှ အကြောင်းမဲ့ ဖမ်းဆီးထားသည့် ခုနစ်ဦးအနက် မေ ၂ ရက်တွင် ငါးဦးကို ပြန်လည်စေလွှတ်ပေးခဲ့သော်လည်း ကျန် နှစ်ဦးကို ပြန်လည်စေလွှတ်ပေးခြင်း မရှိသဖြင့် တပ်မတော်စစ်ကြောင်းများက အဖမ်းခံထားရသူများကို ကယ်ဆယ်နိုင်ရေးနှင့် ယင်းနယ်မြေအတွင်း KIA လက်နက်ကိုင်အဖွဲ့၏ စခန်းပုန်းများ မရှိစေရေး ဆက်လက်နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဖားကန့်မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရန်နှင့် ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရန်အတွက် သက်ဆိုင်ရာ နယ်မြေအလိုက် ရှောင်တခင် စစ်ဆေးခြင်း၊ လှည့်ကင်းဆောင်ရွက်ခြင်းများကို နယ်မြေခံ တပ်မတော်စစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူ့စစ်များ၊ ဘာသာရေးအသင်းအဖွဲ့များအပါအဝင် ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်း၍ လုံခြုံရေးများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




**မြန်မာနိုင်ငံပြန်တမ်း**

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ(၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးမြသန်း | ညွှန်ကြားရေးမှူးချုပ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) ဦးခန့်ဇော် | ညွှန်ကြားရေးမှူးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဦးတင်ဝင်းအောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်သူ့လွှတ်တော်ရုံး | ညွှန်ကြားရေးမှူးချုပ် ပြည်သူ့လွှတ်တော်ရုံး |
| (ခ) ဦးကိုကိုနိုင် ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး |

**■ အရေးပေါ်မှ**
ဆီသည်ကျေးရွာနှင့် ဟသ်ာမကျေးရွာ၊ မတ္တရာမြို့နယ်တွင်သူဌေးကုန်းရွာ၊ ကုန်းတန်းရွာ၊ ဆင်ကျွန်းရွာ၊ပုသိမ်ကြီးမြို့နယ်တွင် ကျွန်းဆင်ရွာ၊ချိုင့်ကြီးရွာ စုစုပေါင်း ခုနစ်ရွာဖြစ်ပြီး နှစ်ရွာတွင်စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။ "အရေးပေါ်ကမ်းပြိုကာကွယ်ရေးမှာ သေချာအခိုင်အမာလုပ်လို့မရဘူး။ အခိုင်အမာလုပ်ရင် အောက်ပိုင်းကရေဦးထိုးတာမျိုးဖြစ်ရင် အလကားပျက်စီးသွားမယ်။ အခုနောက်ပိုင်းအကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်တဲ့ steel cable groyne နဲ့ လုပ်သွားမယ်"ဟု ၎င်းဆက်လက်ပြောကြားသည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြစ်ကမ်းနံဘေးရွာများက မိမိတို့ရွာတွင် ထူးထူးခြားခြားကမ်းပြိုမှုဖြစ်ခဲ့ပါက သက်ဆိုင်ရာမြို့နယ်/ရပ်ကွက် /ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အကူအညီတောင်းခံနိုင်သည်ဟု ဆိုသည်။ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအနက် ကျေးရွာ ခုနစ်ရွာမှ တစ်ရွာလျှင် ကျပ်သိန်း ၆၀ ခန့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရက် ၁၀၀ စီမံကိန်းဖြစ်သည့် ဇွန်လကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်သော်လည်း ဇွန်လလယ်ပိုင်းတွင် အားလုံးပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**(အောင်ရဲသွင်)**

**မူးယစ်ကို ပစ်ပန်း တိုင်းသစ် စိတ်သစ် လူသစ် ဘဝသစ်**

# လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ကရူ ဂျယဆူရိယနှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မစ္စတာ ကရူ ဂျယဆူရိယနှင့် အဖွဲ့အား နေပြည်တော်ရှိ Park Royal Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ကရူ ဂျယဆူရိယအား လက်ခံတွေ့ဆုံစဉ်။

## တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၃၈/၂၀၁၆**

**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်**

**(၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်)**

**တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(င)၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၂ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် ဦးစိုးမြင့်ကို တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ယုံကြည်မှုတို့ကို မြှင့်တင်သွားမည်

**နေပြည်တော် မေ ၁၁**

လက်ရှိအစိုးရလက်ထက် လွှတ်တော်၊ အစိုးရအဖွဲ့တို့တွင် အာဏာခွဲဝေကျင့်သုံးမှု၊ အမျိုးသားရင်ကြားစေ့ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လွှတ်တော်တွင်း ဥပဒေများ ပြန်လည်ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြန်လည်ရေးဆွဲခြင်းများ ဆောင်ရွက်နေကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ကရူ ဂျယဆူရိယ အား ပြောကြားခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် သီရိလင်္ကာ လွှတ်တော်ဥက္ကဋ္ဌတို့ ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံသည် ဘာသာရေး၊ ယဉ်ကျေးမှုတို့ တူညီကြသည့်အပြင် နိုင်ငံရေးဖြတ်သန်းမှုလည်းတူညီကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၄၉ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ယုံကြည်မှုတို့ကို မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံစလုံးသည် ဘင်မ်းစတက်စ် အဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲလျက်ရှိကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။



သီရိလင်္ကာလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှာ ရှေးယခင်ကတည်းက ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် တူညီကြကြောင်း၊ ၂၀၁၅ ခုနှစ်မှစ၍ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ကောင်းမွန်သည့်ဘက်သို့ ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ လက်ရှိအုပ်ချုပ်ရေးစနစ်၊ လွှတ်တော်တွင် ဥပဒေပြုရေးဆောင်ရွက်နေမှု၊ လွတ်လပ်သည့် အဖွဲ့အစည်းများဖွဲ့စည်းပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးပြောကြားသည်။

**(သတင်းစဉ်)**

## တနင်္သာရီတိုင်းဒေသကြီး စာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၃၉/၂၀၁၆**

**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်**

**(၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်)**

**တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၂၁ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် ဦးသိန်းထွန်းကို တနင်္သာရီတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အမြင့်ဆုံးအပူချိန်စံချိန်သစ်များ

မေ ၁၁ ရက်တွင်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် အမြင့်ဆုံးအပူချိန်စံချိန်သစ်များကို အောက်ပါအတိုင်း ဖော်ပြထားသည်။

| စဉ် | စခန်းအမည် | အမြင့်ဆုံးအပူချိန်စံချိန်သစ် | | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | ဖြူး | ၄၂.၇ | ၁၀၈.၉ | ၄၂.၃ | ၁၀၈.၁ | ၈.၅.၂၀၁၆ | ၃၂ |
| ၂။ | ဘော်လခဲ | ၄၅.၄ | ၁၁၃.၇ | ၄၅.၀ | ၁၁၃.၀ | ၁၅.၅.၂၀၁၀ | ၁၉ |

# ချောင်းဆုံမြို့နယ်တွင် မြစ်မ်းရောင်ကျေးရွာများ ရွေးချယ်

**ချောင်းဆုံ မေ ၁၁**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျေးရွာရွေးချယ်ပွဲကို ချောင်းဆုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မေ ၄ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးလွင်က စီမံကိန်းကျေးရွာများရွေးချယ်ရာတွင် အခြေခံရမည့်အချက်များကို ရှင်းလင်းဆွေးနွေးကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ရွာသုံးရွာကို ရွေးချယ်ခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**

# အမျိုးသားလွှတ်တော် စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၁**

နေပြည်တော်အမျိုးသားလွှတ်တော် အဆောက်အအုံစုပေါင်းခန်းမ၌ ယနေ့မွန်းတည့် ၁၂ နာရီတွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate)ကို **“မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍ၏ လက်ငင်းရင်ဆိုင်နေရသော ပြဿနာများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားကာ စာရေးဆရာ မောင်သံဒိုင် (ဘောဂဗေဒ)က အပြန်အလှန်ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ ဦးခင်မောင်လတ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)၊ ဒေါ်ရွှေရွှေစိန်လတ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)၊ ဒေါ်မြတ်သီတာထွန်း မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေါ်သီရိရတနာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)နှင့် ဒေါက်တာကျော်သန်းထွန်း မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)တို့က **“မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍ၏လက်ငင်းရင်ဆိုင်နေရသောပြဿနာများ”** နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် စာရေးဆရာမောင်သံဒိုင် (ဘောဂဗေဒ)က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လမ်းမတော်မြို့နယ် လမ်းသွယ်အချို့တွင် လက်တွန်းလှည်းအစား အမှိုက်သိမ်းယာဉ်ငယ်ဖြင့် အမှိုက်သိမ်းဆည်း



**ရန်ကုန် မေ ၁၁**

လမ်းမတော်မြို့နယ် (၄)ရပ်ကွက်၊ (၅)ရပ်ကွက် အတွင်းရှိ လမ်းသွယ်အချို့အတွင်း ညပိုင်း အမှိုက်သိမ်းဆည်းရာတွင် လက်တွန်းလှည်း ငယ်များအစား အလိုအလျောက်ကြိတ်စက်ပါ အမှိုက်သိမ်းယာဉ်ငယ်ဖြင့် လိုက်လံသိမ်းဆည်း နေသည်ကို မြင်တွေ့လာရသည်ဟု ယင်း ရပ်ကွက်များတွင် နေထိုင်သူများက ပြော သည်။

မေ ၇ ရက် စနေနေ့ ညပိုင်းတွင် အမှိုက် သိမ်းယာဉ် လမ်းသွယ်အတွင်း ဝင်ရောက်လာ ကြောင်း၊ အမှိုက်ထုပ်များ လာရောက်စွန့်ပစ်နိုင် ကြောင်း အသိပေးမှုကို ယာဉ်ငယ်မရောက်မီ နှိုးဆော်ပြောကြားမှုများရှိခဲ့သည်။ ခေါင်း လောင်းတီးအချက်ပေးမှုနှင့်အတူ အမှိုက်သိမ်း ယာဉ်ငယ်ရောက်ရှိလာပြီး လမ်းအတွင်း နေထိုင်သူများ အမှိုက်ထုပ်စွန့်ပစ်ကြသည်ကို မြင်တွေ့ရသည်။

လမ်းသွယ်များသို့ အမှိုက်သိမ်းယာဉ် ဝင်ရောက်လာချိန်ယာဉ်ရပ်ရန် နေရာရှိပါက ရပ်၍ အမှိုက်စွန့်ပစ်နိုင်သော်လည်း ရပ်ရန် နေရာမရှိပါက လမ်းအတွင်း အရှိန်လျှော့ မောင်းနှင်ပြီး အမှိုက်များကို သိမ်းဆည်းသွား သည်ကို မေ ၁၀ ရက် ည ၈ နာရီခွဲတွင် (၁၁) လမ်းအတွင်း မြင်တွေ့ရသည်။ လမ်းအတွင်း ဖြတ်သန်းမောင်းနှင်သောယာဉ်များ သွားလာ ရာတွင် ပိုမိုအဆင်ပြေရန် အမှိုက်သိမ်းယာဉ် လာသည့် ညပိုင်းယာဉ်ရပ်ရန်နေရာ နှစ်နေရာ ခန့် ချန်ထားပေးလျှင် ပိုမိုကောင်းမွန်သည်ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

ရန်ကုန်မြို့လယ်ရှိ လမ်းသွယ်များ အတွင်း အမှိုက်လှည်းများ အသုံးပြုကာ အမှိုက်သိမ်းဆည်းလာသည်မှာ နှစ်ပေါင်း ၂၀ ဝန်းကျင်ရှိလာသည်။ ယင်းနှစ်ပေါင်း ၂၀ ဝန်းကျင်ကြာမြင့်လာပြီးချိန် ယခုလပိုင်းတွင် လမ်းသွယ်အချို့၌ အမှိုက်သိမ်းယာဉ်ငယ်ဖြင့် တိုက်ရိုက်အမှိုက်သိမ်းသည်ကို ပြန်လည် မြင်တွေ့ရသည်ဟု ယင်းလမ်းအတွင်းနေ အသက် (၈၀)အရွယ်ရှိ ဦးကျော်က ဆိုသည်။

ယခုရက်ပိုင်းမှစ၍ အမှိုက်သိမ်းယာဉ် ငယ်ဖြင့် လမ်းသွယ်အချို့တွင် တိုက်ရိုက် အမှိုက်သိမ်းရာတွင် ညပိုင်းအမှိုက်စွန့်ပစ် သည့် အချိန်ကြောင့် (၉)လမ်း၊ (၁၀)လမ်း၊ လှည်းတန်း၊ (၁၁)လမ်းတို့တွင်သာ ည ၇ နာရီမှ ၁၀ နာရီဝန်းကျင်အတွင်း အမှိုက် သိမ်းဆည်းနိုင်သေးသည်။ လက်တွန်းလှည်း ငယ်အသုံးပြုခဲ့သည့် ကာလများတွင် ညပိုင်း အဆိုပါလမ်းသွယ်တစ်လမ်းလျှင် လက်တွန်း လှည်း တစ်လှည်းနှုန်းဖြင့် အမှိုက်သိမ်းဆည်း ခဲ့သည်။ အဆိုပါ လမ်းသွယ်များအနက် မော်တော်ယာဉ်အဝင်၊ အထွက်မလွယ်ကူသော လမ်းတိုများအတွင်း လက်တွန်းလှည်းများ ကိုသာ အသုံးပြုနေရသေးသည်ဟု သန့်ရှင်း ရေးတာဝန်လုပ်ဆောင်နေသူ ကိုဝင်းက ဆို သည်။

ကားလမ်းမကြီးတစ်လျှောက် အများ ပြည်သူလွယ်လင့်တကူ အမှိုက်စွန့်ပစ်ရန် ထားရှိသော အဖုံးပါ လိမ္မော်ရောင် အမှိုက် ပုံးကြီးများမှ အမှိုက်များကို မွန်းလွဲပိုင်းတွင် တစ်ကြိမ်၊ ညပိုင်းတွင် နှစ်ကြိမ် အမှိုက် သိမ်းယာဉ်အသစ်များဖြင့် လိုက်လံသိမ်းဆည်း နေသည်ကို မြင်တွေ့ရသည်။

စားသောက်ဆိုင်ကြီးများရှိသော နေရာ အနီးရှိ အမှိုက်ပုံးကြီးများထားရှိသော နေရာ တွင် အနံ့ဆိုးထွက်ရှိသောအရည်များ စီးဆင်း နေရာ သန့်ရှင်းရေးဝန်ထမ်းများအနေဖြင့် ထုံးဖြူးပေးခြင်းများရှိသော်လည်း ဖြတ်သန်း သွားလာသူများ အနံ့ဆိုးများ ရှူရှိုက်နေရ သည်ဟု လှည်းတန်းလမ်းတွင် နေထိုင်သူ ကိုဇင်က ဆိုသည်။ ယင်းနေရာအနီးရှိ နောက်ဖေးလမ်းကြား မြောင်းများတွင် အနံ့ဆိုးထွက်ရေဆိုး ရေညစ်များရှိနေသည်ကို မြင်တွေ့နေရဆဲဖြစ်သည်။

လူတစ်ဦးလျှင် နေ့စဉ် အမှိုက်ထွက်ရှိမှု ပမာဏမှာ သုည ဒသမ ၃၉၄ ကီလိုဂရမ်ရှိပြီး ပျမ်းမျှလူဦးရေ ခုနစ်ဦးရှိပါက တစ်နှစ်လျှင် အိမ်ထောင်စုတစ်စုမှ အမှိုက်ထွက်ရှိမှု တစ်တန်ဖြစ်သည်။

၂၀၁၂ ခုနှစ် အမှိုက်စစ်တမ်းများအရ တစ်ရက်လျှင် အမှိုက် ၁၅၅၀ တန်ထွက်ရှိသည်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် တစ်ရက်လျှင် ၁၆၉၀ တန်ထွက်ရှိပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၁၅၆၃ တန်ထွက်ရှိသည်။ ရန်ကုန်မြို့တွင် အမှိုက်များကို ဧက ၁၅၀ ကျယ် ထိန်ပင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၊ ၅၅ ဒသမ ၇၇ ဧကကျယ် ထားဝယ်ချောင်နောက်ဆုံး စွန့်ပစ် အမှိုက်ပုံများသို့ သွားရောက်စွန့်ပစ်ရသည်။ အိမ်ထောင်စုတစ်စုအတွက် တစ်နှစ်ကျော် လျက်ရှိသော အမှိုက်တစ်တန်သိမ်းဆည်းသည့် ကုန်ကျစရိတ်မှာ ငွေကျပ် ၁၄၄၀၀ ရှိသည်ဟု မြို့တော်စည်ပင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်သန့်ရှင်းရေးဌာနမှ ၂၀၁၆-၂၀၁၇ အသိ ပေးစာစောင်တွင် ဖော်ပြထားသည်ကို မြင်တွေ့ရသည်။

ရန်ကုန်မြို့နေသူများအနေဖြင့် မိသားစု ကျန်းမာရေးအတွက် နောက်ဖေးလမ်းကြား များအပါအဝင် လမ်းများ၊ ပတ်ဝန်းကျင်များ တွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း မပြုလုပ် သင့်ကြောင်း၊ သတ်မှတ်အမှိုက်ပုံး၊ အမှိုက်ကန်၊ အမှိုက်လှည်း၊ အမှိုက်သိမ်းယာဉ်များတွင်သာ စည်းကမ်းတကျစွန့်ပစ်ရန် လိုအပ်သည်ဟု အသိပေးစာများ နေရာအများအပြားတွင် မြင်တွေ့နေရသည်။

**(မောင်စေအောင်)**

# တပ်ကုန်းမြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စု ရွှေစုကျေးရွာတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်

**တပ်ကုန်း မေ ၁၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအတွက် လမ်း၊ မီး၊ ရေများနှင့် ကဏ္ဍမျိုးစုံအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စု ရွှေစုကျေးရွာတွင် ထောက်ပံ့ငွေနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေများဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း သုည ဒသမ ၄၇ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ကျေးရွာအတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၂၅၀၀ တို့ကို ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာမှာ အိမ်ခြေ ၁၀၀ လောက်ရှိပြီး ပြည်သူတွေက စပါးသီးနှံ အပြင် တခြား ကြက်သွန်၊ ပြောင်း၊ ပဲသီးနှံစိုက်ပျိုးရေးနှင့်တစ်ပိုင်တစ်နိုင် ဆိတ်၊ နွားမွေး မြူပြီး အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ပါတယ်။ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း တွေကို ကျေးရွာက တစ်အိမ်ထောင် ငွေကျပ်သုံးသိန်းခွဲ၊ အိမ်ခြေ(၈၀)လောက်နဲ့ စတင် မတည်လုပ်ကိုင်ပါတယ်။ ကျေးရွာမှာ လျှပ်စစ်မီးအသုံးပြုတဲ့အခါ အိမ်ရှင်မများ မီးဖိုချောင်နဲ့ ကျောင်းသား ကျောင်းသူတွေ စာကျက်ရာမှာ အဆင်ပြေပြီး သဘာဝ သစ်ပင်များ ဖြုန်းတီးမှုသက်သာလာမည်ဖြစ်၍ ကျေးရွာပြည်သူများလည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးလာတော့မည်"ဟု ရွှေစုကျေးရွာမှ လျှပ်စစ်မီးလင်းရေးကော်မတီဝင် ဘဏ္ဍာရေးမှူး ဦးထွန်းထွန်းက ပြောသည်။

**(တင်စိုးလွင်)**

■

# စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး မေ ၁၁**

အသေးစား၊ အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာန စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံ Friedrich Naumann Foundation အဖွဲ့တို့ ပူးပေါင်းကျင်းပသော စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေး ပွဲကို မေ ၁၀ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် လမ်း(၆၀)နှင့် (၆၁) လမ်းကြား ဖိုးရာဇာလမ်းရှိ ကနောင်စက်မှုခန်းမ၌ ပြုလုပ်သည်။

မြန်မာနိုင်ငံသည် တိုးတက်ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ များနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ SME လုပ်ငန်းသည်လည်း အချိန်တိုနှင့်ပြောင်းလဲလာကာ ပြည်သူ့အကျိုးစီးပွား လျင်မြန်ထိရောက်သောကဏ္ဍတစ်ခု ဖြစ်လာခဲ့ပြီး နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများသည်လည်း များပြားလာသည်။ ထိုလိုအပ်ချက် များကို ဖြည့်ဆည်းပေးနိုင်ရန် မန္တလေးမြို့တွင် Business Plan Creation and Strategy Development Training ရက်တိုသင်တန်းအား ဖွင့်လှစ်ပေးခဲ့ပြီး တက်ရောက်ပြီးသူများအနေဖြင့် ယခုကျင်းပပြုလုပ်သော လုပ်ငန်းချင်းပူးပေါင်းဆောင်ရွက်ခြင်းနှင့် SMEs လုပ်ငန်းများဖွံ့ဖြိုး တိုးတက်စေရန် Business Match Making Workshop ကို ပြုလုပ်ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

အဆိုပါ စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ပေး ခြင်းဖြင့် Entrepreneur များ၊ SME Startup များအတွက် ASEAN-JAPAN COBLAS Method ဖြင့် မိမိတို့၏လုပ်ငန်းများအတွက် Business Plan များ စနစ်တကျရေးဆွဲတတ်စေရန်နှင့် BMO Method ဖြင့် မိမိတို့လုပ်ငန်းများအောင်မြင်နိုင်ခြေရှိ၊ မရှိကို ကြိုတင်ခန့်မှန်းတတ်ပြီး အကျိုးရလဒ်အနေဖြင့် အောက်တိုဘာလတွင် ဂျာမနီနိုင်ငံ Fall Wall Lab Competition ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်နှင့် EU နှင့် ချိတ်ဆက်နိုင်မည့်အခွင့်အရေးများကိုပါ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ **(ဘဦး)**



# ကံမမြို့နယ်၌ လေဘေးသင့်ကျေးရွာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကံမ မေ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်၏ မြောက်ဘက်ရှိကျေးရွာများအနက် လေဘေးသင့်သောကျေးရွာများ၌ ပျက်စီးသွားသည့် အမိုးအကာများ၊ လဲကျကျိုးပဲ့ခဲ့သော သစ်ပင်သစ်ကိုင်းများအား ရှင်းလင်းဖယ်ရှားခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကပစ(၁၂)မှ ဗိုလ်မှူးကြီးဌေးမြင့် ဦးဆောင်သော တပ်မတော် သားများ၊ အမှတ်(၁၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲမှူးဇော်ဇော်အောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် များ၊ ခရိုင်နှင့် မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

ထို့အပြင် ယမန်နေ့က လေပြင်းတိုက်ခတ်မှုကြောင့် ရွာလုံးကျွတ်နီးပါး အိမ်အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သည့် ကျောက်စောင်းကျေးရွာ၌ မေ ၁၁ ရက် နံနက် ၉ နာရီခွဲက အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းဘိုရှိန်က လေဘေးသင့်နေအိမ်၊ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများအတွက် ခြောက်ပေရှိ အိမ်မိုးသွပ် ၁၇၂၆ ချပ်အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# ဇမ္ဗူသီရိမြို့နယ်တွင် နောက်ဆက်တွဲ ဖြည့်ဆည်းစာမေးပွဲ ကျောင်းသား ၂၈၈ ဦး ပြန်ဖြေရမည်

**နေပြည်တော် မေ ၁၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တိုင်းဒေသကြီးမေးခွန်း အဋ္ဌမတန်းနှင့် ခရိုင်မေးခွန်း စတုတ္ထတန်း အစိုးရစစ် နောက်ဆက်တွဲစာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၈၈ ဦး ရှိကြောင်း မြို့နယ်ပညာ ရေးမှူးရုံးမှ သိရသည်။

အဋ္ဌမတန်းကုစားစာမေးပွဲကို ဖြေဆိုကြ မည့် ကျောင်းသား ကျောင်းသူ ၁၆၆ ဦးအား ဖြေဆိုဌာန လေးခု၊ စတုတ္ထတန်း ကုစားစာမေး ပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၁၂၂ ဦးအား စာဖြေဌာန ငါးခု ဖွင့်လှစ်ထားပြီး မေ ၁၆ ရက်မှ ၁၈ ရက်အထိ ဘာသာရပ်များကို သတ်မှတ်ချိန်အတိုင်း ဖြေဆိုကြရမည်ဖြစ် သည်။

နောက်ဆက်တွဲစာမေးပွဲများမဖြေဆိုမီ အခြေခံပညာဦးစီးဌာနက စာမေးပွဲမအောင် သူများအား ပြန်လည်ကုစားသင်ကြားမှုကို မေ ၁ ရက်မှ ၉ ရက်အထိ သတ်မှတ်ပေး ထားသော်လည်း ဇမ္ဗူသီရိမြို့နယ် ပညာရေး ဌာနအနေဖြင့် အောင်ချက်ရာခိုင်နှုန်းအပေါ် မူတည်၍ ကုစားသင်ကြားမှုများကို ပြုလုပ် ပေးခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်က ပြောသည်။

ဧပြီလအတွင်းက ထုတ်ပြန်ကြေညာခဲ့ သော ဇမ္ဗူသီရိမြို့နယ် ပညာရေးဌာန၏ အောင်စာရင်းထုတ်ပြန်ချက်အရ စတုတ္ထတန်း ဖြေဆိုသူ ၁၅၃၅ ဦးအနက် ၁၃၃၆ ဦး အောင်မြင်ခဲ့သည့်အတွက် ၈၇ ဒသမ ၀၃ ရာခိုင်နှုန်းရှိကြောင်း၊ အဋ္ဌမတန်းဖြေဆိုသူ ၁၁၆၅ ဦးအနက် ၁၀၀၃ ဦး အောင်မြင်ခဲ့ သည့်အတွက် ၈၆ ဒသမ ၀၉ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**

■

# ရှမ်းပြည်နယ်အတွင်း မိုးချေးငွေ သန်းတစ်သောင်းကျော်ကို မေလဒုတိယပတ်အတွင်း ထုတ်ချေးမည်

**တောင်ကြီး မေ ၁၁**

ရှမ်းပြည်နယ်အတွင်းမှ မြို့နယ် ၂၆ မြို့နယ်ရှိ တောင်သူပေါင်း ၂၆၅၅၃ ဦးတို့အား ချေးငွေပေါင်းကျပ် ၁၀၈၂၄ ဒသမ ၂၂ သန်း ထုတ်ချေးပေးသွားရန် စီစဉ်ထားပြီး ယင်းချေးငွေများကို ယခု မေလ ဒုတိယပတ်အတွင်း ထုတ်ချေးသွားရန် ဆောင်ရွက်ထားကြောင်း သိရသည်။

၂၀၁၆ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ချေးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၀ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော် တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပြည်နယ်မန်နေဂျာဦးဝင်းမြင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်ဘဏ်ခွဲခုနစ်ခုတို့မှ မြို့နယ်ဘဏ်ခွဲ မန်နေဂျာများတက်ရောက်ကြပြီး ယခုနှစ်တွင် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေမှာ စပါးတစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို တစ်ဧကလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



**မန္တလေး မေ ၁၁**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို အထောက်အကူပြုနိုင်မည့်အပြင် မြန်မာ့လက်မှုအနုပညာရပ်များကိုပါ တွေ့မြင်နိုင်မည့် Recycle Handmade အသုံးအဆောင်ပစ္စည်းများအား ဈေးကွက်တင်ရောင်းချနိုင်ရန် စီစဉ်နေကြောင်း မင်္ဂလာပါမြန်မာ့လက်မှုပစ္စည်းများ အရောင်းပြခန်းမှ ဒေါ်သီတာစမ်း က ပြောသည်။

Recycle Handmade အသုံးအဆောင်ပစ္စည်းများမှာ စားပွဲတင်မီးအိမ်၊ မျက်နှာကြက်မီးအိမ်၊ ဝိုင်သောက်သည့်ခွက်များ၊ ရေနွေးခွက်၊ ပိုက်ဆံအိတ်၊ ရေခွက်၊ ကြွယ်သီး၊ စုဘူး၊ လေမှုတ်မီးအိမ်၊ လက်ဖက်အုပ်၊ ဆပ်ပြာခွက်စသည့် အသုံးအဆောင်ပစ္စည်းများဖြစ်ပြီး လုပ်ကိုင်ဖန်တီးရသည့် လက်ရာအပေါ်မူတည်၍ ဈေးနှုန်းများမှာ အနိမ့်ဆုံး ငါးဒေါ်လာမှ အမြင့်ဆုံး ဒေါ်လာ ၃၀၀ အထိရှိကြောင်း သိရသည်။

လူမှုပတ်ဝန်းကျင်တွင် အသုံးမလိုတော့သည့် စွန့်ပစ်ပစ္စည်းများဖြစ်သော ဘူးသီးခြောက်၊ အုန်းခွံ၊ သတင်းစာစက္ကူအဟောင်းများ၊ CD ချပ်အဟောင်းများနှင့် စွန့်ပစ်ပိုက်များဖြင့် မြန်မာ့လက်မှုအနုပညာရပ်ကို အသုံးပြုကာ လှအသုံးအဆောင်ပစ္စည်းများ တီထွင်ဖန်တီး၍ ပြည်တွင်း ပြည်ပဈေးကွက်တွင် ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စွန့်ပစ်ပစ္စည်းတွေကို အသုံးပြုတဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအန္တရာယ်ကို တစ်ဖက်တစ်လမ်းက အကာအကွယ်ပေးနိုင်တဲ့အပြင် မြန်မာ့လက်မှုအနုပညာရပ်တွေကိုပါ ခံစားလေ့လာနိုင်အောင် အသုံးအဆောင်ပစ္စည်းအနေနဲ့ ဖန်တီးထုတ်လုပ်နေတာပါ"ဟု ၎င်းက ဆိုသည်။

အဆိုပါ Recycle Handmade အသုံးအဆောင်ပစ္စည်းများကို နိုင်ငံခြားဈေးကွက်တင်ပို့ရောင်းချနိုင်ရန် အဓိကမျှော်မှန်းထားပြီး ပြည်တွင်းစိတ်ဝင်စားမှု အခြေအနေမှာလည်း ၇၀ ရာခိုင်နှုန်းအထိရှိခြင်းကြောင့် ပြည်တွင်း၊ ပြည်ပမျှတစွာ ရောင်းချနိုင်ရန် စီစဉ်လျက်ရှိသည်။

"နိုင်ငံခြားသားတွေက Recycle နဲ့ ပတ်သက်ပြီး အတော်အလေးထားကြတယ်။ ဒီလိုပစ္စည်းတွေ ထုတ်လုပ်နေတာသိတော့ လာပြီးလေ့လာကြတယ်။ ဝယ်ယူဖို့လည်း အော်ဒါမှာသွားတာတွေ ရှိပါတယ်။ ပြည်တွင်းမှာတော့ စားသောက်ဆိုင်နဲ့ ဟိုတယ်တွေက မှာယူမှုတွေရှိနေပါတယ်"ဟု ဒေါ်သီတာစမ်း က ပြောသည်။

ထိုကဲ့သို့ တီထွင်ဖန်တီးထုတ်လုပ်မှုအကျိုးရလဒ်အနေဖြင့် မြန်မာ့လက်မှုအနုပညာရှင်များ၏ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာသည့်အပြင် အုန်းသီး၊ ဘူးသီး ရောင်းချသည့် စိုက်ပျိုးရေးသမားများအတွက်လည်း တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိနိုင်မည်ဖြစ်သည်။

"အသုံးအဆောင်တွေကို အုန်းသီးနဲ့ပြုလုပ်တာများတယ်။ ကုန်ကြမ်းက အုန်းသီးပဲပေါတာ။ ဘူးသီးက ကုန်ကြမ်းရှားတယ်။ မန္တလေးမှာဆို ဘူးသီးစိုက်တာ နည်းတဲ့အတွက် ရှမ်းပြည်နယ်ဘက်က ကုန်ကြမ်းမှာနေရတယ်။ ဖန်တီးပြုလုပ်တဲ့နေရာမှာတော့ အခက်အခဲသိပ်မရှိဘူး။ နည်းပညာပဲ တိုးတက်အောင် ကြိုးစားနေပါတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ **(အောင်ရဲသွင်)**

# Recycle Handmade ပစ္စည်းများကို ငါးဒေါ်လာမှ ဒေါ်လာ ၃၀၀ အထိ ဈေးကွက်တင်ရောင်းချမည်



# လူကုန်ကူးမှုတားဆီးကာကွယ်ရေး မန္တလေးဘူတာရုံ၌ တိုးမြှင့်ဆောင်ရွက်

**မန္တလေး မေ ၁၁**

ရက် ၁၀၀ စီမံချက်ဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးမှုအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်ထွန်းထွန်းနိုင်အဖွဲ့နှင့် ရထားရဲတပ်ဖွဲ့မှ ရဲအုပ်စိုးဦးနှင့်အဖွဲ့တို့ ပူးပေါင်းကာ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းကို မေ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲက မန္တလေးချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ မြန်မာ့မီးရထားဘူတာကြီး ခရီးသည်နားနေဆောင်တွင် ပြုလုပ်ခဲ့ပြီး အမှတ် (၆) အစုန် မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာမည့် ရထားပေါ်ရှိ ခရီးသွားပြည်သူများအား လူကုန်ကူးမှုနှင့် ပတ်သက်သော လက်ကမ်းစာစောင်များ ပေးဝေခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ဒု-ရဲအုပ်ထွန်းထွန်းနိုင်က လူကုန်ကူးမှု ပေါ်ပေါက်လာပုံ နောက်ခံသမိုင်းကြောင်းကို လည်းကောင်း၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုခြားနားပုံအကြောင်းကို လည်းကောင်း၊ ရွှေ့ပြောင်းသွားလာခြင်းကြောင့် ကြုံတွေ့လာမည့် အခက်အခဲများအကြောင်းကိုလည်းကောင်း လူကုန်ကူးမှုဥပဒေအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားရာ ခရီးသွားပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ရှင်းလင်းခဲ့သည်။

၂၀၁၅ ခုနှစ်တွင် မန္တလေးမြို့၌ လူကုန်ကူးမှု ၁၄ ခုကို ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ပြီး အသိပညာပေးဟောပြောပွဲပေါင်း ၃၀၈ ကြိမ်ပြုလုပ်ကာ ၆၆၄၉၅ ဦးအား အသိပညာပေးနိုင်သည်ဟု လူကုန်ကူးခြင်းနှင့်ပတ်သက်၍ အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်စုမှူး ရဲမှူးဖေသိန်းနှင့် တွေ့ဆုံမေးမြန်းရာတွင် ဖြေဆိုခဲ့သည်။

ဆက်လက်ပြီး အသိပညာပေး ပိုစတာခြောက်ခုနှင့် လက်ကမ်းစာစောင် ၂၀၂၇၆ စောင်ကိုလည်း ဖြန့်ချိပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် လူကုန်ကူးမှုလေးမှုအား ဖော်ထုတ်နိုင်ခဲ့ပြီး ဖေဖော်ဝါရီလမှဧပြီလထိ အသိပညာပေးဟောပြောပွဲပေါင်း ၉၉ ကြိမ်ပြုလုပ်ကာ ၁၄၀၁၄ ဦးအား အသိပညာပေးနိုင်ကြောင်း သိရသည်။

လူကုန်ကူးမှုအကြောင်းနှင့် လူကုန်ကူးမှုဟု သံသယရှိပါက အရေးပေါ်ဖုန်းနံပါတ်များဖြစ်သော ၀၉ ၄၉ ၅၅၅ ၆၆၆ နှင့် ၀၉ ၄၉ ၅၅၅ ၇၇၇ သို့ ၂၄ နာရီဆက်သွယ်သတင်းပေးနိုင်ကြောင်း သိရသည်။

**(၀၀၂)**



# ပုဗ္ဗသီရိမြို့နယ်တွင် စိန်တစ်လုံးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ

**ပုဗ္ဗသီရိ မေ ၁၁**

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက်တွင် စိန်တစ်လုံးသရက်ပင် စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း၍ သရက်သီးများလည်း ဈေးကောင်းရရှိကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးထားသော စိန်တစ်လုံးသရက်ပင်များအား ၂၀၁၂ ခုနှစ် ဩဂုတ်လကုန်မှ စတင်စိုက်ပျိုးပြီး ပျိုးပင်များကို မိတ္ထီလာဘက်မှ တစ်ပင်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးပြီး စိုက်ပျိုးမှုအနေဖြင့် တစ်ပင်လျှင် အကျယ်နှစ်ပေ၊ အနက်နှစ်ပေတူးကာ ပင်ကြားတန်းကြား ၁၅ ပေ ပတ်လည်တူး၍ စိုက်ပျိုးပြီး တစ်ဧကလျှင် အပင်ပေါင်း ၁၉၀ ကျော်အထိ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

"တစ်ဧက ကုန်ကျငွေအနေနဲ့ ပျိုးပင်ဖိုး၊ အလုပ်သမားခ၊ အထွေထွေအသုံးစရိတ်အပါအဝင် ငွေကျပ် လေးသိန်းလောက် ကုန်ကျပါတယ်။ သရက်သီးအလုံး အကြီး၊ အသေးပေါ်မူတည်ပြီး တစ်လုံးကို ငွေကျပ် သုံးရာကနေ ခြောက်ရာအထိ ရောင်းရပါတယ်။ လက်ရှိအလုံးပေါင်း ၂၀၀၀ ကျော် ဆွတ်ခူးရောင်းချခဲ့ရပြီး ရောင်းရငွေ ခြောက်သိန်းခွဲခန့် ရရှိနေပါပြီ။ နောက်ထပ်လည်း နှစ်သိန်းဖိုးလောက် ရောင်းချဖို့ ကျန်နေသေးပါတယ်။ ရောင်းချမှုအနေနဲ့ကတော့ ရန်ကုန်မြို့ သီရိမင်္ဂလာဈေးနဲ့ ပျဉ်းမနားမြို့ရှိ အာဟာရသုခဈေးတွေမှာ ရောင်းချပြီး ကိုယ်တိုင်လာရောက်ဝယ်ယူသူတွေလည်း ရှိပါတယ်။ အော်ဂဲနစ် သရက်ပင်စိုက်ပျိုးပါက မိသားစုဝင်ငွေတိုးပြီး အကျိုးစီးပွားဖြစ်ထွန်းစေနိုင်ပါတယ်" ဟု စိုက်ပျိုးသူတစ်ဦးက ပြောသည်။

**(ရွှေရဲရင့်)**

# ဇမ္ဗူသီရိမြို့နယ်၌ အယ်နီညိုအကျိုးသက်ရောက်မှု ဆွေးနွေး

**နေပြည်တော် မေ ၁၁**

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးတောင်သူများအား အယ်နီညို အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ ဆွေးနွေးပွဲကို မေ ၁၀ ရက် နံနက် ၉ နာရီက တဲကြီးကုန်းကျေးရွာအုပ်စု ရှားတောဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အယ်နီညိုအကျိုးသက်ရောက်မှုများအကြောင်း၊ မျိုးရွေးချယ်စိုက်ပျိုးမှုနှင့် သိုလှောင် ထိန်းသိမ်းမှု မြေဆီလွှာထိန်းသိမ်းမှုများကို အသီးသီး ရှင်းလင်းဆွေးနွေးခဲ့သည်။ **(ကိုကိုရှပ)**



## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၂ - ၅ -၂၀၁၆ (ကြာသပတေးနေ့)]

### Entertainment Channel

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၂၀ အနုပညာရှင်ပေါင်းစုံ (၄) သင်းပတ်လည် ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ အကြို ပြင်ဆင်မှုများ
၆း၄၀ ကာတွန်းအစီအစဉ် "Space Chimps" (အပိုင်း-၂)
၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်သော ပုစ္ဆာ” (အပိုင်း-၄၃)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “အချစ်စစ်ရဲ့ အလှတရား” (အပိုင်း -၄၃)
၈း၄၀ တေးဂီတအစီအစဉ်
၈း၅၀ English Premier Lea -gue (Review-II)
၉း၁၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၃၀ ရွှေမန်းဇာတ်သဘင်အစီအစဉ် (အပိုင်း-၂)
၉း၅၀ တေးဂီတအစီအစဉ်
၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း “မမြင်နိုင်သော ”

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ထောင်ကာအက (ကချင်)
၈း၃၅ “သဘာဝအဆင်အသွေးနဲ့ ထင်ရေးလို့အလှခြယ်”
၉း၃၅ လှပစုံလင်အာဆီယံတစ်ခွင်
၉း၄၅ Colours of ASEAN
၁၀း၃၅ အလုပ်အကိုင်အခွင့်အလမ်း အစီအစဉ်
၁၁း၁၅ Graphic Info
၁၁း၃၅ “စီးဆင်းပါစေမေတ္တာရည်”
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ရွှေထီးဆောင်းမိသားစု” (အပိုင်း-၁၈)
၁း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါ ဂင်ချီ” (အပိုင်း-၁၈)
၂း၃၀ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ “ဖြုပ်မွှေတဲ့ငွေ”(ညောင်ညောင်၊ ဟန်နီမောင်မောင်၊ ရွှေဖူးစာ) (ဒါရိုက်တာ-ညီညီဘမောင်)
၃း၃၅ Weekly Sport Info
၄း၃၅ Football Magazine (ရှမ်းယူနိုက်တက်အသင်း)
၅း၁၅ ပြည်သူတို့ရဲ့ စကားသံများ
၅း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၆း၃၅ ပြည်သူနီတိ “မျဉ်းပြိုင်နှစ်ကြောင်း၏လာရာ”
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါဂင်ချီ” (အပိုင်း-၁၉)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
-လွှတ်တော်ရေးရာအဖြာဖြာ
-မီးသတ်တပ်ဖွဲ့ ဂုဏ်ပြုဇာတ်လမ်း "191" (အပိုင်း-၃) (ပြေတီဦး၊ နိုင်းနိုင်း၊မင်းမော်ကွန်း၊ မိုးဟေကို၊ ယုသန္တာတင်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ-ဝိုင်း)
-နိုင်ငံခြားဇာတ်လမ်းတွဲ “ရွှေထီးဆောင်းမိသားစု” (အပိုင်း-၁၉)
-မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ “ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေး” တရားတော်(ဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ (သီတဂူဆရာတော်)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၅၉)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (၃)နှစ်ပြည့် မင်္ဂလာဒုံမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ် ကျောင်းပေါင်းစုံစုံညီပွဲတော် အခမ်းအနား)
၈း၀၀ “မင်္ဂလာပါ” The Moring Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၁၀၇)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ အနုပညာမိုးကောင်းကင်
၁၁း၅၀ MRTV-4 Stage
၁၂း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဂန္ထဝင်ကုန်သည်” (အပိုင်း-၇၅)
၁၂း၅၀ ရန်ကုန်မြင်ကွင်းကျယ်(7Day Cars မှ ကြီးမှူးကျင်းပတဲ့ RC Drift ကားပြိုင်ပွဲအခမ်းအနား)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “လူရည်ချွန်” (အပိုင်း-၂၁)
၃း၄၅ Miss Myanmar World 2016
၃း၅၅ (၇၀) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဂုဏ်ပြု ရုပ်သံဇာတ်လမ်း "191" (အပိုင်း-၃)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၆၀)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “လူရည်ချွန်” (အပိုင်း-၂၂)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း -၁၀၈)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဂန္ထဝင်ကုန်သည်” (အပိုင်း-၇၆)
၁း၃၅ ရန်ကုန်မြင်ကွင်းကျယ်
-Knowledge Update in Cardiology
-(၃) နှစ်ပြည့် မင်္ဂလာဒုံမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ် ကျောင်းပေါင်းစုံစုံညီပွဲတော် အခမ်းအနား
၃း၄၀ MRTV-4 Stage
၄း၁၀ World of Knowledge (Seahorses; Wanted Dead or Alive)

## မင်္ဂလာပွဲမှ ရရှိလာသည့်လက်ဖွဲ့များအားလုံးကို ကလေးငယ်ပရဟိတအဖွဲ့များသို့ လှူဒါန်းသွားမည့် မင်းသမီးကူဟေးဆွန်းတို့မင်္ဂလာစုံတွဲ



ကိုရီးယားသရုပ်ဆောင် ငွေကြယ်ပွင့်များဖြစ်ကြသည့် မင်းသမီး ကူဟေးဆွန်းနှင့် မင်းသား အာဂျေးယွန်းတို့က ၎င်းတို့၏ မင်္ဂလာဧည့်ခံပွဲကို ရိုးရှင်းစွာပင် ကျင်းပသွားရန်ရည်ရွယ်ထားပြီး ယခုအခါ လက်ထပ်ပွဲအတွက် အကြိုဓာတ်ပုံရိုက်ကူးခြင်းများကို ဂျေဂျူးကျွန်း၌ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

၎င်းတို့နှစ်ဦး၏ မင်္ဂလာသတင်းသည် လွန်ခဲ့သည့်လအနည်းငယ်ကတည်းက ပရိသတ်များအကြား ပျံ့နှံ့နေခဲ့ခြင်းဖြစ်ပြီး အဆိုပါဓာတ်ပုံရိုက်ကူးခြင်းအတွက် ဖက်ရှင်မဂ္ဂဇင်းနှင့် မင်္ဂလာအကျိုးဆောင်ကုမ္ပဏီများက ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မင်းသမီး ကူဟေးဆွန်းနှင့် မင်းသား အာဂျေးယွန်းတို့က ၎င်းတို့၏ မင်္ဂလာပွဲကို အရင်းနှီးဆုံးမိတ်ဆွေများနှင့် ညစာစားပွဲကဲ့သို့ ရိုးရှင်းသော မင်္ဂလာပွဲသာ ပြုလုပ်ရန်စီစဉ်ထားပြီး မင်္ဂလာပွဲမှရရှိလာသည့် မင်္ဂလာလက်ဖွဲ့များကို ကလေးငယ်ပရဟိတအဖွဲ့များသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကြီးကျယ်ခမ်းနားသောမင်္ဂလာပွဲအတွက် ကုန်ကျငွေများကို လိုအပ်ချက်များရှိနေသည့် ကလေးငယ်များသို့ လှူဒါန်းသွားလိုသည့် ဆန္ဒ ၎င်းတို့နှစ်ဦးတွင် ပြင်းထန်နေသဖြင့် ယင်းသို့စီစဉ်ခြင်းဖြစ်သော်လည်း မင်္ဂလာပွဲကို အနှစ်သာရပြည့်ဝစွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးစန္ဒာမြင့် - စုစည်းသည်**

## လော့စ်အိန်ဂျလိစ်မြို့တွင် The Angry Birds Movie ဇာတ်ကား စတင်ပြသ

The Angry Birds Movie အမည်ရှိ သရီးဒီအန်နီမေးရှင်း ဇာတ်ကားကို ယခုလ ၇ ရက်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ Regency Village ၌ စတင်ရုံတင်ပြသခဲ့သည်။

ယင်းဇာတ်ကားသည် အမေရိကန်-ဖင်လန် ပူးပေါင်းရိုက်ကူးထားခြင်းဖြစ်ပြီး Sony Pictures Imageworks မှ အန်နီမေးရှင်း ပြုလုပ်ပေးထားခြင်း ဖြစ်သည်။

အဆိုပါဇာတ်ကား ရိုက်ကူးရေးအတွက် ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ သန်း ၈၀(ယူရို ၇၅ သန်း) ကုန်ကျမည်ဟု ခန့်မှန်းထားသော်လည်း Rovio နှင့် Sony Entertainment မှ ယင်းဇာတ်ကားအတွက် မားကတ်တင်းနှင့် ဖြန့်ချိပြသမှုကုန်ကျစရိတ်အတွက် ယူရိုငွေ သန်း ၁၀၀ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

The Angry Birds Movie ဇာတ်ကားကို ဖင်လန်နှင့်ယူကေတို့၌ မေ ၁၆ ရက်တွင် လည်းကောင်း၊ အမေရိကန်နိုင်ငံ၌ မေ ၂၀ ရက်တွင် လည်းကောင်း စတင်ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။




Angry Birds(အနီ)၏ အသံ သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သည့် သရုပ်ဆောင် Jason Sudeikis အား မေ ၇ ရက်က The Angry Birds Movie ဇာတ်ကား စတင်ရုံတင်ပြသပွဲတွင် တွေ့ရစဉ်။

## ကြေးမုံ ရုပ်ရှင်အညွှန်း

### လျှို့ဝှက်သည်းဖိုဇာတ်ကား The Huntsman Winter's War ယခုတစ်ပတ်အတွင်း ရုံတင်ပြသမည်




ယခုတစ်ပတ်၏ရုပ်ရှင်အညွှန်းကဏ္ဍတွင် အသစ်ရုံတင်ပြသမည့် "The Huntsman Winter's War" အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကားနှင့် မိတ်ဆက်ပေးချင်ပါတယ်။ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးကနေ ထုတ်လုပ်ပြီး သရုပ်ဆောင် ခရစ်စ်ဟမ်းစ်ဝေါ့၊ ဂျက်စီကာချက်စတိန်းနဲ့ အမ်မီလီဘန့်တို့က ခေါင်းဆောင်ပါဝင်ထားပြီး သည်းထိတ်ရင်ဖို အက်ရှင်ဒရမ်မာဇာတ်ကားတစ်ကားလည်းဖြစ်ပါတယ်။ ဒီဇာတ်ကားသစ်ကို ရွှေ့ဆောင်နဲ့ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတို့မှာ မေ ၁၃ ရက်မှာ စတင်ရုံတင်ပြသသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အက်ရှင်ဇာတ်ကားကြိုက်ပရိသတ်များ မျှော်လင့်စောင့်စားနေကြသည့် ကမ္ဘာတစ်ဝန်းရုပ်ရှင်ရုံများတွင်လည်း တစ်ပြိုင်နက်နီးပါးပြသကာ ရုံဝင်ငွေကောင်းနေလျက်ရှိသည့် ကပ္ပတိန်အမေရိကားဇာတ်ကားသစ်ကို ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံများတွင်လည်း စတင်ရုံတင်ပြသနေပြီဖြစ်ပါတယ်။

ယင်းဇာတ်ကားကို ကပ္ပတိန်အမေရိက၏ ပင်တိုင်သရုပ်ဆောင်များဖြစ်ကြသော ရောဘတ်ဒေါ်နေးဂျူနီယာ၊ ခရစ်စ်အယ်ဗန်၊ မင်းသမီး စကားလက်ဂျိုဟန်ဆန်နှင့် အန်တိုနီမစ်ကီတို့က အဓိကပြန်လည်ပါဝင်အားဖြည့်ပေးထားကြသည်။

ယင်းဇာတ်ကားကို မင်္ဂလာ(၂)ဒဂုံစင်တာ(၂)မြေနီကုန်း၊ နေပြည်တော် Cineplex 1 2 3၊ မင်္ဂလာစံပြ Cineplex 1 2 3၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်းသီရိ Cineplex 1 2 3 တို့တွင် ဆက်လက်ရုံတင်ပြသမည် ဖြစ်သည်။

မြန်မာရုပ်ရှင်ဇာတ်ကားများအနေနဲ့က နေတိုး၊ နေမင်း၊ ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်နဲ့ သရုပ်ဆောင်ပေါင်းများစွာ ပါဝင်အားဖြည့်ပေးထားတဲ့ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်ရဲ့လက်ရာ “အုတ်ကြားမြက်ပေါက်”ဇာတ်ကားနဲ့ ပြသနေတာကြာနေပြီဖြစ်တဲ့ ဒါရိုက်တာသိန်းဟန်(ဖီးနစ်)ရဲ့ “အချစ်စစ်”ဇာတ်ကားတို့ကို ဆက်လက်ခံစားကြရမှာ ဖြစ်ပါတယ်။ **(မျိုးစန္ဒာမောင်)**

# ဝက်စ်ဟမ်းပရိသတ်များရဲ့ တိုက်ခိုက်မှုခံရတဲ့ မန်ယူအသင်း

မန်ယူအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်မတိုင်မီ ဝက်စ်ဟမ်းအသင်းအိမ်ကွင်း အပ်တန်ပါ့ခ်ကွင်းသွားရာ လမ်းခုလပ်မှာ မန်ယူအသင်း စီးနင်းလာတဲ့ကားကို ဝက်စ်ဟမ်းပရိသတ်တွေက တိုက်ခိုက်မှုပြုခဲ့ကြပါတယ်။ ဒီလိုဖြစ်ရပ်ကြောင့် ပွဲကစားချိန် နောက်ကျခဲ့ရပြီး မန်ယူအသင်းရဲ့ ကားလည်း ထိခိုက်ပျက်စီးခဲ့ရတယ်လို့ ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့ပါတယ်။

ဒါပေမယ့် တစ်ဦးတစ်ယောက်မှ ဒဏ်ရာရခဲ့ခြင်းမရှိသလို တစ်စုံတစ်ယောက်ကိုမျှ ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းလည်းမရှိဘူးလို့ သိရပါတယ်။ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ကတော့ ဝက်စ်ဟမ်းပရိသတ်တွေကို စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်သွားမယ်လို့ ချက်ချင်းဆိုသလိုထုတ်ပြန်ကြေညာခဲ့ပါတယ်။

မန်ယူတောင်ပံတိုက်စစ်မှူး လင်းဂတ်ကတော့ မန်ယူအသင်းသားတွေ ထိတ်လန့်တကြား အော်ဟစ်နေပုံတွေ၊ ကားကြမ်းပြင်ပေါ်မှာ မှောက်ပြီး ဝပ်နေရပုံတွေကို သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ တင်ခဲ့ပါတယ်။ မန်ယူနည်းပြ ဗန်ဟားလ်ကတော့ ဒီဖြစ်ရပ်ဟာ ပရိသတ်တွေရဲ့ လွန်ကဲတဲ့ စိတ်ခံစားချက်ကြောင့် ဖြစ်လာတာဖြစ်ပြီး ဒီပုံရိပ်တွေက အရာအားလုံးကို ပြောပြပေးနိုင်စွမ်းရှိတယ်လို့ ထိန်းထိန်းသိမ်းသိမ်း ဖြေကြားခဲ့ပါတယ်။

ဝက်စ်ဟမ်းအသင်း ဒုတိယဥက္ကဋ္ဌ ဒေးဗစ်ဆူလီဗန်ကတော့ "ဒါဟာ မန်ယူအသင်းရောက်လာတာ နောက်ကျနေတာကြောင့် ဖြစ်လာတဲ့ဖြစ်စဉ်ပါ။ မန်ယူအသင်းက ၄ နာရီမှာ ဘာလို့ ဒီကိုရောက်မလာတာလဲဆိုတာ ကျွန်တော် နားမလည်ပါဘူး။ ဒါကြောင့် ကွင်းအဝင်လမ်းမှာ ဒါမျိုး ရှုန်းရင်းဆန်ခတ်ဖြစ်ရပ်တွေ ဖြစ်လာတာလို့ ယူဆရပါတယ်" လို့ ဘီဘီစီရေဒီယိုကို ပြောပါတယ်။

ဝက်စ်ဟမ်းအသင်းဟာ လာမယ့်ရာသီမှာ နှစ်ပေါင်း ၁၁၂ နှစ်ကြာအောင် အသုံးပြုခဲ့တဲ့ အပ်တန်ပါ့ခ်ကွင်းကနေ အိုလံပစ်ကွင်းသစ်ကြီးဆီကို ပြောင်းရွှေ့ပြီး အိမ်ကွင်းအဖြစ် အသုံးပြုသွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဝက်စ်ဟမ်း ပရိသတ်တွေဟာ အပ်တန်ပါ့ခ်ကွင်းနောက်ဆုံးပွဲမှာ စိတ်ခံစားချက်ကို မထိန်းနိုင်ဘဲ ပြုလုပ်ခဲ့တဲ့အပြုအမူဟာ အင်မတန်ရှက်စရာကောင်းတဲ့ဖြစ်ရပ် ဖြစ်လာတယ်လို့ အပ်တန်ပါ့ခ်ကွင်းမှာ ရောက်ရှိနေတဲ့ အားကစားအစီအစဉ်တင်ဆက်သူ ဂွန်နသန်ပီရေ့က သတင်းပို့ခဲ့ပါတယ်။



ရှိုင်ယန်ဟောင် ရေးသားသည်

## မန်ယူရှုံးပွဲကြောင့် ချန်ပီယံလိဂ်ဝင်ခွင့် သေချာသွားခဲ့တဲ့ အာဆင်နယ်

ဝက်စ်ဟမ်းနှင့်ပွဲစဉ်တွင် မန်ယူအသင်း ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းကြောင့် အာဆင်နယ်အနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်(ထိပ်ဆုံးလေးနေရာ)အား ၁၉ နှစ် ဆက်တိုက်ရရှိရန် သေချာသွားခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အာဆင်နယ်မှာ ချန်ပီယံလိဂ်ဝင်ခွင့် ၁၉ နှစ်ဆက်တိုက်ရရှိသော ပထမဦးဆုံး ပရီမီယာလိဂ်အသင်းဖြစ်လာခဲ့သလို ရီးယဲလ်မက်ဒရစ်အသင်း၏ အနှစ် ၂၀ ဆက်တိုက် ချန်ပီယံလိဂ်ဝင်ခွင့်စံချိန်ကို လိုက်မီရန် တစ်နှစ်သာလိုအပ်တော့သည့် ဥရောပကလပ်အသင်းလည်း ဖြစ်လာခဲ့သည်။

မန်ယူအသင်းသည် အက်ဖ်အေဖလားပွဲစဉ်ကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် လက်ကျန်ပွဲစဉ်ဖြစ်သော ဝက်စ်ဟမ်းနှင့် ပွဲစဉ်တွင် သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီးနောက် အာဆင်နယ်အတွက် အခွင့်အရေးတစ်ရပ် ရရှိသွားခဲ့ခြင်းဖြစ်သည်။ အကယ်၍ ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်တွင် စပါးအသင်းက နယူးကာဆယ်အား ရှုံးနိမ့်ပြီး အာဆင်နယ်က ဗီလာအသင်းအား အနိုင်ရအောင် ကစားနိုင်ခဲ့လျှင် အာဆင်နယ်မှာ ဒုတိယနေရာဖြင့် ရာသီသိမ်းနိုင်မည်ဖြစ်သည်။

## ၂၀၂၆ ကမ္ဘာ့ဖလားတွင် ပြိုင်ပွဲဝင်အသင်းအရေအတွက် တိုးမြှင့်သွားရန် အင်ဖန်တီနိုလိုလား

လက်ရှိအချိန်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်းအရေအတွက် ၃၂ သင်းရှိနေခဲ့ရာမှ ၂၀၂၆ ကမ္ဘာ့ဖလားတွင် ရှစ်သင်းထပ်မံတိုးမြှင့်၍ ပြိုင်ပွဲဝင်အင်အား အသင်း ၄၀ အထိ ရှိလာစေရန် မဲခွဲဆုံးဖြတ်မှုကို လာမည့် လအနည်းငယ်အတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌသစ် အင်ဖန်တီပြောကြားချက်ကို ကိုးကား၍ ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ ၂၀၂၆ အောက်တိုဘာလတွင် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်ဖန်တီနို၏ အစီအစဉ်အတိုင်း ပြိုင်ပွဲဝင်အရေအတွက် တိုးချဲ့မှုနှင့်ပတ်သက်၍ ဖီဖာအဖွဲ့ဝင်များက ဆုံးဖြတ်သွားမည်ဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလား အိမ်ရှင်အသင်းရွေးချယ်မှုလုပ်ငန်းများကို လာမည့် မေ ၁၇ ရက်မှစတင်၍ အဆင့် လေးဆင့်ခွဲခြား၍ဆောင်ရွက်သွားမည်ဖြစ်ပြီး အတည်ပြုချက်ကို ၂၀၂၀ ခုနှစ် မေလတွင် ကြေညာသွားမည်ဖြစ်ကြောင်း မက္ကဆီကိုမြို့တွင် ကျင်းပသည့် ဖီဖာကွန်ဂရက်၏ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။ ယင်းအစီရင်ခံစာအရ ကမ္ဘာ့ဖလား အိမ်ရှင်ရွေးချယ်မှုလုပ်ငန်းစဉ်တွင် လူ့အခွင့်အရေးလိုအပ်ချက်၊ ခိုင်မြဲသည့် စီမံခန့်ခွဲမှုစနစ်နှင့် ဂေဟစနစ်ထိန်းသိမ်းခြင်းတို့ကိုပါ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း သိရသည်။

အင်ဖန်တီနိုသည် ၎င်းဖီဖာဥက္ကဋ္ဌဖြစ်လာပြီး တစ်လအကြာမှာပင် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အရေအတွက်ကို ထပ်မံတိုးချဲ့ခွင့်ပြုသွားရန်လိုလားကြောင်း၊ ဖီဖာအဖွဲ့ဝင်နိုင်ငံတိုင်း ကမ္ဘာ့ဖလားယှဉ်ပြိုင်ခွင့်အတွက် ပိုမိုအခွင့်အရေးရလာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သူဖြစ်သည်။

## ယူရို-၂၀၁၆ပြိုင်ပွဲဝင် အင်္ဂလန်လက်ရွေးစင်ကစားသမားစာရင်းအား ထုတ်ပြန်ရန် နှောင့်နှေးနေ

ပရီမီယာလိဂ်ပြိုင်ပွဲပြီးဆုံးချိန်ရောက်မှသာ ကစားသမားများ၏ ကြံ့ခိုင်မှုအခြေအနေကို ပို၍အကဲဖြတ်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ယူရို-၂၀၁၆ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည့် အင်္ဂလန်လက်ရွေးစင်အသင်း၏ အပြီးသတ်ကစားသမား ၂၃ ဦးစာရင်းထုတ်ပြန်မှုကို မေ ၁၆ ရက်အထိ ရွှေ့ဆိုင်းသွားမည်ဖြစ်ကြောင်း အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်က ပြောသည်။ မူလက မေ ၁၂ ရက်တွင် အတည်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း သတ်မှတ်ရက်ထက် လေးရက်နောက်ကျမှသာ ကြေညာနိုင်မည်ဖြစ်သည်။

အင်္ဂလန်အသင်းမှာ ယူရိုပြိုင်ပွဲ ဝင်ရောက်မယှဉ်ပြိုင်မီ တူရကီ၊ ဩစတြီးယား၊ ပေါ်တူဂီအသင်းများနှင့် ခြေစမ်းပွဲများကစားသွားရန်စီစဉ်ထားပြီး အက်ဖ်အေ(အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)သည် နောက်ဆုံးဆန်ခါတင်စာရင်းကို မေ ၃၁ ရက်ထက်နောက်မကျဘဲ ယူအီးအက်ဖ်အေ(ဥရောပဘောလုံးအဖွဲ့ချုပ်)သို့ ပေးပို့ရမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။ အာဆင်နယ်ကစားသမားများဖြစ်သော ချိန်ဘာလိန်နှင့် ဝဲလ်ဘတ်တို့မှာ ဒဏ်ရာပြဿနာများကြောင့် အင်္ဂလန်အသင်းနှင့်အတူ ပါဝင်ခွင့်ရရန် အလားအလာနည်းသွားပြီဖြစ်သော်လည်း ဂျက်ဝီရှိုင်းယားနှင့် ဟန်ဒါဆင်တို့မှာမူ ကြံ့ခိုင်မှုပြန်လည်ပြည့်ဝနေပြီဖြစ်သည်။ ဂျက်ဝီရှိုင်းယားမှာ ခြေထောက်ကျိုးသွားခဲ့သဖြင့် ၁၀ လတာအနားယူနေခဲ့ရသူဖြစ်သလို ဟန်ဒါဆင်မှာ အရွတ်ကြော စုတ်ပြဲဒဏ်ရာကြောင့် ဧပြီလကတည်းက အနားယူနေရသူဖြစ်သည်။

***အီတလီစီးရီးအေပြိုင်ပွဲရဲ့ နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ပွဲစဉ် ၃၈ ကို မေ ၁၄၊ ၁၅၊ ၁၆ နေ့တွေမှာ ယှဉ်ပြိုင်ကစားသွားကြမှာဖြစ်ပါတယ်။ အီတလီစီးရီးအေဟာ ချန်ပီယံအသင်း၊ ချန်ပီယံလိဂ်ဝင်ခွင့်ရအသင်းတွေ အဖြေထွက်နေပေမယ့် နောက်ဆုံးပွဲစဉ်ဖြစ်တာကြောင့် အသင်းအများစု အားစိုက်ကစားနိုင်သလို အကြိတ်အနယ်လည်းရှိနိုင်တယ်။***

ရှိုင်းမင်းမင်း

## နောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူမယ့် ဂျူဗင်တပ်

### အီတလီစီးရီးအေရင်ခုန်သံ - ၃၈

**ဂျူဗင်တပ် - ဆမ်ဒိုးရီးယား — ည ၉း၃၀ (၁၄-၅-၁၆)**

ဂျူဗင်တပ်ဟာချန်ပီယံဖြစ်ခဲ့ပြီဖြစ်ပေမယ့်လည်း နောက်ပိုင်းပွဲတွေမှာပါ အားစိုက်ကစားနေသလို ခြေကလည်းကောင်းမွန်နေပါတယ်။ ဒီပွဲစဉ်မှာလည်း နောက်ဆုံးပွဲစဉ်ဖြစ်နေတာကြောင့် ဂျူဗင်တပ်တို့ အိမ်ကွင်းနိုင်ပွဲရယူနိုင်ဖို့အတွက်အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဆမ်ဒိုးရီးယားကတော့ ခြေစွမ်းပိုင်းသာမန်သာရှိသလို အဝေးကွင်းပွဲတွေမှာလည်း ခြေကပိုမိုအားနည်းတတ်ပါတယ်။ ဂျူဗင်တပ်ပဲ အိမ်ကွင်းနိုင်ပွဲရယူသွားနိုင်မှာပါ။

**နာပိုလီ - ဖရိုစီနိုနီ — နံနက် ၁း၁၅ (၁၅-၅-၁၆)**

ဖရိုစီနိုနီဟာ ခြေစွမ်းပိုင်းအားနည်းမှုတွေများနေပါတယ်။ ဒီပွဲကလည်း နောက်ဆုံးပွဲစဉ်ဖြစ်နေတာကြောင့် ဖရိုစီနိုနီတို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ခံစစ်ပိုင်းက အားနည်းမှုတွေများနေတာကြောင့် နာပိုလီရဲ့ အိမ်ကွင်းခြေစွမ်းပိုင်းကို ထိန်းချုပ်နိုင်ဖို့မလွယ်ကူနိုင်ပါဘူး။ နာပိုလီကတော့ လက်ရှိခြေစွမ်းပိုင်းကောင်းမွန်နေသလို အိမ်ကွင်းခြေလည်း ကောင်းမွန်တတ်ကာ အိမ်ကွင်းပွဲတွေမှာ တိုက်စစ်က ပိုမိုအားကောင်းတတ်ပါတယ်။ နာပိုလီပဲ အနိုင်ရမယ်။

**အေစီမီလန် - ရိုးမား — နံနက် ၁း၁၅ (၁၅-၅-၁၆)**

အေစီမီလန်ခြေက အခုနောက်ပိုင်းပွဲတွေမှာ ခြေက ကောင်းမွန်နေတယ်လို့ဆိုနိုင်ပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲဖြစ်နေတာကြောင့်လည်း အေစီမီလန်တို့ ပိုမိုအားစိုက်ကစားလာနိုင်ဖို့လည်းရှိနေပါတယ်။ ဒါပေမယ့်လည်း ရိုးမားကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေတာကြောင့် အေစီမီလန်တို့ ခက်ခဲနိုင်ပါတယ်။ အဝေးကွင်းမှာ ရိုးမားခြေအနည်းငယ် အားနည်းတတ်ပေမယ့် ဒီပွဲတော့ သရေလောက်ရမယ်။

**ဂျီနိုအာ - အတ္တလန္တာ — ည ၁၀း၃၀ (၁၅-၅-၁၆)**

ဂျီနိုအာဟာတန်းမဆင်းရဖို့အတွက် အားစိုက်ကစားရမယ့် အခြေအနေမျိုးမရှိတော့သလို ဥရောပဝင်ခွင့်လည်းမျှော်လင့်နိုင်ခြေမရှိတော့ပါဘူး။ ဒါကြောင့်လည်း အိမ်ကွင်းဖြစ်ပေမယ့် အားစိုက်ကစားမှု သာမန်လောက်ပဲရှိလာနိုင်ပါတယ်။ ဒါပေမယ့် အတ္တလန္တာကလည်း တန်းတင်ကျန်ရစ်ဖို့ သေချာနေပြီဖြစ်သလို ခြေစွမ်းပိုင်းနဲ့အဝေးကွင်း စွမ်းဆောင်ရည်က အားနည်းနေပါတယ်။ ဂျီနိုအာပဲ ကပ်အနိုင်ရမယ်။

**အူဒီးနီးစ် - ကာပီ — နံနက် ၁း၁၅ (၁၆-၅-၁၆)**

ကာပီဟာ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိနေတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ကာပီဟာ အဝေးကွင်းပွဲတွေမှာတော့ ခြေကတည်ငြိမ်မှုသိပ်မရှိတတ်ပါဘူး။ ဒါ့အပြင် အူဒီးနီးစ်ကလည်း အိမ်ကွင်းခြေကောင်းမွန်တတ်သလို လက်ရှိအချိန်မှာခြေစွမ်းပိုင်းကလည်း မဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ ကာပီရဲ့ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေတည်ငြိမ်မှုသိပ်မရှိတာကြောင့် အူဒီးနီးစ်တို့ အခွင့်အရေးရနိုင်ကာ အနိမ့်ဆုံးသရေလောက်ကစားနိုင်မယ်။

**လာဇီယို - ဖီအိုရင်တီးနား — နံနက် ၁း၁၅ (၁၆-၅-၁၆)**

လာဇီယိုဟာ အိမ်ကွင်းဖြစ်နေတာကြောင့် ဒီနောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါ့အပြင် လာဇီယိုခြေကလည်းမဆိုးသလို အိမ်ကွင်းပွဲတွေမှာလည်း ခြေပိုမိုကောင်းမွန်တတ်ပါတယ်။ ဖီအိုရင်တီးနားကတော့ လက်ရှိခြေစွမ်းပိုင်းအရအားနည်းမှုတွေရှိနေသလို အဝေးကွင်းခြေကလည်း တည်ငြိမ်မှုမရှိပါဘူး။ လာဇီယို ကပ်နိုင်မယ်။

**ဆာစူအိုလို - အင်တာ — နံနက် ၁း၁၅ (၁၆-၅-၁၆)**

အင်တာမီလန်က ချန်ပီယံလိဂ်ဝင်ခွင့်မရနိုင်တော့သလို ယူရိုပါလိဂ်ပြိုင်ပွဲကို အုပ်စုအဆင့်ကနေတိုက်ရိုက်ဝင်ခွင့်ရဖို့အတွက်လည်း သေချာပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီနောက်ဆုံးပွဲစဉ်မှာ အားစိုက်ကစားမှု လျော့နည်းလာနိုင်တာကို သတိပြုရမှာပါ။ ဒါ့အပြင် ဆာစူအိုလိုဟာ ယူရိုပါလိဂ်ဝင်ခွင့်ရယူနိုင်ခြေရှိနေသေးတာကြောင့် အားစိုက်လာမယ့်အပြင် ခြေလည်းကောင်းနေကာ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါကြောင့်လည်း အင်တာတို့ သရေလောက်ပဲ အမြင့်ဆုံးကစားနိုင်မယ်။

# အဆင့်မြင့်စက်ချုပ် သင်တန်းနှင့်အခြေခံ အိမ်တွင်းမှုသင်တန်းဖွင့်

**မြိုင် မေ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မြိုင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ်(၂၈)၊ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၃၂)သင်တန်းဖွင့်ပွဲကို မေ ၉ ရက် နံနက် ၈နာရီက ယင်းအိမ်တွင်းမှု ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က သင်တန်းအဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြအေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းစည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချမည့် အမျိုးသမီး အခြေခံအိမ်တွင်းမှုလုပ်ငန်း ပညာဘာသာရပ်များတွင် စာတွေ့နှင့် လက်တွေ့ လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ အဆင့်မြင့်စက်ချုပ်လုပ်ငန်းများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဤသင်တန်းမှ ကျေးလက်နေ အမျိုးသမီးငယ်များ အားလပ်ချိန်များတွင် မိသားစုဝင်ငွေရရှိစေရေးနှင့် အလုပ်အကိုင်များရရှိသဖြင့် ဘဝရပ်တည်နိုင်သော အမျိုးသမီးငယ်များ ဖြစ်လာမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာမများ၊ အဆင့်မြင့် စက်ချုပ်သင်တန်းသူ ၁၃ ဦးနှင့် အခြေခံအိမ်တွင်းမှုသင်တန်းသူ ၅၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၉ ရက်မှ ၁၂ရက်အထိ ဖွင့်လှစ်ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

# မိုင်းဆတ်၌ လယ်မဲ့ယာမဲ့ပြည်သူများသို့ လယ်ယာမြေများဖော်ထုတ်ပေးအပ်

**မိုင်းဆတ် မေ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်ရှိ ကျေးလက်နေ လယ်မဲ့ယာမဲ့ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀၈၀ ဖြင့် ဖော်ထုတ်ခဲ့သည့် လယ်မြေ ၁၃၉ ဒသမ ၃၂ ဧကအား တောင်သူလက်ဝယ်အရောက်ပေး အပ်ပွဲ အခမ်းအနားကို မေ ၁၀ ရက် နံနက် ၈ နာရီက တန့်ဆိုင်ကျေးရွာအုပ်စု၊ ကျအူဖုရားကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းထိန်က မိုးရာသီအချိန်မီစိုက်ပျိုးနိုင်ရေးနှင့် နည်းစနစ် မှန်ကန်စွာစိုက်ပျိုးရေး ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က လယ်ယာမြေဖော်ထုတ်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေက ကျအူဖုရားကျေးရွာရှိ လယ်မဲ့ယာမဲ့တောင်သူ ၃၁ ဦးအတွက် လယ်မြေ ၉၄ ဒသမ ၉၀ ဧကကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က မယ်ကော်(၁)ကျေးရွာရှိ လယ်မဲ့ယာမဲ့ တောင်သူ ၂၂ ဦးအတွက် လယ်မြေ ၃၉ ဒသမ ၉၀ ဧကကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်လင်းက နာဘွေရဲကျေးရွာရှိ လယ်မဲ့ယာမဲ့တောင်သူ ခုနစ်ဦးအတွက် လယ်မြေ ၄ ဒသမ ၅၂ ဧကကိုလည်းကောင်း တောင်သူလက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

ကျအူဖုရားကျေးရွာနေ လယ်မဲ့ယာမဲ့တောင်သူ ဦးကျတီက ကျွန်တော်တို့မှာ လယ်မြေမရှိသည့်အတွက် နှစ်စဉ်တောင်ယာခုတ်ပြီး စပါးစိုက်ပျိုးခဲ့ရကြောင်း၊ ပင်ပန်းကြီးစွာလုပ်ကိုင်ရသော်လည်း တောင်ယာသည် လယ်မြေလောက် စပါးအထွက်နှုန်း မကောင်းကြောင်း၊ တောင်ယာခုတ်သဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုရှိသည်ဟု သိရှိထားသော်လည်း မိသားစုစားဝတ်နေရေးအတွက် တောင်ယာကိုသာအားပြုလုပ်ကိုင်ခဲ့ရကြောင်း၊ ယခု လယ်မြေပိုင်ဆိုင်ခွင့်ရရှိသဖြင့် နှစ်စဉ်တောင်ယာခုတ်စရာမလိုတော့၍ များစွာဝမ်းမြောက်ကြောင်းနှင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်းပြောသည်။ **သန်းဇော်(ပြန်/ဆက်)**

# သောက်သုံးရေဖူလုံရေးအတွက် ရေကန်ဆယ်ယူရန် တစ်ရွာလုံးလုပ်အားပေး

**မြင်းခြံ မေ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဖက်ရင်းကျေးရွာတွင် တည်ရှိသော ရွာကန်ကြီးအား တစ်ရွာလုံးစုပေါင်း၍ ကန်ဆယ်ခြင်းလုပ်ငန်း၊ ကန်ပေါင်တင်ခြင်းလုပ်ငန်းများကို မေလဆန်းပိုင်းက စတင်ဆောင်ရွက်လျက်ရှိပြီး တစ်ရွာလုံးလုပ်အားပေးကြကြောင်း သိရသည်။



"ကျွန်တော်တို့ရွာ ကန်ကြီးဒီနှစ်ရေခန်းသွားလို့ ကန်ဆယ်တာတို့၊ ကန်ပေါင်မြှင့်တင်တာတို့ ဆောင်ရွက်နေတာပါ။ တစ်ရွာလုံးလုပ်အားပေးနေတာ သုံးရက်လောက်ရှိသွားပြီး ရွာထဲမှာရှိတဲ့ ကားပိုင်ရှင်တွေ၊ ထော်လာဂျီပိုင်ရှင်တွေကလည်း မြေသယ်တဲ့နေရာမှာ လုပ်အားပေးပါတယ်။ မြေတူးစက်တို့၊ မြေကော်စက်တို့တော့ မြင်းခြံမြို့တက်ငှားရတယ်။ ကန်ရေရှိမှ ရွာမှာ သောက်သုံးရေ စိတ်ချရတယ်။ ရွာကန်ထဲမှာ ရှေးလူကြီးတွေ ထားခဲ့တဲ့ ရေတွင်းကြီးသုံးတွင်း၊ ကန်အောက်မှာ ရေတွင်းကြီးနှစ်တွင်းရှိတယ်။ ဒါကြောင့် သောက်သုံးရေအတွက် အဆင်ပြေတာ။ ဒီကန်နားက ရေတွင်းတွေပဲရေချိုထွက်တာ၊ ကန်ရေမရှိတာများ ရင် ရေတွင်းတွေ ရေခန်းသွားနိုင်တယ်။ ကန်ရေရှိမှရေတွင်းတွေရေပေါတာ။ နှစ်တိုင်း ကျွန်တော်တို့ရွာ ကန်ရေပြတ်တယ်မရှိဘူး။ ဒီနှစ်မှ ရေလုံးဝပြတ်သွားတာ။ ရေတွင်းတွေပဲ တစ်ရွာလုံးအားကိုးနေရတာ။ ကန်ရေခန်းတာများရင် ရေတွင်းတွေလည်း ခန်းသွားနိုင်တယ်။ ဒါကြောင့် ကန်ဆယ်နေရတာ။ ကန်ရေခန်းတဲ့ အဓိက အချက်တွေကတော့ မနှစ်က ကန်အတွင်းမိုးရေဝင်ရောက်မှုနည်းခြင်း၊ ယခုနှစ်တွင်အပူရှိန်များခြင်း၊ ရွာကန်ထဲကရေတွေကို စိုက်ပျိုးရေးအတွက် စက်တွေနဲ့ ရေတင်မှုများခြင်းတို့ကြောင့် ဖြစ်တယ်။ ဒါကြောင့် နောက်နှစ်တော့ ကန်အတွင်း မိုးရေများများ ဝင်အောင်ဆောင်ရွက်မယ်။ ကန်အတွင်းမှ စိုက်ပျိုးရေးအတွက် အသုံးပြုရန် စက်နဲ့ရေတင်တာတို့ကို တားမြစ်မယ်လို့ တစ်ရွာလုံး တိုင်ပင်ထားတယ်။ ကန်ဆယ်တာတော့ တစ်ရွာလုံးလုပ်အားပေးပဲ။ ကလေး၊လူကြီး၊ အပျို၊ အအိုကျား၊မ မရွေး စုပေါင်းလုပ်အားပေးနေကြတာ ရပ်ကျိုးရွာကျိုးအတွက်ဆိုတော့ ပျော်စရာအလွန်ကောင်းပါတယ်။ မြင်ရသူအဖို့လည်း ကြည်နူးစရာကောင်းတယ်။ ရွာရဲ့စည်းလုံးညီညွတ်မှုကို ပြတဲ့ပွဲလည်းဖြစ်တယ်" ဟု ဖက်ရင်းကျေးရွာ မှ ရပ်မိရပ်ဖဦးကံချွန်ကပြောသည်။

ဖက်ရင်းကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင် တည်ရှိပြီး မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်မြောင်းများနှင့် မနီးသောကြောင့် ကန်ရေရှိမှုသည် အဓိကဖြစ်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်းရက်တိုသင်တန်း မော်လိုက်မြို့နယ်တွင် ဖွင့်လှစ်

**မော်လိုက် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဖွင့်လှစ်သည့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်း ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက အဆိုပါ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မော်လိုက်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားရာတွင် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်းသင်တန်း မတက်ရောက်ရသေးသည့် ဝန်ထမ်းများအတွက် မြေတိုင်းတာခြင်းလုပ်ငန်းများ၊ မြေစာရင်းဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် အမှားအယွင်းများ မဖြစ်ပေါ်စေရေးနှင့် ဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ အမြဲအမိန့်နှင့် ညွှန်ကြားချက်များကို သိရှိနားလည်ပြီး နည်းစနစ်ကျကျမှန်ကန်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်ရေးအတွက် ရက်တိုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းတွင်လည်း စာတွေ့၊ လက်တွေ့များကို သင်ကြားပေးသွားမည်ဖြစ်ပြီး အရည်အချင်းစစ်စာမေးပွဲများကိုလည်း ဖြေဆိုသွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်း ရက်တိုသင်တန်းသို့ ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းစုစုပေါင်း ၁၃ဦး တက်ရောက်ကြပြီး မော်လိုက်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိန်း ဦးဆောင်သည့် သင်တန်းနည်းပြ ခြောက်ဦးဖြင့် သင်တန်းကာလ ၁၀ရက်ကြာ သင်ကြားပို့ချကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာနမှ ဝန်ထမ်းများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

**မော်လိုက်သားလေး**

# ပင်လယ်ကမ်းခြေဖြစ်သည့် အလှပ်ကျေးရွာတွင် မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးပညာပေး ဟောပြော

**ပေါင် မေ ၁၁**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်း စီစဉ်သည့် မုန်တိုင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေ ၉ ရက် နံနက် ၁၀ နာရီက ပေါင်မြို့နယ် ပင်လယ်ကမ်းခြေကျေးရွာဖြစ်သော အလှပ်ကျေးရွာ အ-ထ-က (ခွဲ) ကျောင်းအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမောင်မောင်နိုင်၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းရွှေနှင့် ဆွန်ဇလန် ဒီပလေ့မန်ကောင်စီ (SDC) ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ မွန်ပြည်နယ်တာဝန်ခံ ဦးထက်ဝေဇင်တို့က မုန်တိုင်းဘေးအန္တရာယ်ကြုံတွေ့ပါက စီစဉ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

"အလှပ်ကျေးရွာက မွန်ပြည်နယ်မှာ ပင်လယ်ကမ်းခြေနှင့် အနီးစပ်ဆုံး ကျေးရွာဖြစ်တယ်။ မိုးရာသီကာလမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ မုန်တိုင်းဘေးအန္တရာယ်ကျရောက်နိုင်သော ရွာဖြစ်တယ်။ ဒါကြောင့်ဒီကျေးရွာမှာ ဘေးအန္တရာယ်နဲ့ပတ်သက်ပြီး အသက်အန္တရာယ်မရှိအောင် အချိန်မီ ရွှေ့ပြောင်းနိုင်အောင် ဒီဟောပြောပွဲနဲ့သရုပ်ပြပွဲပြုလုပ်ရခြင်းဖြစ်တယ်" ဟု မွန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းရွှေက ပြောသည်။

"ဒီနေ့ကတော့အကြို သိရှိအောင် ဆွေးနွေးဟောပြောပွဲလုပ်တယ်။ မနက်ဖြန် မေ ၁၀ ရက်မှ လက်တွေ့သရုပ်ပြမယ်။ ကျွန်တော်တို့က ဖွဲ့စည်းထားတဲ့ (စီမံချက်)အတိုင်း သတင်းပေးမယ်။ အရေးပေါ်အခြေအနေ သတ်မှတ်မယ်။ သူတို့ရဲ့နေအိမ်ကနေမှ သတ်မှတ်ထားတဲ့ အလှပ်ကျေးရွာမြေလွတ်နေရာဖြစ်တဲ့ စာသင်ကျောင်းကို ရွှေ့ပြောင်းမယ် သက်ကြီးရွယ်အို၊ ကလေးသူငယ်၊ မသန်စွမ်းတဲ့လူ၊ ကိုယ်ဝန်ဆောင်မိခင်တွေ ရွှေ့ပြောင်းတဲ့ခါ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်တွေနဲ့ အသုံးပြုမယ်။ သာမန်လူတွေကတော့ သူ့ဟာသူစခန်းကို အပြေးလာမယ်။ ဒါကမနက်ဖြန်ကျွန်တော်တို့လုပ်မယ့် သရုပ်ပြကွက်တွေပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

**ပေါင်မြို့နယ်(ပြန်/ဆက်)**

# အမျိုးသမီးများအလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ဒေသအတွင်းအကျိုးရှိရှိအသုံးပြုနိုင်ရန် ရည်ရွယ်၍ ဆိပ်ဖြူမြို့၌ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းဖွင့်လှစ်

**ဆိပ်ဖြူ မေ ၁၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ဖွင့်လှစ်သင်ကြားပေးသည့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၈)၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် ၃၂ ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီက ဆိပ်ဖြူမြို့ အိမ်တွင်းမှုသင်တန်းကျောင်း၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးက သင်တန်းသူများအား သတ်မှတ်စည်းကမ်းများနှင့်အညီ လိုက်နာစေရေး၊ သင်တန်းနည်းပြဆရာမများမှ သင်ကြားပို့ချပေးသည့် အိမ်တွင်းမှု သက်မွေးပညာရပ်များကို ကြိုးစားသင်ယူရန်နှင့် သင်တန်းမှရရှိသည့် ပညာရပ်များဖြင့် မိမိဒေသအတွက် အကျိုးရှိရှိ အသုံးပြုဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ် (၂၈)၊ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၃၂) သင်တန်းကို မေ ၉ ရက်မှ ဩဂုတ် ၁၂ ရက် ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာ ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသူများ တက်ရောက်ခဲ့သည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်တွင် နှမ်းများ ရေဖျန်း၍ စိုက်ပျိုးနေရ



**ပွင့်ဖြူ မေ ၁၁**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ တောင်သူများသည် ကြီးအုံ-ကြီးဝဆည်မှတစ်ဆင့် ပို့လွှတ်သော မဲဇလီရေလွှဲဆည်ရေများဖြင့် ယခုရာသီတွင် နွေစပါး၊ နွေနှမ်းများကို အဓိကထား စိုက်ပျိုးအောင်မြင်ခဲ့သော်လည်း ယခုနှစ် အယ်နီညိုအပူဒဏ်ကြောင့် နွေနှမ်းစိုက်တောင်သူများ မိုးဦးမရွာသဖြင့် ရေဖျန်းစိုက်ပျိုးလုပ်ကိုင်နေကြရကြောင်း သိရသည်။

မဲဇလီရေလွှဲဆည်မှတစ်ဆင့် တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့ဖြင့် ပွင့်ဖြူမြို့နယ်အတွင်း စိုက်ပျိုးရေများကို မတ်လမှစ၍ ဖြန့်ဝေပေးလျက်ရှိရာ နွေနှမ်းစိုက်တောင်သူများမှာ ဧပြီလဆန်းပိုင်းတွင် စတင်ထွန်ယက်စိုက်ပျိုးကြပြီး၊ မေလပိုင်းအထိ မိုးရွာသွန်းမှုနည်းပါးသဖြင့် ဆည်ရေပို့လွှတ်ရာ မြောင်းနှင့်နီးသော စိုက်ခင်းများတွင် မြောင်းရေအား စက်ဖြင့်စုပ်ယူ၍ နှမ်းခင်းများကို ပက်ဖျန်းပေးနေရသည်။ မြောင်းနှင့်ဝေးကွာသော နှမ်းစိုက်ခင်းများကို မြေအောက်ရေတွင်းများ တူးဖော်၍ စက်ဖြင့်စုပ်ယူကာ ဖျန်းပေးနေရသည်။

လယ်ဖီလာကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးစိုးမြင့်က "ဒီနှစ် နွေနှမ်း(ခေါ်)မိုးကြိုနှမ်းကို ဧပြီလဆန်းပိုင်းက စစိုက်ပျိုးကြတာ။ ဈေးကောင်းရရှိတဲ့ စမုန်းနက်နှမ်းမျိုးကို အစိုက်များတယ်။ တစ်တင်းကို ရှစ်သောင်းကျော်ကနေ တစ်သိန်းကျပ်ထိရတယ်။ အပူဒဏ်များပြီး မိုးမရွာတော့ ငါးရက်တစ်ကြိမ် စက်နဲ့ ရေဖျန်းပေးနေရတယ်။ တစ်ဧကကို နှစ်လက်မရေတင်ပိုက်နဲ့ သုံးနာရီကြာဖျန်းပက်ရတယ်။ အရင်နှစ်လောက် မကောင်းဘူး။ အပင်ပု၊ သက်တမ်းရင့်နဲ့ အပွင့်တွေပွင့်နေတော့ နှမ်းထွက်မကောင်းနိုင်ဘူး။ မျိုးနဲ့ စိုက်ပျိုးစရိတ်လောက်ပဲ ရလောက်တယ်" ဟု ပြောသည်။

မကွေးတိုင်းဒေသကြီးသည် မြန်မာပြည်၏ ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ရလောက်အောင် ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာ၊ နှမ်းပန်းများ အဓိကထားစိုက်ပျိုးကြသော်လည်း ရာသီဥတုအခြေအနေအရ မိုးရွာသွန်းမှုနည်းပါးခြင်းနှင့် အယ်နီညို အပူလှိုင်းဒဏ်များကြောင့် ဆီထွက်သီးနှံပင်များ ဖြစ်ထွန်းအောင်မြင်မှုမရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# ပုလဲမြို့နယ်ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ တွေ့ဆုံ

**ပုလဲ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းဦးဆောင်သည့် တိုင်းဒေသကြီးဝန်ကြီးများသည် မေ ၉ ရက် နံနက် ၁၀ နာရီက ပုလဲရတနာခန်းမ၌ တွေ့ဆုံခဲ့ကြောင်းသိရသည်။

ယင်းတွေ့ဆုံပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းတို့က မိတ်ဆက်စကား ပြောကြားခဲ့သည်။

ယင်းနောက် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့် တက်ရောက်လာကြသူများက ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ သူငယ်တန်း (KG) သင် ဆရာ၊ ဆရာမများ လေ့ကျင့်ရေးသင်တန်း ဖွင့်လှစ်ထားရှိမှုနှင့် သင်ကြားမှုအခြေအနေများ ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါခရီးစဉ်တွင် လိုက်ပါလာသည့် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေး ဝန်ကြီး ဒေါက်တာဇော်ဝင်းသည် စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည် နှင့်အတူ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေကြသော လူနာများအား သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများအားတွေ့ဆုံ၍ မြို့နယ်ဆေးရုံ၏ လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# ကျွန်းလှမြို့နယ်တွင် ရက် (၁၀၀) စီမံကိန်းဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ကျွန်းလှ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျွန်းလှ-ချပ်သင်းလမ်းပိုင်း ကတ္တရာခင်းရန်နှင့် BoxCulverts ငါးစင်း တည်ဆောက်မည့်နေရာအား မေ ၈ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ လမ်းဦးစီးဌာန တာဝန်ရှိသူတို့က ကြည့်ရှုကြပြီး ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှသောက်သုံးရေလှူဒါန်း

**ဘီးလင်း မေ ၁၁**

မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မေ ၇ ရက်က ဘီးလင်းမြို့နယ်အတွင်း သောက်သုံးရေအခက်အခဲများနှင့် ကြုံတွေ့နေရသည့် ရပ်ကွက်နှင့်ကျေးရွာများသို့ သောက်သုံးရေများကို လိုက်လံဖြန့်ဝေလှူဒါန်းခဲ့သည်။

အဆိုပါသောက်သုံးရေများကို ဘီးလင်းမြို့ ကန်သာယာရပ်ကွက်နှင့် နှင်းပုလဲကျေးရွာတို့မှ အိမ်ထောင်စု ၄၂၇ စုတို့အတွက် ရေဂါလန် ၃၆၀၀ နှင့် ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာသို့ ရေဂါလန် ၁၄၀၀ တို့ကို ဖြန့်ဝေပေးခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက လိုက်ပါဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဥယျာဉ်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်မည့် ဆန္ဒပရိပုဏ္ဏ အလိုတော်ပြည့် စေတီတော်မြတ် ထီးတော်တင်လှူ

**မိုးနဲ မေ ၁၁**

မိုးနဲမြို့ ဥယျာဉ်ကျောင်းတိုက်ဆရာတော် ဦးပညာသိဦးစီး၍ ဗုဒ္ဓသာသနာတော် အဓွန့်ရှည် တည်တံ့ခိုင်မြဲစေခြင်းအကျိုးငှာ ရည်သန်၍ ဥယျာဉ်ရပ်ကွက် ဥယျာဉ်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်မည့် ဆန္ဒပရိပုဏ္ဏ အလိုတော်ပြည့်စေတီတော်မြတ်အား ထီးတော်တင်နှင့် ဗုဒ္ဓဘိသေက ဘုရားအနေကဇာတင်မင်္ဂလာအခမ်းအနားကို အဆိုပါကျောင်း ပရဝုဏ်အတွင်း၌ မေ ၉ ရက် နံနက် ၆ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမာဃိန္ဒ၊ ဥယျာကျောင်းတိုက်ဆရာတော် ဦးပညာသိနှင့် ပင့်သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ၊ ဝတ်အသင်းများနှင့် စည်ကားသိုက်မြိုက်စွာ ထီးတော်တင်လှူပူဇော်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# အင်းတော်မြို့နယ် မော်လူး ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်၌ ဓမ္မစကူးသင်တန်းဖွင့်ပွဲ နှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

**မော်လူး မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်၌ မေ ၉ ရက် နံနက် ၈ နာရီခွဲက ဓမ္မစကူးသင်တန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနား ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ မော်လူးဒက္ခိဏာရာမကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါယမအရှင်သူမြတ်နှင့် ဖိတ်ကြားထားသော ဆရာတော်အရှင်သူမြတ်များ၊ မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ဓမ္မစကူးသင်တန်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ သင်တန်းမှူးနှင့် သင်တန်းသူ၊ သင်တန်းသားများ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ကာ ကြွရောက်လာသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ထံမှ ငါးပါးသီလကိုခံယူဆောက်တည်ပြီး ဒက္ခိဏာရာမကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တဝါယမအရှင်သူမြတ်က ဩဝါဒကထာမိန့်ကြားခဲ့သည်။

ယင်းနောက် မော်လူးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး ဓမ္မစကူးအသင်းဥက္ကဋ္ဌ ဦးတင်ဦးက အသင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဓမ္မစကူးသင်တန်းအဆောက်အအုံဆောက်လုပ်ရန်အတွက် အလှူရှင်များဖြစ်သော ဦးတင်ရွှေ-ဒေါ်ပြုံး (စိုးမျိုးညို) ရွှေဆိုင်မိသားစုက ငွေကျပ်သိန်း ၁၀၀၊ ဦးရန်နိုင်မျိုး-ဒေါ်ခိုင်ဇာဝင်းဝင်း (တော်ဝင်ပညာရေးစင်တာ)မိသားစုတို့က ငွေကျပ်သိန်း ၁၀၀ နှင့် ဒေါ်ကွမ်းရီ 'အကယ်ဒမီ' ရွှေဆိုင်မိသားစုတို့က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်ရာ အသင်းဥက္ကဋ္ဌက လက်ခံရယူပြီး သင်တန်းသားများအတွက် တဘက်၊ တံဆိပ်၊ လက်ကိုင်အိတ်တို့ကို အလှူရှင်များက ပေးအပ်ခဲ့ကြသည်။ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ပြီး အသင်းနာယက ဦးတင်ရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာလှူဒါန်းမှု အစုစုတို့ကို ရေစက်ချအမျှပေးဝေခဲ့ကြောင်း သိရသည်။ **(၀၅၈)**

# ရက်(၁၀၀)စီမံချက်ဖြင့် ပြန်ဆက်ဦးစီးဌာန၏လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်

**သာစည် မေ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရက် (၁၀၀) စီမံချက်များရေးဆွဲ၍ ဌာနလုပ်ငန်းများကို ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်နေကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက ပြည်သူတွေအတွက် နား၊ မျက်စိပါ။ ပြည်သူတွေသိရှိနိုင်မဲ့ သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေတဲ့ဌာနတစ်ခုပါ။ ပြည်သူတွေ စာပေဖတ်ရှုလိုစိတ်ရှိလာအောင် နယ်လှည့်စာကြည့်တိုက်တွေ စာဖတ်ပွဲတွေလည်း ပြုလုပ်ပေးနေရပါတယ်။ အိမ်တိုင်ရာရောက် စာအုပ်ငှားစနစ်ကိုလည်း ပြုလုပ်နေပါတယ်။ ကျေးလက်တွေမှာ ဖွင့်လှစ်ထားရှိပြီးဖြစ်တဲ့ စာကြည့်တိုက်တွေ ရေရှည်ခိုင်မာမှု ရှိလာအောင် ကွင်းဆင်းပြီး ဆောင်ရွက်နေပါတယ်။ စာတတ်တဲ့သူတွေ စာဖတ်ချင်လာအောင် စာသင်ကျောင်းတွေအထိ သွားရောက်ပြီး စာအုပ်ပြပွဲတွေ စာငှားစနစ်တွေကိုပြုလုပ်ပေးနေပါတယ်။ အခုကျွန်တော်တို့ဌာနက ကျေးရွာစာကြည့်တိုက်တွေမှာ အများဆုံး စာအုပ်ငှားဖတ်သူတွေကို ဂုဏ်ပြုလက်ဆောင်တွေ ပေးနေပါတယ်" ဟု မြို့နယ်ပြန်ဆက်ဦးစီးမှူး ဦးမျိုးမင်းဇော်က ပြောသည်။

သာစည်မြို့နယ်တွင် ကျေးရွာပေါင်း ၂၄၉ ရွာရှိရာ လက်ရှိအခြေအနေတွင် ကျေးရွာပေါင်း ၂၁၉ ရွာ၌ ကျေးလက်စာကြည့်တိုက် ၂၁၉ တိုက်ကို ဖွင့်လှစ်ထားနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရပြီး ကျေးလက်ပြည်သူတွေ နေ့စဉ်ဖတ်ရှုနိုင်ရန်အတွက် နိုင်ငံပိုင်သတင်းစာများဖြစ်သည့်ကြေးမုံ နှင့် မြန်မာ့အလင်း သတင်းစာများကိုလည်း ကျေးလက်များအရောက် ဖြန့်ဝေနိုင်အောင် သတင်းစာကိုယ်စားလှယ်များနှင့် ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ယင်းအပြင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ရက် (၁၀၀) စီမံချက်များဖြစ်သည့် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ စာဖတ်စာငှားသူများ တိုးတက်များပြားလာစေရေး၊ ရှိပြီးစာကြည့်တိုက်များ ခိုင်မာမှုရှိစေရေး ၊ စာသင်ကျောင်းများတွင် စာအုပ်ပြပွဲနှင့် စာငှားစနစ်ကျင့်သုံးနိုင်ရေး စသည့်လုပ်ငန်းစဉ်များ အောင်မြင်နိုင်ရန် ပြန်ဆက်ဝန်ထမ်းများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မောင်ကို(သာစည်)**

# ဘာသာသာသနာပွင့်လင်းလာသည့်စက်ကုန်းရွာ



**ရန်ကုန် မေ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ယခုဇေယျာသီရိမြို့နယ် (ယခင် တပ်ကုန်းမြို့နယ်)အတွင်း ခေတ်အေးကျေးရွာအုပ်စု စက်ကုန်းကျေးရွာအတွင်းရှိ မြေရိုင်းကုန်းမြေ အနိမ့်အမြင့်များကြား၌ အပူပိုင်းဒေသတွင် ပေါက်သည့် ကန္တာရပင်များ၊ သဲကျောက်ကမူများနှင့် လွင်တီးခေါင်ပြင်အဖြစ်ရှိခဲ့သည်။ အနိမ့်ပိုင်းတွင် စက်ကုန်းရွာလေးသာ သစ်ပင်အနည်းငယ်နှင့် လူနေရွာငယ်လေးသာရှိခဲ့ပြီး ကျန်ပတ်ဝန်းကျင်တစ်ခုလုံး ခြောက်သွေ့ကုန်းပြင်ဖြစ်နေသည်။ အနီးနေ ရွာသူရွာသားများမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးအတွက် မိုးရာသီကာလတစ်ခုသာ အားကိုးအားထားပြုရသည်။

ကျန်အချိန်ကာလများတွင် မရေမရာဘဝများကို ဖြတ်သန်းနေရသည်။ မိမိတို့ဘဝအတွက် ဝမ်းရေးပင် မပြည့်စုံသဖြင့် လှူရေး၊ တန်းရေး၊ ကုသိုလ်ရေးအတွက် ဆိုလျှင် ဝေလာဝေး စိတ်ကူးထဲပင်မရှိ။ ၂၀၀၉ ခုနှစ်တွင် ထိုအရပ်သို့ ရဟန်းတစ်ပါးရောက်ရှိလာပြီး ကန္တာရကုန်းကမူမြင့် တစ်နေရာတွင် ညောင်ပင်တစ်ပင်စိုက်ကာ တဲကျောင်းလေးတစ်ကျောင်းဖြင့် သီတင်းသုံးတော်မူသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုအချိန်နှင့် တစ်ပြိုင်တည်း ဦးကျားရှင်းအမည်ရသော ရှမ်းတိုင်းရင်းသားမိသားစုက စေတီတစ်ဆူ၊ ဘုရားတစ်ဆူနှင့် သိမ်နေရာတစ်ခု လှူဒါန်းခဲ့ရာမှ ထိုနေရာမှာ သာသနာ့မြေအဖြစ် အစပြုသည်ဟုဆိုရမည်။ ထို့နောက် ပျဉ်းမနား၊ တပ်ကုန်း၊ ရမည်းသင်းတို့မှ သာသနာပြုအလှူရှင်မိသားစုများက မကြာခဏလာရောက်၍ ကုသိုလ်ဒါနဝေယျာဝစ္စပြုကြသည်။ ထိုအချိန်ကာလအထိ အနီးဝန်းကျင်မှ ရွာသူရွာသားများနှင့် အခြားလူများ ကုသိုလ်ပါဝင်ခြင်း မရှိသေးချေ။

၂၀၁၀-၂၀၁၁ ခုနှစ်တွင် အနီးပတ်ဝန်းကျင်၌ တည်ရှိသော ရုံးဌာနနှင့် နယ်မြေခံတပ်များ ကျောင်းမြေသို့ရောက်ရှိလာပြီး အလှူဒါနကောင်းမှုကုသိုလ်များ တတ်စွမ်းသရွေ့ပြုကြသည်။ စေတီဘုရား၊ ကျောင်းကန်များ ဝိုင်းဝန်းစုပေါင်းပြုပြင်မွမ်းမံကြသည်။ ယခင်တဲကျောင်းလေးဘဝမှ ပျဉ်ကျောင်းလေးဖြစ်လာသည်။ ပျဉ်ကျောင်းလေးမှ တိုက်ကျောင်းလေးဖြစ်လာပြီး ကျောင်း၊ ဇရပ်၊ ဓမ္မာရုံများနှင့် ကျောင်းကန်ဘုရား၊ တရားရိပ်သာများပါဝင်သော သာသနာ့မြေအဖြစ် ပုံပေါ်လာသည်။ ယခုစက်ကုန်းကျေးရွာလေးအတွင်းရှိ ကုန်းပြင်မြင့်လေးမှာ ယခင်နှင့်မတူတော့ချေ။ နှစ်စဉ်နှစ်တိုင်း ဘုရားရိပ်၊ တရားရိပ်တွင် အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တပ်မတော်သားများ ကုသိုလ်ကောင်းမှုပြုလျက်ရှိကြသည်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဇေယျာသီရိမြို့နယ် စက်ကုန်းကျေးရွာရှိ အလိုတော်ပြည့်ဘုရား၊ အလိုတော်ပြည့်ကျောင်း၊ သဒ္ဓမ္မသုခ ဓမ္မရိပ်သာမှာ သာသနာရောင်ဝါ ထွန်းလင်းတောက်ပလို့နေချေပြီ။ ယခုနှစ် သင်္ကြန်နှစ်ကူး အချိန်က တရားစခန်းဖွင့်ကာ ရဟန်းခံရှင်ပြုပြီး လူယောဂီတို့ တရားဝင်ကြသည်မှာ ဦးရေ ၁၀၀ ကျော်သည်။ နေထိုင်စားသောက်ရေးမှအစ တရားစခန်းဝင်ကြရာတွင်ပါ အစစပြည့်စုံကောင်းမွန်နေပြီ။ လူယောဂီများသာမက သီလရှင်၊ ရဟန်းသာမဏေများလည်း တရားဘာဝနာအလုပ်ကို ကောင်းစွာရှုမှတ်ပွားများ အားထုတ်နိုင်ကြပြီ။ စက်ကုန်းကျေးရွာမှ ရွာသူရွာသားများမှာ ချို့တဲ့နွမ်းပါးသူများဖြစ်၍ လှူဒါန်းမှုမပြုနိုင်ကြသော်လည်း အဝေးနေ၊ အနီးနေ လူအများက လာရောက်လှူဒါန်းကြသည်။ ယခု ဘုရားတရားနှင့်အလှမ်းဝေးခဲ့ရသော ရွာသူရွာသားများလည်း ကုသိုလ်ကောင်းမှုပြုနိုင်ကြပြီ။

မေ ၈ ရက်က စက်ကုန်းကျေးရွာရှိ အလိုတော်ပြည့်ဘုရားကျောင်းတွင် ပဥ္စင်းခံရှင်ပြုအလှူပွဲကို ခြိမ့်ခြိမ့်သဲဆင်နွှဲသည်ကို တွေ့ရသည်။ နယ်မြေခံဆေးဘက်ဆိုင်ရာ တပ်ရင်းတပ်ဖွဲ့တစ်ခုလုံး ကုသိုလ်ကောင်းမှုအလှူဒါနပြုကြသည်။ တပ်ရင်းတပ်ဖွဲ့မိသားစုဝင်များကိုယ်တိုင် ရဟန်းခံရှင်ပြုကြသည်မှာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသည်။ တပ်မတော်သားမိသားစုများသည်ပင် တရားရိပ်၊ ဘုရားရိပ်တွင် အေးချမ်းစွာ ခိုလှုံနိုင်ကြပြီ။ ကြည်နူးချမ်းမြေ့ဖွယ် သာသနာရောင်ဝါထွန်းလင်းသည့် မြင်ကွင်းမှာကား သွေ့ခြောက်သော စက်ကုန်းကျေးရွာလေးအတွက် လင်းလက်တောက်ပလာသော သာသနာ့ရောင်ခြည်အလင်းတန်းများဟု ဆိုနိုင်ပါသည်။

**(သတင်းနှင့်ဓာတ်ပုံ–ဓာဏီ)**

# နီပွန်ဖောင်ဒေးရှင်းမှလှူဒါန်းသောကျောင်းဆောင်သစ်အားပညာရေးဌာနသို့လွှဲပြောင်းပေးအပ်



**ကျုံပျော် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဂဏိမ်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၌ မေ ၉ ရက် မွန်းလွဲ ၁ နာရီခွဲက ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်း၏ ထောက်ပံ့မှုဖြင့်ဆောက်လုပ်သော ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ ကရင်တိုင်းရေးသားရေးရာဝန်ကြီး ဂျဲမိုးမြတ်မြတ်သူ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာ၊ ဂျပန်နီပွန်ဖောင်ဒေးရှင်းမှ Mr. Nobuyuki HIRANO နှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဆရာကြီးဦးအမ်ဘရို့စ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောင်သစ်လှူဒါန်းသည့် နီပွန်ဖောင်ဒေးရှင်းမှ ဦးစေတနာတို့ကို အထူးကျေးဇူးတင်ရှိကြောင်း၊ ပညာရည်မြင့်မားရေးအတွက်လည်း ဆရာ၊ မိဘ၊ ကျောင်းသား ပူးပေါင်းပြီးဆောင်ရွက်ကာ နိုင်ငံအတွက်အားကိုးရသည့်သူများ မွေးထုတ်ပေးရန်လိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ဂျပန်နီပွန်ဖောင်ဒေးရှင်းမှ Mr. Nobuyuki HIRANO က မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးသန်းဝင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ပုသိမ်(ပြန်/ဆက်)**

# ကံမမြို့နယ်တွင်မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုများ ထပ်မံဖြစ်ပေါ်ခဲ့ကာ သစ်ပင်များပြိုလဲ၍ အဆောက်အအုံများပျက်စီး

**ကံမ မေ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် မေ ၉ ရက် ညနေ ၆ နာရီက မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုများ ထပ်မံဖြစ်ပေါ်ခဲ့သည်။ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်၏မြောက်ဘက်ရှိ ကျေးရွာများအနက် ကျေးရွာ ၁၈ ရွာတွင် သစ်ပင်များ အမြစ်မှပြိုလဲခြင်း၊ သစ်ကိုင်းများကျိုးပြတ်ခြင်းနှင့်အတူ လူနေအိမ် ၄၃၉ လုံး၊ ဘုန်းကြီးကျောင်း ခုနစ်ကျောင်း၊ စာသင်ကျောင်း ခုနစ်ကျောင်းနှင့် ဆေးပေးခန်းတစ်ခုတို့မှာ အမိုးလန်ခြင်း၊ သွပ်မိုးများ လေနှင့်အတူလွင့်ပါပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

ဧပြီ ၂၉ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်အားခွဲရုံမှ ကံမမြို့သို့ပို့လွှတ်သည့် 11 KV ဓာတ်အားလိုင်းပေါ်ရှိ လျှပ်စစ်ဓာတ်တိုင် ၂၂ တိုင်မှာ လဲကျပျက်စီးခဲ့သဖြင့် လျှပ်စစ်မီးများပြတ်တောက်ခဲ့ရပြီး ကျေးရွာခုနစ်ရွာမှ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းနှင့် နေအိမ် ၄၁ လုံးမှာ သွပ်မိုးများ လေနှင့်အတူလွင့်ပါခဲ့ပြီး တဲသုံးလုံး ပျက်စီးဆုံးရှုံးခဲ့သည်။

မေ ၄ ရက်က နောက်တစ်ကြိမ်ထပ်မံဖြစ်ပွားရာတွင် မြို့နယ်၏မြောက်ဘက်ကျေးရွာများအနက် ကျေးရွာ ၂၁ ရွာတွင် သစ်ပင်များအမြစ်မှပြိုလဲခြင်း၊ သစ်ကိုင်းများကျိုးပြတ်ခြင်းနှင့်အတူ လူနေအိမ် ၁၂၆ လုံး ၊ဘုန်းကြီးကျောင်းလေးကျောင်းနှင့် ဌာနပိုင်အဆောက်အအုံငါးခုတို့မှာ အမိုးလန်ခြင်း၊ သွပ်မိုးများလေနှင့်အတူလွင့်ပါပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

ယခုအကြိမ် လေပြင်းတိုက်ခတ်မှုမှာ ပိုမိုပြင်းထန်ခဲ့ပြီး ဆုံးရှုံးမှုများမှာလည်း ရှေ့ဖြစ်စဉ်များထက် ပိုမိုဖြစ်ပွားခဲ့သည်။ အဆိုပါပျက်စီးဆုံးရှုံးမှုများမှာ ခြောက်ပင်ကျေးရွာတွင် နေအိမ် ၁၀ လုံး အ. လ. က ကျောင်းတစ်ကျောင်း၊ အ. မ. က တစ်ကျောင်း၊ ဇွေးမိကျေးရွာတွင် နေအိမ်လေးလုံး၊ ရွာသစ်ကျေးရွာတွင် နေအိမ်တစ်လုံး အ. မ. က တစ်ကျောင်း၊ ရေနံ့သာကျေးရွာတွင် နေအိမ်တစ်လုံး၊ ထန်းတောကျေးရွာတွင် နေအိမ်ရှစ်လုံး၊ ငါးလှိုင်ကျေးရွာတွင် နေအိမ်တစ်လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ဆန်တုံကျေးရွာတွင် နေအိမ် ၁၁ လုံး၊ သပြင်ဆောင်ကျေးရွာတွင် နေအိမ်တစ်လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ တောမကုန်းကျေးရွာတွင် နေအိမ် ၄၇ လုံး၊တောမကျင်းကျေးရွာတွင် နေအိမ် ၁၉ လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ မင်းကျေးရွာတွင် နေအိမ်တစ်လုံး၊ ကြက်ခြံတစ်ခြံ၊ ကျောက်စောင်းကျေးရွာတွင် နေအိမ် ၁၈၂ လုံး၊ ဘုန်းကြီးကျောင်းသုံးကျောင်း၊ အ. ထ. က(ခွဲ) တစ်ကျောင်း၊ ဆေးပေးခန်းတစ်ခုနှင့် စေတီနှစ်ဆူ၏ထီးတော်များ ပျက်စီးပြီး သီးကုန်းကျေးရွာတွင် နေအိမ် ၂၄ လုံး၊ ကျီးမီးကျေးရွာတွင် နေအိမ် ၃၂ လုံး၊ အ. မ. က ကျောင်းတစ်ကျောင်း၊ ရွာသာယာကျေးရွာတွင် နေအိမ် ၁၉ လုံး၊ အ. မ. က တစ်ကျောင်း၊ ဆယ်ကျေးရွာတွင် နေအိမ် ၃၂ လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ အ. မ. က တစ်ကျောင်း၊ အင်းကြီးကုန်းကျေးရွာတွင် နေအိမ် ၁၀ လုံး၊ ကျောက်ပြုတ်ကျေးရွာတွင် နေအိမ် ၃၆ လုံးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အားပေးစကားများပြောကြားခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မောင်အေး၏ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များသည် ပျက်စီးသွားသည့် အမိုးအကာများနှင့် သစ်ပင်သစ်ကိုင်းများအား ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများအား ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# မြို့တွင်းစုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ငပုတော မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရက် ၁၀၀ စီမံချက်အရ ငပုတောမြို့အား သန့်ရှင်းသာယာလှပပြီး အမှိုက်ကင်းစင်ရေးမြို့ဖြစ်စေရန် မြို့တွင်းရပ်ကွက်လူစည်ကားရာ အများသုံးလမ်းများနှင့် ပတ်ဝန်းကျင်လမ်းဘေးဝဲယာအမှိုက်ကင်းရှင်းရေး၊ ရေထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးကြီးကြပ်မှုကော်မတီဖြင့် ပူးပေါင်းကာ မေ ၁၀ ရက်နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှစတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ငပုတောမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီဝင်များ၊ သင်တန်းတက်ရောက်သည့်ဆရာ၊ ဆရာမများ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပြည်သူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ဖွံ့ဖြိုးရေးမိတ်ဖက်လူမှုအဖွဲ့အစည်းများက ယုဇနလမ်း၊ ကမ်းနားလမ်း၊ ဒေါနလမ်း၊ မဥ္ဇူလမ်းတစ်လျှောက် လမ်းဘေးဝဲယာတို့၌ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးကျော်သူ(ပြန်/ဆက်)**

# အိမ်တွင်းမှုသင်တန်းနှင့်စက်ချုပ်သင်တန်းဖွင့်

**ရေး မေ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရေးမြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၅၄)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၄၂)ဖွင့်ပွဲကို မေ ၉ ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းကို ရက်သတ္တပတ် ၁၄ ပတ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ငါ့သရောက်မြို့၌ပရိဘောဂပစ္စည်း ပြုလုပ်ရောင်းချသူပိုမိုများပြားလာ

**ငါ့သရောက် မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်၌ သစ်သားဖြင့် ပြုလုပ်သည့် အိမ်အသုံးအဆောင် ပရိဘောဂပစ္စည်းများကို ငါ့သရောက်မြို့ပေါ်ရပ်ကွက်အချို့မှ ဒေသခံပြည်သူများသည် မိမိတို့တတ်ကျွမ်းသည့် လက်မှုပညာဖြင့် မိသားစုစားဝတ်နေရေးအတွက် တစ်ပိုင်တစ်နိုင်ပြုလုပ်ရောင်းချပေးနေကြကြောင်း သိရသည်။

ထိုသို့ မိသားစုဝင်ငွေရရှိရေးအတွက် လက်မှုပညာဖြင့်ပြုလုပ်ရောင်းချသည့် အိမ်အသုံးအဆောင် ပရိဘောဂပစ္စည်းများကို ယခင်က မြို့နယ်အတွင်းရှိဒေသခံ ပြည်သူများမှာ ဝယ်ယူအသုံးပြုမှုနည်းပါးခဲ့ပြီး ယခုအခါ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများသာမက မြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများမှ ကျေးလက်နေပြည်သူများမကျန် အကြိုက်တွေ့ပြီး ဝယ်ယူအသုံးပြုသူများ ယခင်ထက်ပိုများလာခဲ့ရာ ငါ့သရောက်မြို့နယ်၌ အိမ်အသုံးအဆောင် ပရိဘောဂပစ္စည်းပြုလုပ်ရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိပြီး စီးပွားရေး အဆင်ပြေနေကြကြောင်း အမှတ်(၂)ဈေးကုန်းရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောပြသည်။

ငါ့သရောက်မြို့ပေါ်ရပ်ကွက်အချို့တွင် မိသားစုစားဝတ်နေရေးအတွက် တစ်ပိုင်တစ်နိုင် အိမ်အသုံးအဆောင် ပရိဘောဂပစ္စည်း ပြုလုပ်ရောင်းချသူ ၁၅ ဦးခန့်ရှိပြီး ပြုလုပ်ရောင်းချသည့် ပရိဘောဂပစ္စည်းများမှာ စားပွဲ၊ တန်းလျား၊ ဗီရို အမျိုးမျိုး၊ ခုတင်အမျိုးမျိုးနှင့် အိမ်သာအဆောက်အအုံများအပြင် မှာယူသည့်ပရိဘောဂပစ္စည်းမျိုးစုံကို ပြုလုပ်ရောင်းချပေးနေကြောင်း သိရသည်။

အဆိုပါ အိမ်အသုံးအဆောင်ပရိဘောဂ ပစ္စည်းပြုလုပ်ရောင်းချသူများသည် ပရိဘောဂပစ္စည်းများ ပြုလုပ်ရန်အတွက် သစ်သားများကို ယခင်က မိမိတို့ မြို့နယ်တွင်ဝယ်ယူပြီး ပြုလုပ်ခဲ့ရသည့်အတွက် သွားလာစရိတ် သက်သာပြီး ပို၍ဝင်ငွေရရှိခဲ့ကြောင်း၊ ယခုအခါ နီးစပ်ရာမြို့များသို့ သွားရောက် ဝယ်ယူနေရသည့်အပြင် သစ်သားဈေးနှုန်းများမှာလည်း အရင်ကထက် ဈေးနှုန်းများ အဆမတန်မြင့်တက်နေ၍ ဝင်ငွေအနည်းငယ် လျော့ပါးသွားခဲ့ကြောင်း၊ သို့သော် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် အကြိုက်တွေ့၍ ဝယ်ယူအသုံးပြုမှုယခင်ထက် ပိုများလာခဲ့သည့်အတွက် ပရိဘောဂပစ္စည်းပြုလုပ်ရောင်းချသူများ အဆင်ပြေနေကြကြောင်း အမှတ်(၁) မြောက်ကုန်းရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောပြသည်။

ထို့အပြင် အမှတ်(၂)ဈေးကုန်းရပ်ကွက်မှ ပရိဘောဂ ပြုလုပ်ရောင်းချသူတစ်ဦးကလည်း "ကျွန်တော်တို့ ငါ့သရောက်မြို့ပေါ်မှာ အရင်က အမှတ်(၁)မြောက်ကုန်းရပ်ကွက်ထဲမှာ ပရိဘောဂပစ္စည်း ပြုလုပ်သည့် သစ်သားရောင်းတဲ့ ဆိုင်တစ်ဆိုင်ရှိပါတယ်။ ဒီ ဆိုင်လေးရှိတုန်းက ကျွန်တော်တို့အတွက် ပရိဘောဂပစ္စည်းပြုလုပ်ရန် အလွယ်တကူ ဝယ်ယူလုပ်ကိုင်နိုင်တော့ ဒီထက်မက ပိုအဆင်ပြေခဲ့ပါတယ်။ တစ်လကို ပျမ်းမျှ နှစ်သိန်း၊ သုံးသိန်း ဝန်းကျင်ခန့် ဝင်ငွေရှိပါတယ်။ ဒါတောင် ဒီလောက် ဝယ်ယူအားပေးသူ မများသေးပါဘူး။ အခုတော့ အဲဒီဆိုင်လေးက မရောင်းတော့ပါဘူး။ ဒါ့ကြောင့် ပရိဘောဂပစ္စည်းပြုလုပ်ဖို့အတွက် အသားဝယ်မယ်ဆိုရင် ပခုက္ကူမြို့အထိ သွားရောက်ဝယ်ယူပြီး လုပ်ကိုင်နေရပါတယ်။ ဒါ့အပြင် သစ်သားဈေးကလဲကြီးနေတော့ ကျွန်တော်တို့အတွက် ဝင်ငွေလျော့နည်းသွားတာပေါ့ဗျာ။ ကျွန်တော်တို့အနေနဲ့ ပရိဘောဂပစ္စည်းမျိုးမျိုးကို မိမိမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်အောင် ဆောင်ရွက်ပေးနေတာဖြစ်လို့ ဒေသခံပြည်သူတွေကလည်း အခြားမြို့တွေကို သွားရောက်ဝယ်ယူတာတွေနည်းသွားပါပြီ။

"အိမ်အသုံးအဆောင်ပရိဘောဂ ပစ္စည်းတွေကတော့ စားပွဲတစ်လုံးလျှင် ငွေကျပ် ၃၅၀၀၀ ခန့်၊ တန်းလျားတစ်လုံးလျှင် ငွေကျပ် ၃၅၀၀၀ ခန့်၊ ဗီရိုတစ်လုံးလျှင် အနိမ့်ဆုံး ငွေကျပ် ၆၅၀၀၀ မှ အမြင့်ဆုံး ငွေကျပ် ၁၅၀၀၀၀ ခန့်ထိရှိပြီး ခုတင်ကိုတော့ ငွေကျပ် ၃၀၀၀၀ မှ ၈၀၀၀၀ ခန့်အထိ ပြုလုပ်ရောင်းချပေးနေပါတယ်" ဟု အမှတ်(၂)ရပ်ကွက်မှ တစ်ပိုင်တစ်နိုင် ပရိဘောဂပစ္စည်းပြုလုပ်ရောင်းချသူတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းကောင်း၊ အစီမံကောင်းများဖြင့် ဖော်ထုတ်လုပ်ကိုင် ဆောင်ရွက်သွားနိုင်ရေး တွေ့ဆုံဆွေးနွေး

**မြစ်ကြီးနား မေ ၁၁**

ကချင်ပြည်နယ်အတွင်းရှိ ဒေသများ၏ ပထဝီအနေအထား၊ ဒေသတွင်းမှာရှိသည့် သဘာဝပတ်ဝန်းကျင်၊ ရေ၊ မြေ၊ တောတောင်၊ တွင်းထွက်သယံဇာတပစ္စည်းများ၊ ဒေသခံလူထု၏ လုပ်ကိုင်နိုင်မှုစွမ်းအားများမှ အားသာချက်၊ အားနည်းချက်များကို လေ့လာပြီး ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းကောင်း၊ အစီအမံကောင်းများဖြင့် ဖော်ထုတ်လုပ်ကိုင်သွားနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲကို မေ ၉ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။



ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသနှင့်ကိုက်ညီမည့် စီမံကိန်းများကို ဒေသမှာရှိသည့် ပြည်သူများဆန္ဒနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားဖို့ရန် လိုအပ်ကြောင်း၊ လုပ်ငန်းများအောင်မြင်ရေး၊ ဘတ်ဂျက်များအလေအလွင့်မရှိရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကြီးကြပ်ပေါင်းစပ် လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးမှူးများသည် အစိုးရနှင့် ပြည်သူအကြား ညှိနှိုင်းစေ့စပ်ရသူ၊ အကျိုးဆောင်သူ၊ လုပ်ငန်းများရှင်သန်ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးရသူများ ဖြစ်သည့်အတွက် ပြည်သူများအပေါ် မောက်မာစွာဆက်ဆံခြင်း၊ အနိုင်ကျင့်ခြင်း၊ ဥပဒေမဲ့ပြုမူခြင်း၊ ကိုယ်ကျိုးရှာခြင်းတို့ မပြုလုပ်ဖို့ရန်လိုအပ်ကြောင်း၊ မိမိတို့မြို့နယ်အလိုက် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ၊ ဌာနဆိုင်ရာအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်အောင် ဒေသခံပြည်သူလူထု၊ လွှတ်တော်ကိုယ်စားလှယ် များ၊ ဌာနဆိုင်ရာများနှင့် လက်တွဲ၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန်နှင့် ရက် (၁၀၀)အတွင်း မြို့နယ်အလိုက်ဆောင်ရွက်မည့် လုပ်ငန်းများအောင်မြင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဒေသတွင်း အကောင်အထည် ဖော်ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းများနှင့် ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းများ၊ ဒေသအလိုက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်နှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

## ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ (Service Oriented Policing) ဆွေးနွေးပွဲကျင်းပ

**လွိုင်ကော် မေ ၁၁**

ကယားပြည်နယ်ရဲတပ်ဖွဲ့မှ ပြုလုပ်သည့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ (Service Oriented Policing) ဆွေးနွေးပွဲကို မေ ၉ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားရာ ရဲလုပ်ငန်းအနေဖြင့် ပြည်သူလူထုကို ဝန်ဆောင်မှုပေးပြီး လူထုကိုဘေးကင်းလုံခြုံစွာ စောင့်ရှောက်ခြင်းဖြစ်၍ ပြည်သူလူထုမှလည်း ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးမှုအောက်တွင် ဥပဒေနှင့်အညီဆောင်ရွက်သော လွတ်လပ်သော ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လိုအပ်ကြောင်း၊ ဖော်ဆောင်နိုင်မည်ဟုယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ကိုယ်စားလှယ် ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်းက ရဲလုပ်ငန်း၏ ရည်ရွယ်ချက်ဖြစ်သည့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစဉ်စနစ် သဘောတရားနှင့်လက်တွေ့ကျင့်သုံးမှုများကို သိရှိနားလည်ပြီး ထိရောက်ထက်မြက်စွာ ကျင့်သုံးဆောင်ရွက်တတ်စေရန်၊ police ၏ အဓိပ္ပာယ်၊ ရဲလုပ်ငန်းအကြောင်း၊ ရဲတပ်ဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရဲတပ်ဖွဲ့တွင်ပြည့်စုံရမည့် အင်္ဂါရပ်များ၊ ရဲလုပ်ငန်း၏ ပင်မတာဝန်များနှင့် ဖော်ဆောင်ရမည့် အခြေခံမူဝါဒများ၊ ထိန်းချုပ်မှုကိုရှေးရှုသောရဲလုပ်ငန်းစနစ်၊ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်၊ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်း၏ သွင်ပြင်လက္ခဏာများ၊ ရဲလုပ်ငန်းတိုးတက်မှုကို တိုင်းတာရန်၊ ရဲလုပ်ငန်း၏ အခြေခံမူများ၊ ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍ၊ အခြေခံမူကို ဖော်ဆောင်ရာတွင် လိုက်နာရမည့် အချက်များ၊ ရဲတပ်ဖွဲ့၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု နှင့်ပတ်သက်သည်များ ရှင်းလင်းသွားသည်။

ယင်းနောက် ကယားပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မိုးမောင်သန်းက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်း ကျဆင်းရေးနှင့် ရက် (၁၀၀) စီမံချက်နှင့် ပတ်သက်သည်များ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်အား ကယားပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ မွန်းလွဲ ၁ နာရီ ၁၅ မိနစ် တွင် ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ကိုယ်စားလှယ် ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့လိုက် ဆွေးနွေးမည့် ခေါင်းစဉ်များနှင့် ပတ်သက်၍ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး(ယာယီ) ရဲမှူးကြီး စိုးမြင့်က ဆွေးနွေး မည့်အစီအစဉ်များအား ချပြဆွေးနွေးခဲ့သည်။

ယင်းနောက် အဖွဲ့လိုက် အဖွဲ့ဖွဲ့ပြီး ဆွေးနွေးသွားပြီးနောက် အဖွဲ့(၃)ဖွဲ့မှ အဖွဲ့လိုက်ကိုယ်စားလှယ် တစ်ဦးချင်းစီ အလှည့်ကျ ဆွေးနွေးသွားရာ ကယားပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မိုးမောင်သန်းက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကယားပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ရဲရေးချုပ်ရဲမှူးချုပ် ဝင်းထွန်း၊ ပြည်နယ်၊ ခရိုင်၊မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မီဒီယာများ တက်ရောက်ခဲ့သည်။

**ကိုစိုင်း (လွိုင်ကော်)**

## ပုလဲမြို့တွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းဖွင့်လှစ်

**ပုလဲ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ မေ ၉ ရက် နံနက် ၉ နာရီခွဲက အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၈) နှင့် အခြေခံအိမ်တွင်းမှု သင်တန်း အမှတ်စဉ် (၃၂) သင်တန်းဖွင့်ပွဲ အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က "နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသူလေးများအတွက်သာမက လူဦးရေထူထပ်တဲ့ မြန်မာနိုင်ငံအတွင်းပိုင်းဒေသက အမျိုးသမီးလေးများရဲ့ အသိပညာ၊ အတတ်ပညာတိုးပွားရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေး ရည်ရွယ်ချက်များဖြင့် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ဖွင့်လှစ်ပေးထားတဲ့ သင်တန်းကျောင်းမှာ တက်ရောက်သင်ယူကြမယ့် သင်တန်းသူများအနေဖြင့် အိမ်တွင်းမှုပညာရပ်များဖြစ်တဲ့ စက်ချုပ်ဘာသာရပ်၊ လက်မှုဘာသာရပ်၊ ဟင်းလျာချက်ပြုတ်နည်း ဘာသာရပ်များကို အသက်မွေးဝမ်းကျောင်း ပြုနိုင်သည်အထိ သင်ယူကြဖို့လိုပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်ညွန့်တင်က "ပုလဲမြို့ အိမ်တွင်းမှုသင်တန်းကျောင်းကို ၂၀၀၅ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၁) မှ (၃၁)အထိ သင်တန်းသူ ၁၆၀၁ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၁) မှ ( ၂၇ ) အထိ သင်တန်းသူ ၃၆၇ ဦး၊ ကြိမ်ဝါးသင်တန်းသူ ၂၅ ဦး စုစုပေါင်း သင်တန်းသူ ၁၉၉၃ ကို မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အောင်မြင်စွာဖြင့်သင်တန်းဆင်းသွားသူများထဲမှ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ ၇၀၈ ဦး၊ အထည်ချုပ်စက်ရုံများမှာ အလုပ်လုပ်ကိုင်သူ ၈၀၊ မုန့်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးနဲ့ ကြိမ်၊ ဝါး လက်မှုလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးရှိနေပြီဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၃၂) သို့ သင်တန်းသူ ၆၃ ဦးနှင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၂၈) သို့ သင်တန်းသူ ၁၄ ဦးတို့တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၄ ပတ်ဖြစ်သည်။

**မင်းခန့်စိုး(ဧယျာမြေ)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆိုပါဝင်ရေးသားရန်ဖိတ်ခေါ်ပါသည်။သို့သော်ကြမ်းတမ်းပြင်းထန်သောအယူအဆ၊အရေးအသားများကိုမူသတင်းစာ၏မူဝါဒအရဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်း)*

# အစိုးရသစ်၏ဖြိုးဖြိုးခြွေတာရေးမူနှင့် အိန္ဒိယနိုင်ငံအကြောင်း တစေ့တစောင်း

**ã သန်းဖြိုးနိုင် (ကညင်ကျိုး)**

**သူတို့က အဝတ်အစားတွေကို အရည်အသွေးမီအောင် အစိုးရစက်ရုံတွေကရော ပုဂ္ဂလိကကပါ စံချိန်မီထုတ်လုပ်ကြတယ်။ ပြီးတော့ ဈေးနှုန်း သက်သက်သာသာနဲ့ ပြန်လည်ရောင်းချကြတော့ . . .**

ကျွန်တော် အိန္ဒိယနိုင်ငံမှာ တစ်လကြာနေခဲ့တဲ့ အချိန်မှာ ဒီနိုင်ငံကြီးဟာ ဧရိယာကြီးသလောက်၊ လူဦးရေတွေများသလောက်၊ ဘာကြောင့် သူတို့ကြွယ်ဝချမ်းသာနေတာလဲ၊ ဘာကြောင့် သူတို့လူမျိုးတွေ စည်းရုံးနေတာလဲ၊ ဘာကြောင့်သူတို့ ခေတ်မီတိုးတက်နေတာလဲ ဆိုတာတွေကို လေ့လာခဲ့မိပါတယ်။ ကျွန်တော်လေ့လာခဲ့တဲ့ အကြောင်းလေးတွေကို သင်ခန်းစာယူရအောင်ရယ်၊ အစိုးရသစ်ရဲ့ လက်ရှိဆောင်ရွက်နေတဲ့ ခြိုးခြံချွေတာရေးမူနဲ့ ကိုယ့်နိုင်ငံတိုးတက်ရာတိုးတက်ကြောင်းအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်လိုဖြစ်ငြားဆိုတဲ့အတွေးနဲ့ ရေးသားတင်ပြဖို့ စိတ်ကူးရလာမိတာပဲဖြစ်ပါတယ်။

ပထမဦးဆုံး သူတို့နိုင်ငံမှာ ဟိုးဂန္ဒီကြီးလက်ထက်ကတည်းက ချမှတ်ကျင့်သုံးလာခဲ့တဲ့ ပြည်တွင်းဖြစ်ကိုအားပေးပါဆိုတဲ့ ဆောင်ပုဒ်စကားလေးရယ် ပြည်တွင်းဖြစ်ကိုအားပေးပြီး လူတိုင်းကိုယ်စီကိုင်တွယ်ကျင့်သုံးကြတဲ့ ခြိုးခြံချွေတာရေးကိစ္စအကြောင်း စပြောပြချင်ပါတယ်။

သူတို့ဟာ သူတို့နိုင်ငံရဲ့ လွတ်လပ်ရေးခေါင်းဆောင် ဂန္ဒီကြီးချမှတ်ခဲ့တဲ့ပြည်တွင်းထွက်ကုန်တွေကို အရည်အသွေးမီစွာ ကိုယ်တိုင်ထုတ်လုပ်ကြပြီး ကိုယ့်နိုင်ငံထုတ်ကုန်ပစ္စည်းတွေကိုသာအများဆုံး အသုံးပြုကြတာ ကျွန်တော် တွေ့ခဲ့ရတယ်။ အဝတ်အထည်ကိစ္စကို အရင်စပြောရရင် သူတို့ဟာ ကိုယ့်နိုင်ငံမှာပဲ ချည်မျှင်ထုတ်ဖို့ ဝါတွေကိုစိုက်ပျိုးကြတယ်။ ပြီးတော့ သူတို့က အဝတ်အစားတွေကို အရည်အသွေးမီအောင် အစိုးရစက်ရုံတွေကရော ပုဂ္ဂလိကကပါ စံချိန်မီထုတ်လုပ်ကြတယ်။ ပြီးတော့ ဈေးနှုန်းသက်သက်သာသာနဲ့ ပြန်လည်ရောင်းချကြတော့ ပြည်သူအများကလည်း ဒါကိုပဲဝယ်ယူဝတ်ဆင်ကြပါတယ်။

သူတို့ဝတ်တဲ့ အရောင်အသွေးစုံလှတဲ့ ဆာရီအတော်များများဟာ သူတို့နိုင်ငံကပဲ ထွက်သလို စီးတဲ့ဖိနပ်တွေကလည်း သားရေအစစ်တွေကိုသာသူတို့ဘာသာ ပုံစံအမျိုးမျိုးနဲ့ထွင်ပြီးချုပ်လုပ်ကြကာ ဈေးနှုန်းကလည်းသက်သာလှတာဖြစ်တဲ့အတွက် သူတို့ပြည်သူတွေကလည်း သူတို့ပြည်တွင်းက ဖြစ်တာတွေကိုပဲ ပြန်လည်ဝယ်ယူအားပေး သုံးစွဲတာတွေ့ခဲ့ရပါတယ် သူတို့ဆီကဈေးနှုန်းတွေဟာ ကျွန်တော်တို့နိုင်ငံထက် သုံးပုံတစ်ပုံလောက်ပဲရှိပြီးဝယ်ခြမ်းရတာ အလွန်သက်သာလှပါတယ်။ ဈေးဆိုင်တွေမှန်သမျှဟာလည်း ပြည်တွင်းဖြစ်အဝတ်တွေ၊ ပုဆိုးတွေ၊ ဆာရီတွေ၊ နောက်ပြည်တွင်းဖြစ် အိတ်တွေ၊ ဖိနပ်တွေ၊ ပြည်တွင်းဖြစ်စောင်တွေ၊ ခြင်ထောင်တွေကိုပဲ တင်ရောင်းကြရသလို အခြားနိုင်ငံကမှာယူတင်သွင်းတယ်ဆိုတာ မရှိသလောက်အောင်ကိုပဲ ကျွန်တော်တွေ့ရှိခဲ့ရ အားကျခဲ့ရပါတယ်။

ဒါကအဝတ်အစားနဲ့ ဖိနပ်တွေအကြောင်းပြောပြတာပါ။ နောက် ဒါနဲ့ဆက်စပ်ပြီး လူသုံးကုန်ပစ္စည်း၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ အမွှေးအကြိုင်၊ အလှကုန်ပစ္စည်းအတော်များများကလည်း သူတို့နိုင်ငံကတွေကို လေ့လာကြည့်တဲ့အခါမှာလည်း ပြည်တွင်းကထုတ်ကုန်တွေပဲ များပါတယ်။ သူတို့နိုင်ငံကပဲ ဒီပစ္စည်းတွေကို အရည်အသွေးမီအောင် အပြိုင်ထုတ်လုပ်ကြ၊ ဈေးကွက်လုပ်ကြ၊ ဈေးနှုန်းတွေလိုက်ချကြနဲ့ ဝယ်ယူသုံးစွဲကြရတဲ့ ပြည်သူတွေကလည်း အဆင်ပြေလို့ ပြုံးပျော်နေကြတာ ကျွန်တော် အားကျငေးမောကြည့်ခဲ့ရဖူးပါတယ်။

နောက်ဆက်ပြီး အိန္ဒိယနိုင်ငံရဲ့ သူတို့နိုင်ငံထုတ် စက်မှုလုပ်ငန်းတွေအကြောင်း လေ့လာလိုက်တဲ့အခါ TA TA ကားကုမ္ပဏီကြီးတွေလိုမျိုး ကားတွေထုတ်လုပ်တဲ့ အခြားကုမ္ပဏီတွေလည်း အတော်များများရှိနေတာကို ကားတွေမှာ တပ်ဆင်ထားတဲ့တံဆိပ်တွေကို လိုက်ကြည့်ရင်းနဲ့ သိခဲ့ရပါတယ်။ ကျနော်တို့နိုင်ငံက အများအားထားစီးနေရတဲ့ ဂျပန်နိုင်ငံထုတ် TOYOTA တို့ NISSAN တို့ဆိုတာ ဝေးဝေးနေမှ တစ်စီးလောက် သူတို့စီးတာတွေ့ရသလို အများစုဟာဈေးသက်သာပြီး အရည်အသွေးလည်းကောင်းတဲ့ ပြည်တွင်းဖြစ်ကားတွေကိုသာ စီးနေကြတာ တွေ့ခဲ့ရပါတယ်။ နောက်ဆိုင်ကယ်တွေဆိုလည်း အလားတူပါပဲ။ တရုတ်၊ ထိုင်း၊ ဂျပန်ထုတ်တွေ မတွေ့ရှိရသလောက်ကို ရှားပါးပါတယ်။သူတို့နိုင်ငံထုတ် ဆိုင်ကယ်တွေ နောက်တုတ်တုတ်လို့ခေါ်တဲ့ သုံးဘီးတွေကိုသာ ပြည်သူအများက အားကိုးတကြီး ဝယ်ယူသုံးစွဲနေခဲ့ကြတာပါ။ ကားတွေ၊ ဆိုင်ကယ်တွေ၊ သုံးဘီးတွေဟာ အရည်အသွေးကောင်းမွန်လှပါတယ်။

နောက်ကုန်တင်ကားကြီးတွေ၊ အဝေးပြေးကားကြီးတွေကိုလည်း TATA လိုကားထုတ်လုပ်တဲ့ကုမ္ပဏီကြီးတွေကပဲ ပြည်တွင်းမှာများများထုတ်လုပ်ပြီး သူတို့နိုင်ငံမှာသူတို့ပြည်တွင်းဖြစ်တွေကိုပဲ အများဆုံးအသုံးပြုနေကြတာ၊ နောက်TV, Computer, Phone မျိုးစုံကိုလည်း သူတို့နိုင်ငံထွက်ပစ္စည်းတွေကိုပဲ သုံးစွဲနေကြတာ။ နောက်အိမ်သုံးစက်ပစ္စည်းတွေဖြစ်တဲ့ စတီးပစ္စည်းတွေ၊ ရေဒီယိုနဲ့ အခြားစက်ပစ္စည်းတွေဆိုလည်း အရည်အသွေးကောင်းမွန်ကြသလို ဈေးနှုန်းတွေလည်း ချိုသာကြတာကြောင့် သူတို့နိုင်ငံက ပြည်သူအများ အားကိုးယုံကြည်လို့ ပြည်တွင်းဖြစ်ကိုပဲ အားပေးနေကြတာတွေ့ခဲ့ရတာ အမှန်ပါပဲ။

ကျွန်တော်တို့ နိုင်ငံမှာတော့မိုးလင်းကနေမိုးချုပ် ကျွန်တော်တို့တစ်တွေထိတွေ့ကိုင်တွယ်နေကြတဲ့ ဖုန်းလေးတွေ၊ တီဗွီ၊ ကွန်ပျူတာကစလို့ အဝတ်အစားတွေ၊ ဖိနပ်တွေ၊ နောက်စာရေးကိရိယာတွေ၊ အိမ်သုံးပစ္စည်းအတော်များများ လျှပ်စစ်ပစ္စည်းမီးဖိုချောင်သုံးပစ္စည်းတွေမှန်သမျှ ပြည်တွင်းဖြစ်ဆိုတာ ဝေလာဝေးလို့ နိုင်ငံခြားဖြစ်တွေကိုပဲ ဈေးကြီးကြီးနဲ့ အားကိုးဝယ်ယူသုံးစွဲနေကြရတာ အားလုံးအသိပါပဲ။ အဝတ်အစား၊ အစားအသောက်နဲ့ အိမ်သုံးပရိဘောဂအချို့ကလွဲလို့ ကျန်အတော်များများဟာ နိုင်ငံခြားကလာတဲ့ ပစ္စည်းတွေကိုသာ ကျနော်တို့ သုံးစွဲနေကြတာပါ။ အချို့ပြည်တွင်းထွက်တဲ့ အဝတ်အထည်တွေ၊ အိမ်သုံးဆပ်ပြာတွေ၊ သွားတိုက်ဆေးတွေ၊ စာရေးကိရိယာတွေ၊ စားသောက်ကုန်တွေ အတော်များများရှိနေပေမယ့်လည်း ပြည်သူအများ စိတ်ချယုံကြည်စွာသုံးစွဲနိုင်လောက်တဲ့အထိ အရည်အသွေးတွေထုတ်ပိုးမှုတွေ ခိုင်ခန့်မှုတွေ ကောင်းမွန်မှုမရှိတာလည်း ကျွန်တော်တို့ အထူးပြောစရာလိုမယ် မထင်ဘူးလေ။

နောက် အိန္ဒိယနိုင်ငံမှာ ကျွန်တော်တွေ့ခဲ့ရတဲ့စားသောက်ကုန်တွေ အကြောင်းလည်း အခါအခွင့်သင့်လို့ ပြောပြချင်ပါသေးတယ်။ သူတို့နိုင်ငံကထုတ်လုပ်တဲ့ အသီးအနှံတွေကိုပဲ ဥပမာ-သရက်သီး၊ သဘော်သီး၊ ဖျော်ရည်လိုမျိုးစတဲ့အသီးတွေ လတ်လတ်ဆတ်ဆတ်တွေကိုအရည်ဖျော်ပြီး အသေအချာထုပ်ပိုးပြီး စားသုံးကြတာတွေ့ခဲ့ရသလို ကျန်အသီးအနှံတွေကိုလည်း အရသာကောင်းမွန်အောင် အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်ထုပ်ပိုးကြပြီး ဈေးကွက်ထဲတင်ပို့ကြလို့ ပြည်သူတွေကလည်း ဒါတွေကိုပဲ အများစု ဝယ်ယူစားသုံးကြတာ တွေ့ခဲ့ရပါတယ်။

နောက် စားတဲ့အခါမှာလည်း အသီးအရွက်တွေကိုပဲ များများစားကြတာ သတိထားမိခဲ့တယ်။ ငယ်ငယ်က ဂျုံနဲ့လုပ်တဲ့ အစားတွေကို များများစားကြပြီး နို့ကို နေရာတိုင်း လူတိုင်းနီးပါးလောက် ရိုးရာအစားအသောက်သဖွယ် သဘောထားပြီး စားသောက်ကြလို့လား မသိဘူး။ ဒီလူတွေ လူကောင်ကြီးတွေထွားပြီး အရပ်တွေရှည်ကြတယ်။ သူတို့နိုင်ငံမှာ အရှားဆုံးကတော့ အသားငါးပဲလို့ထင်ရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တည်းတဲ့ဟိုတယ်မှာတောင် သုံးရက်လောက်နေမှ အသားဟင်း တစ်ခါလောက်စားခဲ့ရလို့ပါ။

ကျွန်တော်တို့နိုင်ငံမှာတော့ အသားငါးဆိုတာ အတော်ပေါတာပါလားလို့ အဲဒီကျမှ ကျွန်တော်ပြန်တွေးနေမိခဲ့သေးတယ်။ နောက်ဖြစ်နိုင်ခြေရှိတဲ့တစ်ပိုင်းကတော့ သူတို့ဟာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အသီးအရွက်တွေ၊ ဂျုံတွေ၊ နို့တွေကိုပဲ များများစားကြပြီး ခြိုးခြံချွေတာကြသလားဆိုတာတွေးမိခဲ့ပါသေးတယ်။

နောက် အိန္ဒိယနိုင်ငံမှာ သူတို့ပိုင်တဲ့ပစ္စည်းတွေ (ဥပမာ-ဆိုင်ကယ်၊ စက်ဘီးကအစ)ကို လမ်းဘေးမှာပဲ ဖြစ်သလိုထားကြသလို ခိုးမယ့်သူမရှိဘူး။ ဒါက ခိုးမှုကိစ္စပါ။ နောက်မူးယစ်ဆေးသုံးဆောင်မှုအနေနဲ့ ဆေးလိပ်ကို နေရာတိုင်းမှာသောက်ခွင့်မရှိဘူး။ သောက်ချင်ပါက လူအများနှင့်ဝေးရာနေရာသို့ သွားသောက်ရပါတယ်။ အရက်ဆိုင်၊ ဘီယာဆိုင်၊ လက်ဖက်ရည်ဆိုင်တွေ ခမ်းခမ်းနားနားမရှိသလို ရောင်းချင်သလိုရောင်းလို့မရဘူး။ လိုင်စင်ရထားတဲ့ဆိုင်ကပဲ အလုံတံခါးပိတ်ပြီး အထဲမှာရောင်းသောက်ကြရတယ်။ နောက်သူများအသက်တွေကိုသတ်ဖြတ်တဲ့ အကြောင်းလေးဆက်ပြောရရင် တိရစ္ဆာန်တွေကို မသတ်ဖြတ်ရဘူး။ (နယူးဒေလီမြို့ထဲမှာတင် မျောက်တွေ၊ ရှဉ့်တွေ လူအကြားမှာ သွားလာနေကြပါတယ်။)

အပေါ်က ကံ့ငါးပါးထဲမှာပါဝင်တာလေးတွေကို အရင်ပြောပြတာပါ။ ဒီကံတွေမကျူးလွန်အောင် ဥပဒေဆိုတာတွေနဲ့ တင်းတင်းကြပ်ကြပ်လုပ်ထားပါတယ်။ မျောက်တစ်ကောင်ကို ခဲနဲ့လှမ်းပစ်လို့မရဘူး။ အသံပေးပြီးတော့ပဲ မောင်းလွှတ်ရမယ်ဆိုတာမျိုးပေါ့။ (ဆေးလိပ်၊ အရက်ကို လမ်းဘေးမှာ လူကြားထဲမှာသောက်ရင်၊ ရောင်းရင် ဘယ်လိုဆိုတာမျိုး ဒီလို. . ဒီလို ဥပဒေစိုးမိုးမှုရှိတာကိုဆိုလိုချင်တာပါ။ နောက်စီးပွားရေးအကြောင်း ရောင်းဝယ်ကြတဲ့အခါ ဈေးနှုန်းတွေကို တစ်သမတ်တည်း သတ်မှတ်ထားတာ။ နိုင်ငံတောင်ပိုင်းမှာ ဆပ်ပြာတစ်ခဲဟာ ၅၀၀ ကျပ်ဆိုရင် နိုင်ငံမြောက်ပိုင်းမှာလည်း ၅၀၀ ကျပ်ပဲ။ ရောင်းတဲ့ပစ္စည်းတိုင်းရဲ့အပေါ်မှာ ဈေးနှုန်းကပ်ထားကြရတာ။ ဘယ်နေရာမှာဝယ်ဝယ် ဈေးအတူတူပဲ။ ဒီလိုဖြစ်အောင် နိုင်ငံတော်က ဥပဒေနဲ့လုပ်ထားတာ။

နောက်သွားလာရေးကိစ္စ၊ နိုင်ငံရဲ့မြို့တော်နယူးဒေလီမြို့ကြီးထဲမှာ ဆိုင်ကယ်၊ တုတ်တုတ်လို့ခေါ်တဲ့ သုံးဘီး၊ အကုန်စီးလို့ရသလို မရှိဆင်းရဲသားပြည်သူတွေအတွက် သွားရေးလာရေးလွယ်ကူအောင် စီစဉ်ထားပေးပါတယ်။.Taxi မရှိသလောက်ပဲ။ ဈေးနှုန်းလည်း အလွန်သက်သာပါတယ်။ နောက်ယာဉ်ကြောပိတ်ဆို့မှုမဖြစ်အောင်လည်း လမ်းတွေကို ကွန်ရက်ဖောက်ထားပေးသလို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလည်း ပြည်သူရော အစိုးရဘက်ကရော လေးစားလိုက်နာကြပါတယ်။

ပြောစရာတွေကတော့ အများကြီးပါ။ အခြေခံအကြောင်းလေးတွေကိုပဲ ထုတ်နုတ်ပြီး ဥပဒေစိုးမိုးမှုရှိမှ ဥပဒေကိုလေးစားလိုက်နာတတ်မှ ဥပဒေအကြောင်းတွေကိုလည်း သိရှိနားလည်မှ ကိုယ်ကျိုး၊ အများအကျိုး၊ နိုင်ငံအကျိုးကောင်းမယ်ဆိုတာကိုလည်း စဉ်းစားမိလာပါတယ်။

အချုပ်အားဖြင့် ကျွန်တော်တင်ပြလိုတာကတော့ သူတို့နိုင်ငံတွေ ဘာလို့တိုးတက်နေတာလဲ၊ ခေတ်မီနေတာလဲ၊ ဖွံ့ဖြိုးနေတာလဲ ဆန်းစစ်ကြည့်လိုက်တော့ အုပ်ချုပ်သူတွေဘက်က တရားဥပဒေကိုသက်ရောက်အောင် ပြုမူဆောင်ရွက်ကြသလို လိုက်နာကြရမယ့် ပြည်သူတွေဘက်ကလည်း လေးစားကြလို့ နိုင်ငံတိုးတက်နေကြတာပဲဆိုတာ တွေ့ရပါတယ်။ ပြည်သူတွေကလည်း သူတို့ဖြစ်ချင်တာ၊ ပြောချင်တာ၊ လုပ်ချင်တာတွေကို ဥပဒေဘောင်အတွင်းကပဲ တောင်းဆိုကြ၊ ပြောဆိုကြ။ အုပ်ချုပ်သူတွေဘက်ကလည်း မျှမျှတတ ပြန်လည်အကောင်အထည်ဖော်ပေးကြတာကို အတုယူအားကျလာပြီး ယနေ့လက်ရှိ အစိုးရစစ်ဖော်ဆောင်နေတဲ့ ခြိုးခြံချွေတာရေးမူကို ကြိုဆိုလက်ခံကြပြီး လိုက်နာကျင့်သုံးကြပါစို့လို့ စိတ်ကောင်းစေတနာကောင်းဖြင့် အကြံပြု တိုက်တွန်းရေးသားတင်ပြလိုက်ရပါတယ်။ ။




မြန်မာ့အမြန်ဆုံးကွန်ရက်..
ပိုမိုမြန်ဆန်လာပြီ
အသေးစိတ်သိရှိလိုပါက ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။
ooredoo
4G PLUS
4G PLUS
4G PLUS

# CONGRATULATIONS

**Aung Thein Than Co.,Ltd သည် နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့ UKAS မှပေးအပ်သည့် အရည်အသွေးစီမံခန့်ခွဲမှုစနစ် (Quality Management System) ISO 9001:2008 အား ရရှိခဲ့ခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုထက်ပိုမိုကြီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် နိုင်ငံတော်အကျိုးပြုလုပ်ငန်းများစွမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။**

**ဦးဇော်မင်းဝင်း (ဥက္ကဋ္ဌ)**
Myanmar Industrial Alliance Public Limited.

**ဦးစိန်ဝမ်း (Chairman)**
(JPP) Myanmar Lighting Manufacturing Co.,Ltd

**ဦးမြဟန် (MD)**
Future International Limited.

**ဦးဝေဖြိုး (MD)**
Yatha Cho Industry Ltd.

**ဦးသိန်းဟန် (MD)**
Myanmar Pip & Accessories Co.,Ltd.

**ဦးအေးဟန် (MD)**
United Paints Group Co.,Ltd.

**ဒေါက်တာအောင်သိန်း (MD)**
Nibban Electric & Electronic

**ဦးကျော်လင်း (CEO)**
CB Bank Limited.

**ဦးသန်းဝင်းဆွေ (CEO)**
UAB Bank Limited.

**ဦးမိုးကျော် (MD)**
Myanmar Marketing Research Development Co.,Ltd.

**ဦးစိုးတင့်(ဥက္ကဋ္ဌ)**
Hithachi Soe Electric & Machinery Co.,Ltd.

**ဦးခင်မောင်မြတ် (MD)**
Asia General Electric Co.,Ltd. (AGE)

**ဦးမြတ်သင်းအောင် (ဥက္ကဋ္ဌ)**
Aung Aung Group of Companies.

**ဦးအုန်းဆိုင် (ဒါရိုက်တာ)**
New Golden Gate (1991) Co.,Ltd

**ဒေါ်ကြည်ကြည်သန်း (MD)**
MOB Bank Limited.

## AMERICAN COLLEGE PROGRAM
### အပတ်စဉ်(၉)အတွက် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အမေရိကန်နိုင်ငံ ACT Education Solution Limited နှင့် CROWN Education တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံတွင်(၁)နှစ်ကြာသင်ကြားမည့် American College Program ကို ဩဂုတ်လ ၂၀၁၆တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသောကြောင့် အဆိုပါ ပရိုဂရမ်အတွက် ဝင်ခွင့် စတင်လျှောက်ထားနိုင်ပါသည်။

၂။ ကမ္ဘာတစ်လွှားတက္ကသိုလ်များနှင့် တရားဝင်ချိတ်ဆက်ထားပြီး အမေရိကန်တက္ကသိုလ်(၃၄)ခု၊ ဩစတြေးလျတက္ကသိုလ်(၂၅)ခု၊ အင်္ဂလန်တက္ကသိုလ်(၁၁)ခု၊စင်ကာပူတက္ကသိုလ်(၅)ခု၊ မလေးရှားတက္ကသိုလ်(၄)ခု၊ ထိုင်းမှ AIT အပါအဝင် တက္ကသိုလ်(၄)ခုတို့တွင် ဆက်လက်ပညာသင်ကြားနိုင်မည့် မြန်မာနိုင်ငံရှိ တစ်ခုတည်းသောပရိုဂရမ်ဖြစ်ပါသည်။

၃။ နိုင်ငံတကာ တက္ကသိုလ်များတွင် ကျောင်းသူကျောင်းသားများ လိုအပ်မည့် Academic Knowledge,Skills များအပြင် IELTS နှင့် ACT ဖြေဆိုနိုင်ရန် တစ်ချိန်တည်း ပြင်ဆင်ပေးမည့် ပရိုဂရမ်တစ်ခုဖြစ်ပါသည်။

၄။ မိမိဝါသနာကိုမသိရှိသေးသည့်ကျောင်းသားကျောင်းသူများ၏ပရိုဂရမ်မှ အိုင်တီ၊ စီးပွားရေး၊အင်ဂျင်နီယာဘာသာရပ်များ၏ အခြေခံကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး ၎င်း ပရိုဂရမ်ပြီးဆုံးပါက မိမိတို့နှင့်သင့်လျော်မည့် ဘာသာရပ်ကို ဆက်လက် လေ့လာသင်ယူနိုင်ပါမည်။ အင်္ဂလန်နှင့် ဩစတြေးလျ တက္ကသိုလ်များ၏ ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်ရန် စီစဉ်ထားရှိပြီး၊ ၎င်းပရိုဂရမ်သည် GCE'A' အဆင့်နှင့် ညီမျှပါသည်။ (လျှောက်ထားနိုင်သည့်တက္ကသိုလ်များစာရင်းကိုတောင်းခံနိုင်ပါသည်။)

လျှောက်ထားသူသည် -

(၁) မြန်မာနိုင်ငံမှ (၁၀)တန်းအောင်မြင်ထားပြီးသူများ (သို့) GCE'O' ဖြေဆိုထားသူများ (သို့) Grade(11) ပညာရေးနှင့် ညီသော ပညာရေးလက်မှတ်ကိုင်ဆောင်ထားသူများ

(၂) လျှောက်ထားသည့်အချိန်တွင် အသက်(၁၆)နှစ်ပြည့်ပြီး (၂၀)နှစ်ထက်မကြီးသူများ

(၃) ACT မှ ပြုလုပ်သည့် English Level Test ဖြေဆိုရပါမည်။

အောက်ပါစာရွက်စာတမ်းများဖြင့် လျှောက်ထားနိုင်ပါသည်။

(၁) ပတ်စပို့စ်ဆိုဒ် ဓါတ်ပုံ (၃)ပုံ

(၂) (၁၀)တန်းအောင်မြင်ကြောင်းထောက်ခံချက်နှင့် အမှတ်စာရင်း(သို့) သက်ဆိုင်ရာပညာရေးဆိုင်ရာ အထောက်အထား

(၃) ကျောင်းဝင်ခွင့်လျှောက်လွှာ

(သင်ကြားမှုထိရောက်စေရန် လူဦးရေ အကန့်အသတ်ဖြင့်သာ လက်ခံနိုင်ပါသည်။) ၎င်း ပရိုဂရမ်ပြီးဆုံးပါက နိုင်ငံခြားတက္ကသိုလ်များသို့ ဆက်လက်လျှောက်ထားရန်နှင့် ထူးချွန်သူများအတွက် ပညာသင်ထောက်ပံ့ကြေး လျှောက်ထားနိုင်ရန် အခမဲ့ဝန်ဆောင်မှုပေးပါသည်။

ဝင်ခွင့်စာမေးပွဲနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက - အမှတ်(၂၇၀)၊ ပထမထပ်(1B)၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်းနံပါတ် ၀၁ ၅၂၇ ၈၃၈၊ ၀၉ ၇၃၀ ၄၀ ၆၈၈ နှင့် ၀၉ ၄၅၀၀ ၁၀၀ ၂၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

FAME
**HerbalSleep®**
Herbal sedative
သဘာဝအိပ်ဆေး
TMR 011160 (1117)
၂/၂၀၁၅ တဆထလ/တိုင်(ဝ၆၅၇)
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
**HerbalFresh®**
Mental refreshment
စိတ်မြင့်ဆေး
TMR 011255 (1117)
၂/၂၀၁၅ တဆထလ/တိုင်(ဝ၆၅၇)
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 9C/9052 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကောင်းဆက် ဆေးဒိန်ချဉ်နှင့်ပေါင်းတင်ခြင်း**
သကြိန်ရေ ကစားပြီးသူများအတွက် အကောင်းဆုံးမမေ့နိုင်နော်၊ နေ့ပူထဲ သွားသွားရေနံပါ ကောင်းဆက်အသားဖြ စိတ်ကြိုက်လိမ်းထားရင်အသားမည်းတော့ပါ။ ၁၅.၄.၂၀၁၆ မှ ၁၇.၄.၂၀၁၆ ထိ တစ်ဦးပေါင်းတင်ရင် တစ်ဦးအခမဲ့ ပေါင်းတင်ပေးပါမည်။
ပင်ရင်း – အမှတ် (202၊3-A၊ ဘုန်းကြီးလမ်းနှင့် အနော်ရထာလမ်းထောင့်၊ လမ်းမတော်မြို့နယ်။ ရန်ကုန်မြို့။ ဖုန်း –09-73201034, 09-253531272
ဆိုင်ခွဲ – ကျောက်မြောင်း။ ဖုန်း –09-420116218, 01-542105

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

**ခင်**
**ဇာဘော်လီ**
စိတ်တိုင်းကျ၍ စိတ်ချမ်းသာစေရပါမည်။
မိတ်ဟောင်း၊ မိတ်သစ်များအား ကျေးဇူးအထူးတင်ပါသည်။
ပင်ရင်း အမှတ်(၅၄)၊ နိဗ္ဗာန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
ဖုန်း ၀၁-၅၁၇၀၉၂၊ ၀၉-၇၃၁၂၇၁၉

## အထူးကျေးဇူးတင်ရှိခြင်း

**ဝဏ္ဏကျော်ထင် ဦးကျော်အေး(မြောင်းမြ)**
**သာသနာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန**
**ဒုတိယဝန်ကြီး(ငြိမ်း)**
**အသက်(၈၀)**

၄-၅-၂၀၁၆(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဝဏ္ဏကျော်ထင် ဦးကျော်အေး (မြောင်းမြ)၏ ဈာပနအခမ်းအနားကို လိုလေသေးမရှိမေတ္တာဖြင့် အထူးဂရုစိုက်ကူညီပေးကြသော ဆွေမျိုးမိတ်ဆွေများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁)မှ အရာရှိကြီးများနှင့် မိသားစုများ၊ စစ်ဘက်နယ်ဘက်မှ ဝမ်းနည်းကြောင်း ပေးပို့သည့် ပုဂ္ဂိုလ်အကြီးအကဲများ၊ ပြည်တွင်းပြည်ပမှ ကုမ္ပဏီများ၊ အများပိုင်ကုမ္ပဏီကြီးများ၊ အသင်းအဖွဲ့များ၊ အစစအရာရာကူညီပေးခဲ့သော စစ်တက္ကသိုလ်အမှတ်စဉ်(၂၅)မှ သူငယ်ချင်းမိသားစုများ၊ လှူဖွယ်ပစ္စည်းများ၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေပေးပို့ခဲ့ကြသူများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း၊ တယ်လီဖုန်း၊ E-mail, Face book တို့မှတစ်ဆင့် အားပေးကူညီပေးသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် အစစအရာရာ ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးကြသော အသင်းအဖွဲ့များ၊ နာရေးသို့လိုက်ပါပို့ဆောင်ပေးကြသူများအားလုံးနှင့် ကျေးဇူးအထူးတင်ထိုက်သူများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးအောင်ငြိမ်း(ငြိမ်း) (၈၃)နှစ်**
**ကြည်း၊ ၈၇၇၃ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

ရန်ကုန်မြို့၊ အမှတ်(၁၅၉)၊ (၃၈)လမ်းနေ ဒေါ်မိမိခင်၏ခင်ပွန်း ဗိုလ်ကြီးအောင်ငြိမ်း(ငြိမ်း)သည် ၉-၅-၂၀၁၆ ရက်တွင် ရန်ကုန်မြို့၊ အသည်းရောဂါအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**စောလွင်၊ လှိုင်ဝင်း၊ မြင့်သိန်း၊ သိမ်းထူး၊ မာဗယ်လ်**
**ဗိုလ်သင်တန်း(၂၈)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ရဲမှူးကြီးစန်းနိုင် (ငြိမ်း)**
ကြည်း ၁၁၁၃၉ ဗိုလ်မှူးစန်းနိုင် (ငြိမ်း)
ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၆)
အသက် (၇၂)နှစ်

မုံရွာမြို့နေ ဦးထွန်းစိန်၊ ဒေါ်မြကြည်တို့၏သား
သထုံမြို့နေ ဦးမျိုးခင်၊ ဒေါ်မမြင့်အေးတို့၏ သားသမက် ဒေါ်ဝင်းမျိုးမျိုးခင်၏ ခင်ပွန်း
ရဲမှူးကြီးစန်းနိုင် ( ဗိုလ်မှူးစန်းနိုင်) သည် ၈.၅.၂၀၁၆ နေ့တွင် ကွယ်လွန်သွားကြောင်း
သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃၆)မှ**
**အရာရှိများ**

## (၅) နှစ်ပြည့်အလွမ်း

**ဒေါ်တင်တင်မော် (၁၂-၅-၂၀၁၁ - ၁၂-၅-၂၀၁၆)**

ချစ်ဇနီး မော် -

ခက်ခဲတဲ့ဘဝခရီးကြမ်းကို ချစ်ခင်ကြင်နာမှု၊ သည်းခံနားလည်မှုများနဲ့ လက်တွဲ ရင်ဆိုင်ကျော်ဖြတ်ခဲ့ကြပြီး ချစ်ဇနီးပါရမီဖြည့်ဖန်တီးပေးခဲ့တဲ့ မိသားစုဘဝရဲ့ ပျော်ရွှင်ချမ်းမြေ့ဖွယ် နေသာနေ့များကို ပြန်လည်မြင်ယောင်တမ်းတရင်း ချစ်ဇနီးကို နေ့စဉ် လွမ်းဆွေးသတိရနေခဲ့တာ (၅) နှစ်ပြည့်ခဲ့ပါပြီ ချစ်ဇနီးရယ်။

အတိတ်ကံဝဋ်ကြွေးတွေဟာ ဒီဘဝဒီမျှသာပဲဖြစ်ပါစေလို့ ဆုတောင်းနေပါ့မယ်။ နောင်သံသရာဘဝဆက်တိုင်းမှာ သာယာချမ်းမြေ့တဲ့ ဘဝတွေကို မိသားစုတွေ စုံလင်ပြည့်ဝစွာနဲ့ သက်ဆုံးတိုင်ပိုင်ဆိုင်ရပါစေလို့ တောင်းဆုပြုရင်း ဒီ (၅) နှစ်တာကာလ ပြုသမျှကုသိုလ်ကောင်းမှုများကို ရေစက်ချ အမျှပေးဝေလိုက်ပါတယ် ချစ်ဇနီးရယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ပါမောက္ခဒေါက်တာကိုကိုသန့် (မျက်စိအထူးကုဆရာဝန်ကြီး)**
**သမီး-မဝင့်ရှင်းသန့်ဦး**
**သား-မောင်တင်ကိုထူး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရင် (၉၁)နှစ်**
**ရှင်ကီစတိုး၊ ကျုံပျော်မြို့**

ဗိုလ်မှူးချုပ်တင်မောင်ဆွေ(စစ်သံမှူးလန်ဒန်မြို့)-ဒေါ်မိမိမော်(ကထိက-ငြိမ်း၊ ဓာတုဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)တို့၏ မိခင်ကြီးဒေါ်သန်းရင် အသက်(၉၁)နှစ်သည် ၉-၅-၂၀၁၆(တနင်္လာနေ့)တွင် ကျုံပျော်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်သန်းအောင်(ငြိမ်း)-**
**ပါမောက္ခဒေါက်တာဒေါ်ဝင်းဝင်းမြ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်သန်းရင် (၉၁)နှစ်**
**ရှင်ကီစတိုး၊ ကျုံပျော်မြို့**

ဗိုလ်မှူးချုပ်တင်မောင်ဆွေ(စစ်သံမှူးလန်ဒန်မြို့)-ဒေါ်မိမိမော်(ကထိက-ငြိမ်း၊ ဓာတုဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)တို့၏ မိခင်ကြီးဒေါ်သန်းရင် အသက်(၉၁)နှစ်သည် ၉-၅-၂၀၁၆(တနင်္လာနေ့)တွင် ကျုံပျော်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးသက်အောင်ချို (MD) ဒေါက်တာဒေါ်မြတ်သဇင်အောင်**
**MAG Trading Co., Ltd**
**ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးအောင်ငြိမ်း(ငြိမ်း) (၈၃)နှစ်**
**ကြည်း၊၈၇၇၃ ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)**

ရန်ကုန်မြို့၊ အမှတ်(၁၅၉)၊ (၃၈)လမ်းနေ ဒေါ်မိမိခင်၏ခင်ပွန်း ဗိုလ်ကြီးအောင်ငြိမ်း(ငြိမ်း) သည် ၉-၅-၂၀၁၆ ရက်တွင် ရန်ကုန်မြို့၊ အသည်းရောဂါအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်း(၂၈)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးသန်းမြင့် (ငြိမ်း)**
**OTS (43)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) သတ္တုတွင်းဝန်ကြီးဌာန**
**အသက်(၆၈)နှစ်**

၉-၅-၂၀၁၆ (တနင်္လာနေ့) ညနေ ၃ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**O.T.S(43) ကျောင်းဆင်း သူငယ်ချင်းများနှင့်**
**မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီး သန်းမြင့်(ငြိမ်း) (၆၈)နှစ်**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သတ္တုတွင်းဦးစီးဌာန**

ဗိုလ်မှူးကြီး သန်းမြင့်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)သည် ၉-၅-၂၀၁၆ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဝင်းမင်းသိန်း-ဒေါ်မိုးသိမ့်သိမ့်ထွေး**
**(ခရိုင်အုပ်ချုပ်ရေးမှူး)မိသားစု**
**မော်လိုက်ခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီး သန်းမြင့်(ငြိမ်း)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သတ္တုတွင်းဦးစီးဌာန**
**အသက်(၆၈)နှစ်**

ဗိုလ်မှူးကြီး သန်းမြင့်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)သည် ၉-၅-၂၀၁၆ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပန်းခြောက်ပွင့် သတ္တုတူးဖော်ရေးကုမ္ပဏီ**
**နှင့်**
**SIXTY NINE Fashion Shop မိသားစု**

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဦးခင်ရွှေဦး(ကက-၆၈)**
**၁၂-၅-၂၀၁၆**

ဖခင်ကြီးကွယ်လွန်ခဲ့သည်မှာ ယနေ့တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း နေ့စဉ်သတိရလျက်ပါ။ ဖခင်ကြီးအား ရည်စူးလျက် နေ့စဉ်၊ လစဉ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေပါတယ်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-

**ကျန်ရစ်သူဇနီး** - **ဒေါ်ဆွေဆွေမြင့်(အလက-၄၊ မင်္ဂလာဒုံ)**
**သားကြီး** - **ဗိုလ်ကြီးစိုင်းအောင်သူ(မိတ္ထီလာ)**
**သားငယ်** - **ကိုအောင်မြတ်သူ(ဒဂုံတက္ကသိုလ်)**

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**ဦးချစ်စိန်(မုတ္တမ)**
**အသက်(၇၉)နှစ်**

၅-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားသောကျေးဇူးရှင်ဖခင်ကြီး ဦးချစ်စိန်အား မကွယ်လွန်မီနှင့် ကွယ်လွန်ပြီးနောက် စိတ်ရောကိုယ်ပါ စောင့်ရှောက်ကူညီပေးခဲ့ကြသော ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများနှင့် နာရေးကိစ္စတွင် အဘက်ဘက်မှ ကူညီပေးခဲ့သော ဆွေမျိုးများ၊ သူငယ်ချင်းများ၊ မေတ္တာဖြင့် လှူဖွယ်ပစ္စည်းများ၊ လွမ်းသူ့ပန်းခြင်းပေးပို့သူများ၊ နာရေးသို့လိုက်ပါပို့ဆောင်ပေးခဲ့ကြသူများ၊ ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းနှင့် Facebook ဖြင့် သတင်းမေးမြန်းအားပေးနှစ်သိမ့်ပေးကြသော ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူး တင်ရှိပါကြောင်း ရင်တွင်းမှ မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း) O.T.S(34)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊သတ္တုတွင်းဦးစီးဌာန၊သတ္တုတွင်းဝန်ကြီးဌာန**
**ပထမအကြိမ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ဆားလင်းကြီးမြို့နယ်)**

မြတ်ပါရမီလူမှုကူညီရေးအသင်း(နာယက) နေပြည်တော် အသက် (၆၈) နှစ်သည် ၉-၅-၂၀၁၆ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြတ်ပါရမီလူမှုကူညီရေးအသင်း၏**
**အသင်းသူအသင်းသားများ**
**နေပြည်တော်**

## ဒေါ်လှတင် (၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၃၃) လမ်း၊ အမှတ်(၁၀)နေ ဦးတင်ထွေး၏ ဇနီး၊ ဦးစိုးလွင်-ဒေါ်ခင်စိန်ဦးတို့၏ အဒေါ်၊ (ဒေါ်လှလှနွယ်)၊ ဦးစန်းဝင်း-ဒေါ်မြမြထွေး၊ ဦးရဲထွန်း-ဒေါ်ခင်မာဆန်းတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်လှတင်သည် ၉-၅-၂၀၁၆ရက် ည ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [၁၅-၅-၂၀၁၆ရက်တွင် ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်သန်းသန်းအေး (၅၁)နှစ်
**ညောင်တုန်းမြို့**

ညောင်တုန်းမြို့နေ (ဦးမောင်ဒေါင်း)-ဒေါ်သိန်းအေးတို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဘာဝနာလမ်းနေ ဦးလှဝင်း(ဒေးဒရဲမြို့နယ် အသင်းဝင်-၁၈၇၁)၏ချစ်လှစွာသောဇနီး၊ မသဲရွှေရည်ဝင်း၊ မချို့နွယ်အောင်၊ မစုမြတ်နွယ်၊ မောင်ညီဖြိုးအောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၅-၅-၂၀၁၆ ရက်တွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးကြောင်း ဒေးဒရဲအသင်းသူ/အသင်းသားများ အားအသိပေးအပ်ပါသည်။

ဒေးဒရဲအသင်းအမှုဆောင်အဖွဲ့

## ဒေါ်ယဉ်ယဉ်မြ(ခ)ဥမ္မာ
## အသက် (၄၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၈)လမ်း၊ အမှတ်(၂၅၈)နေ (ဦးသိန်းအောင်)-ဒေါ်အေးတို့၏သမီး၊ (ဦးစိုးတင့်)-ဒေါ်ညွန့်ညွန့်ဟန်တို့၏ သမီးချွေးမ၊ ဒေါ်ကျင်လှ၊ (ဦးစိန်ထွန်း)-မနိုင်၊ ဦးလှသောင်း-ဒေါ်ရင်လှ၊ ဦးခင်စိုး-ဒေါ်ခင်မာရီတို့၏ညီမ၊ ကိုကိုနိုင်-မတင်စုလှိုင်၊ ကိုအောင်ကျော်ဦး-မတင်ဘုန်းလှိုင်တို့၏အစ်မ၊ မောင်ဘုန်းအောင်စိုး (Air KBZ)၊ မောင်ဘုန်းရဲကျော်တို့၏ မွေးသမိခင်၊ ဦးဟန်စိုး (ပင်လယ်ငါးရောင်းဝယ်ရေး)၏ချစ်လှစွာသော ဇနီးသည် ၁၀-၅-၂၀၁၆ (အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၆ (တနင်္လာနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၈)လမ်း၊ အမှတ်(၂၅၈) နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်မြမြညွန့်(ခ)ဒေါ်ညွန့်
**(မိုးကုတ်ယောဂီ)**
**အသက် (၈၂)နှစ်**

ဘားအံမြို့နေ (ဦးစောမောင်-ဒေါ်သိန်းအောင်)တို့၏သမီး၊ (ဦးသာဒင်၊ အငြိမ်းစားလက်ဖွေပါရဂူ)၏ချစ်လှစွာသောဇနီး၊ ဦးအောင်ဒင်-ဒေါ်မေခင် (Nature Lovers)၊ ဦးမောင်မောင်အောင်- ဒေါ်မြသန္တာထွန်း(ခ)ဒေါ်သီသီ၊ ဦးသန်းစိန်-ဒုရဲမှူးအေးသီ၊ ဦးလှဒင်-ဒေါ်ခင်ဆွေဝင်း၊ ဦးအောင်ခင်-Ms Chie Kamo တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၂ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီး ဒေါ်မြမြညွန့်(ခ)ဒေါ်ညွန့် သည် ၁၀-၅-၂၀၁၆ (အင်္ဂါနေ့) နံနက် ၆း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၅-၂၀၁၆ (တနင်္လာနေ့) တွင် အမှတ်(၂၇)၊ ပြည်သူ့ကွက်သစ်(၁) လမ်း၊ မုန့်လုပ်ဆောင်းကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## တရားလွှတ်တော်ရှေ့နေကြီး
## ဦးအောင်ကျော်လှ (၇၉)နှစ်
**(B.A, H.G.P, R.L,D.B.L)**
**(စစ်တွေ)**

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ အမှတ်(၂၅)၊ ပန်းခြံလမ်းနေ [ဦးအောင်သာနီ(အငြိမ်းစားမြို့ပိုင်)-ဒေါ်စောသာ(ကျောင်းဆရာမ)]တို့၏ တတိယမြောက်သား၊ ဒေါ်မေရှင် (နယ်စပ်/စည်ပင်-ငြိမ်း)၏ခင်ပွန်း၊ [ဦးအောင်ရွှေဦး (NTV သတင်းထောက်]-ဒေါ်နီနီ(ဌာနခွဲမှူး-ငြိမ်း၊ တောင်သူလယ်သမားအစည်းအရုံး)၊ [ဦးအောင်သာကျော်(စာရေးကြီး)-ဒေါ်မသိန်းမြ (မြန်မာနိုင်ငံရဲတပ်ဖွဲ့)]တို့၏ညီ၊ (ဦးအောင်ရွှေထွန်း-စာရေးဆရာဥက္ကာမင်းညို)၊ (ဦးအောင်ကျော်စိုး R/O)၊ ဦးသာမြကျော် (ဒု-စက်ရုံမှူး၊ သံမဏိစက်ရုံ-ငြိမ်း)-ဒေါ်အောင်မြစိန် (စိစစ်ရေးမှူး-ငြိမ်း)၊ ဒေါ်ရွှေနုစိန် (အလယ်တန်းကျောင်းအုပ်-ငြိမ်း)၊ ဒေါ်မြသန်းရွှေ(အင်္ဂလိပ်စာ လ/ထ ကထိက-ငြိမ်း)တို့၏ အစ်ကို၊ ဦးဇော်ဝင်း-ဒေါ်လှလှမေ၊ ဦးအောင်ကျော်ဆန်း [Site Manager ABB, Pte Ltd (S'pore)]-ဒေါ်စိုးနီလာလှိုင်၊ ဦးအောင်ကျော်ထွန်း (Chief Mate - PCL Marine)-ဒေါ်အေးစိမ့်စိမ့်ဝင်း၊ ဦးအောင်ထွန်းလင်း (Manager, KDDI Myanmar)-ဒေါ်စန္ဒာလင်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးရှင်သည် ၈-၅-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၀း၃၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# နိုင်ငံတကာအဖွဲ့အစည်းများအကြား ဆောင်ရွက်မည့်အလားအလာများ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်း



နေပြည်တော် မေ ၁၁

**မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ အရေးပါမှုများကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် တွေ့ဆုံစဉ် ရှင်းလင်းပြောကြားခဲ့သည်။** (အပေါ်ပုံ)

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**



မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကမ်းတစ်လျှောက် အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းခွင်တစ်နေရာ။

## အရေးပေါ်ကမ်းပြိုကာကွယ်ရေး ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်မည်

**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများအနက် ရက် ၁၀၀ စီမံကိန်းအဖြစ် ကျေးရွာခုနစ်ရွာတွင် အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အရေးပေါ်ရန်ပုံငွေ သိန်း ၁၅၀၀ ထဲမှ အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပြီး မေ ၄ ရက်မှ စတင်လုပ်ဆောင်နေသည်ဟု ဆိုသည်။ "အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေလုပ်ဖို့ ရက် ၁၀၀ စီမံချက်ထဲမှာထည့်သွင်းရေးဆွဲခဲ့တယ်။ တစ်ရွာကို ကာကွယ်ရေးလုပ်ငန်းသုံးခုနဲ့လုပ်သွားမယ်။ ခုလိုလုပ်ပေးလိုက်တဲ့အတွက် ကမ်းပြိုခဲ့ရင်တောင် အလွန်သက်သာသွားမယ်။ဒါကြောင့် ဒီစီမံချက်မှာ ထည့်ဆွဲခဲ့တယ်"ဟု ယင်းဌာနတိုင်းဒေသကြီးဦးစီးမှူး ဦးတိုးအောင်လင်းက ပြောသည်။

အရေးပေါ်ကမ်းပြိုကာကွယ်ရေး ဆောင်ရွက်မည့်ကျေးရွာများမှာစဉ့်ကူးမြို့နယ်တွင်

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ■**

## အစိုးရဝန်ကြီးဌာနများ၏ ပြည်သူ့အတွက် ပထမရက် (၁၀၀) အစီအစဉ်အား ပြည်သူများသိရှိနိုင်စေရန် လွှင့်တင်ဆောင်ရွက်သွားမည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၏ ရက်ပေါင်း (၁၀၀) ကာလအတွင်း ပြည်သူကိုမျက်နှာမူပြီး အလေးထားဆောင်ရွက်သွားမည့် ဝန်ကြီးဌာနတစ်ခုချင်းစီ၏ တိုးချဲ့/ဖြေလျှော့လုပ်ဆောင်ချက်များကို ပြည်သူများသိရှိနိုင်စေရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ နေ့အလိုက်ပြသမည့် အချိန်၊ နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်း၊ ကြေးမုံတို့တွင်ဖော်ပြပါရှိမည့် နေ့စွဲ၊ စာမျက်နှာတို့ကို MOI Webportal Myanmar Facebook နှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Operating Management Co.,Ltd. တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသော MOI Call Center Hot Line (1883)တို့တွင် မေလ ၁၃ ရက်မှ စတင်၍ ပြည်သူများသို့ ကြိုတင်သတင်းပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

